
www.burmeseclassic.com



www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| အဖုံးဒီဇိုင်း | - | L လင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၇၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၆၀၊ စကားဝါလမ်း၊ အုံမြို့နယ်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

ရွှေအဥ္ဇလီ
ချစ်ပြုံး ညီတူ / ရွှေအဥ္ဇလီ ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၂
၂၆၀ - စာ ၊ ၁၂. ၅ × ၁၈. ၅ စင်တီ။
(၁) ချစ်ပြုံးရည်တူ

BURMESE CLASSIC .com

## အခန်း (၁)

"ငါ…ငါ ကြောက်တယ်နော် ယံယံ"

"မကြောက်ပါနဲ့ဆို၊ ရဲရဲစီးပါ မခ"

"နင်…မလွှတ်လိုက်နဲ့နော်"

"အေးပါ၊ နောက်က ကိုင်ထားတယ်၊ နင် ဘယ်ကိုမှ မကြည့်နဲ့၊ ရှေ့ကို တည့်တည့်ကြည့်၊ ဟာ…ဟာ ခါးကြီးက မစောင်းနဲ့လေ၊ အေး…ခြေနင်းကို အာရုံစိုက်ထား၊ မခ ခါး မစောင်းနဲ့ဆို"

"အေးပါ၊ ဒါပေမဲ့ ကြောက်ပြီး စောင်းသွားတာပဲကို"



www.burmeseclassic.com

www.burmeseclassic.com



"မကြောက်နဲ့၊ ငါရှိတယ်"

"နင်···မလွှတ်နဲ့"

ပန်းရောင်စက်ဘီးလေးပေါ်မှ ပန်းရောင်ဂါဝန်က ဇာနားတပ်လေးတွေနှင့်။ ပခုံးကျော်ရုံ ဆံပင်အိအိလေးတွေကို ပန်းရောင်ဖဲကြိုးလေးဖြင့် မြင့်မြင့်လေး စည်းထားတာမို့ လေအဝှေ့မှာ ပန်းရောင်ရှုံ့ သင်းနေသည်။ ယံယံက မခရဲ့စက်ဘီးကို နောက်ကကယ်ရီယာမှ တွန်းရင်း၊ ထိန်းရင်းက ခြေထောက်ကလည်း အမှီပြေးရ၊ ပါးစပ်ကလည်း မခ မကြောက်အောင် တတွတ်တွတ်အားပေးရနှင့် ကမ္ဘာလောကကြီးနှင့်တကွ ဘေးပတ်ဝန်းကျင်ကို မေ့နေ၏။

"နင် တအားကြောက်နေတာကိုး၊ ဟိုးမှာ ဘီဘီတောင်စီးတတ်သွားပြီ"

"ဘီဘီက ငါ့ထက်ပိုသတ္တိရှိတယ် ယံယံရဲ့"

"ဘီဘီကပိုတယ်ရှိဦးမလား။ သူက ငါတို့လိုတောင်မိဘစုံရှိတာမဟုတ်ဘူး"

အသက် ဆယ်နှစ်ပြည့်ခါစမို့ လူ့လောကအရေးနှင့်





ပိုနိုးစပ်လာပြီလို့ထင်ရပေမဲ့ လူကြီးတွေလောက်ပရိယာယ်မကြွယ်ကလေးငယ်လို့ မသိနားမလည်ခြင်းတွေမရှိသော အရွယ်လေးတွေကိုယ်စီ။

"ဒါပေမဲ့ အန်တီခမ်းက ငါ့အမေလို မဟုတ်ဘူး၊ အရမ်းထက်တယ်လို့ ငါကြားဖူးတယ် ပြီးတော့ ဘီဘီက နင်နဲ့ ငါ့လို မဟုတ်ဘူး"

"မဟုတ်ရအောင် ဘာဖြစ်နေလို့လဲ"

"ဟဲ့···ဘီဘီက မအေ တခွန်းဆိုတခွန်းပဲတဲ့၊ အဟိ···ငါနဲ့ တခြားစီတဲ့"

ယုယံက သူ့ဟာသူစကားတွေဖောင်ဖောင်ကြဲလျက်စက်ဘီးစီးနေသောအဖြစ်ကိုလဲမေ့။ ကြောက်ရမည့်အရေးမှလဲကင်းလွတ်ကာ စည်းချက်ကျကျ နင်းနေတဲ့အဖြစ်ကို ကြည့်ပြီး ယံယံက စိတ်ထဲသဘောကျသွားသည်။

"ယံယံရေ"

အားကိုတကြီးခေါ်တဲ့ အသံက ပန်းရောင်လေထုကိုဖြတ်သန်းဝင်ရောက်လာလေ။ ယံယံက စိုးရိမ်တကြီးလှည့်အကြည့်



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်ဝန်းထဲ အပြာရောင်အရိပ်လေးနှင့် အပြာရောင်စက်ဘီးလေးက ရိပ်ဆုံးဖြတ်ပြေးသွားသည်။

"ဘီဘီ.."

မခံ့ထံမှ ခေါ်သံတိုးတိုးလေး။

"သတိထား...ဘီဘီ...ရှေ့မှာ မြေချိုင့်ကြီးနဲ့"

ယံယံ၏ အော်ဟစ်သတိပေးခြင်းအဆုံးသတ်မှာ...

"ဘီ...ဘီ"

သူ့မြင်ကွင်းထဲ ယန်းရောင်နှင့် အပြာရောင်တွေ ပျောက်ရှသွားကာ အနီရင့်ရင့်... သွေးစက်များနှင့်။

• • •



BURMESE CLASSIC .com

## အခန်း (၂)

"ဘီ...ဘီ"

အော်သံကလည်းချောင်းဝမှ ရှန်းကန်ထွက်သွားသည်။ စိုးရိမ်ခြင်းကြောင့် အခုန်မြန်လာသောရင်သည် အိမ်မက်ဟုသတိရသည်အထိ အရှိန်မသေနိုင်သေး။ ယံယံက စားပွဲတင်နာရီလှမ်းကြည့်တော့ အခုမှ မနက်ခြောက်နာရီ။ ခါတိုင်းဆို ဒီလိုအချိန် ဒီလိုမနက်က သူ့အတွက် အိပ်မက်ကောင်းတွေမက်ကာ အိပ်ကောင်းဆဲ။ အခုတော့ ဘယ်လိုမှ ပြန်အိပ်လို့ မရမှန်းသိနေခြင်းကြောင့် ကိုယ်ပေါ်ရှိ ဂွမ်းကတ်လိုခွာထုတ်သည်။

ခုတင်ပေါ်က လင်း၍ ဝရန်တာဆီထွက်သော မှန်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



တံခါးကို တွန်းဖွင့်တာနှင့် သန့်စင်သောနံနက်ခင်းလေက သူ့ထံ အလုအယက် တိုးဝင်လာခဲ့ပေ။ ယံယံက စတီးဝရန်တာကို လက်ထောက်၍ မျက်နှာချင်းဆိုင်ရှိ ဆင်တူ တစ်ထပ်တိုက်အပု လေးနှစ်လုံးအား ငေးမောကြည့်သည်။ ပုံစံချင်းဆင်တူပေမဲ့ တစ်အိမ်က ပန်းနုရောင်။ တအိမ်ကတော့ အပြာရင့်ပေမယ့် ယံယံ မျက်စိထဲတော့ နှစ်အိမ်စလုံးက လှသည်။

"ဒီအိမ်နဲ့ခြံကို ရောင်းပြီး အမွေခွဲကြမယ်၊ ညီအစ်ကို နှစ်ယောက်ရှိတာ၊ တစ်ယောက်တစ်ဝက်စီပုံချရုံပဲ"

ဖေဖေနှင့်ဘကြီးတော်သူတို့က ထိုအိမ်ကလေးတွေရောင်း ရန်စီစဉ်တုံးဟာ ယံယံ ငါးနှစ်သား။ သူကတော့ အဲဒီကတည်းက ဘယ်ဟာသူ့အိမ်။ ဘယ်ဟာ ဘကြီးအိမ်ဆိုတာ ခွဲခြားမရအောင် အိမ်နှစ်အိမ်ကလဲဆင်တူ။ ကလေးဆို၍ သူတစ်ယောက်တည်းရှိ တာ ဘကြီးတို့လင်မယားကလည်း ကလေးမရှိတာမို့ ဟိုအိမ်ဒီအိမ် လည်ပတ်ရင်းသာ သူ့ငယ်ဘဝကို ကုန်ဆုံးခဲ့ရတာဖြစ်သည်။ တစ်ခြံတည်းမှာ အိမ်နှစ်လုံးက ဆင်တူမို့ တော်ရုံးရောင်းမထွက်ခဲ့ပဲ ဝယ်သူလာတော့လဲ နှစ်ဦးတပြိုင်တည်းဖြစ်နေပြန်သည်။





"ကျွန်တော်တို့က မိသားစု သိပ်မများဘူး၊ သုံးယောက် တည်း၊ အိမ်အကူနဲ့မှ လေးငါးယောက်ဆိုတော့ ဒီလောက်အိမ် လေးဆို အဆင်ပြေတယ်၊ ကြိုက်တာက အိမ်ရှေ့နဲ့ အနောက်မှ မြေနေရာပိုတာကို သဘောကျတာ"

"ဟုတ်တယ်၊ ကျွန်မတို့ ကလဲ နှစ်ယောက်တည်းရယ်၊ သမီးနဲ့ ကျွန်မပဲနေမှာ၊ မြေကျယ်တော့ ကလေးလည်း ကစားလို့ ရတာပေါ့"

ဝယ်သူတွေက စိတ်ကြိုက်ဖြစ်ကာ ယံယံတို့ခြံကို ချက်ချင်း စရံချသည်။ ယံယံတို့က မျက်နှာချင်းဆိုင်ရှိ ဒီနှစ်ထပ် တိုက်ကို ပြောင်းခဲ့တာမို့ နဂိုအိမ်လေးဆီ ဘယ်သူတွေရောက် လာမလဲဆိုတာ ကလေးပီပီ သူ စိတ်ဝင်စားခဲ့သည်။

"ရှေ့အိမ်ကိုလာမှာ သားနဲ့ရွယ်တူ ကလေးမလေး တွေတဲ့"

"ကလေးမလေးတွေဆိုတော့ ဘယ်နှစ်လဲ…အစ်ကို"

သမီးမိန်းကလေးဆိုရင် အသံကြားတာနဲ့ သည်းသည်း လှုပ်ချစ်တတ်သော မေမေဝင်မေးတာကိုလဲ သူအမှတ်ရရှိနေခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

"နှစ်ယောက်ကွ"

"အမွှာလား"

"မဟုတ်ဘူး၊ တစ်အိမ်တစ်ယောက်စီ"

"အမျိုးတွေမို့လို့လား"

ဖေဖေက ဒီမိန်းမ စပ်စုရန်ကောဆိုတဲ့ အကြည့်နဲ့ လှမ်းကြည့်သည်။

"ထူးဆန်းလို့ပါ၊ ရွယ်တူ တစ်အိမ်တစ်ယောက်ဆိုတော့"

"ဘာမှမတော်ဘူးဟေ့၊ တိုက်ဆိုင်တာ ဒီနှစ် ကျောင်းအပ်ရင်တောင် မင်း သားနဲ့ အတူအပ်ဖို့ အကူအညီတောင်းထားသေး"

"ကောင်းတာပေါ့၊ ယောက်ျားလေးချင်းရွယ်တူကျရင်...ချမှာ...ရန်ဖြစ်မှာ ပူရဦးမယ်၊ မိန်းကလေးတွေနဲ့ ပေါင်းတော့"

"အခြောက်ဖြစ်သွားမှာ တွေးပူပေါ့"





ဖေဖေပြောခဲ့ပေမဲ့ ဖေဖေပြောသလို သူ မဖြစ်ခဲ့ပါ။ ထိုမိန်းကလေးနှစ်ယောက်၏ အားကိုးရာသူရဲကောင်းအဖြစ်သို့ သူရောက်ရှိခဲ့သည်။

"ငါက အရောင်ထဲမှာဆို ပန်းရောင်ကိုကြိုက်တယ်၊ ပန်းရောင်လေးက အနီက ဆင်းသက်လာတာဆိုပေမယ့် ရဲရင့်တဲ့ နူးညံ့မှုတွေရှိသလို စိတ်ထဲမှာ ခံစားရတယ်"

စိတ်ကြိုက်အတိုင်းပင် အသားရောင်က ပန်းရောင်ပြေးသည်။ နှာတံချွန်ချွန်။ မျက်အိမ်ကျယ်ကယ်မှာ မျက်တောင်ကော့တွေက တမင်ချင်းသိသာစွာ မျက်ခုံးရှိနားအထိ ထိစပ်နေကာ နှုတ်ခမ်းပါးမှ ထွက်လာသမျှ စကားတိုင်းက မနူးညံ့တတ်။ ချစ်စရာကောင်းသလောက် ရန်စွာသူက သူရဲ့သူငယ်ချင်းမလေး မြမခပန်း။

"ငါကတော့ အပြာရောင်ကို အကြိုက်ဆုံး၊ ကြိုက်တာထက် ချစ်တာက ပိုမယ်သိလား၊ ငါက မခလို အကြောင်းပြချက်မရှိဘူးဆိုတော့ ကြိုက်တဲ့အဆင့်ထက်ကျော်သွားပြီး အချစ်မှာ အကြောင်းပြချက်မရှိဘူးလို့ ငါ စာတွေထဲမှာ ဖတ်ဖူးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ငါက အပြာရောင်ကိုကြိုက်တဲ့ အဆင့်က လွန်သွားပြီ၊ ချစ်တာ''

ထိုစကားစုကို မျက်ဝန်းတွေမှိတ်ပြီး လေးလေးနက်နက် ပြောတတ်သည်။ မျက်ဝန်းပြန်အဖွင့်မှာ ရီဝေရွှန်းလဲ့ခြင်းမျိုးနှင့် လည်း ယံယံကို ကြည့်တတ်ကာ သုံးယောက်သော ဒီသူငယ်ချင်း ထဲမှာ အချွဲနွဲ့ဆုံး၊ ကလေးအဆန်ဆုံး။ ပြီးတော့ လိုချင်တာတစ်ခုခု ကို ရအောင်ယူတတ်၊ နေတတ်။

''အေးပေါ့… ငါက မခ,လောက်မှ မချောတာ''

အသားက ညိုသေး။ ပါးမှာက အမာရွတ်လေးကရှိသေး တော့။ သနားစရာကောင်းသော မျက်နှာနှင့်စကားကို တစ်ဝက်မှာ ရပ်ပြီး မျက်ရည်ဝဲပြတိုင်း သူနှင့် မခ,က ပျာပျာသလဲ ချော့ရ အရှုံးပေးကြရသည်။ ဘီဘီရဲ့ အမာရွတ်ဖြစ်ရခြင်း ကြောင်းက သူတို့ပယောဂမကင်းဟု ခံယူထားခြင်းကြောင့်ဖြစ်သည်။

''အဲဒီလို မဟုတ်ပါဘူး… ဘီဘီရယ်။ နင်က ညိုချော လေး။ ပြီးတော့အမာရွတ်က ရုပ်ဆိုးလောက်အောင်မှ မဟုတ်တာ။ မသိရင် ပါးချိုင့်လေးလို့တောင် ထင်ရမှာနော် မခ''





မခ,က မြန်မြန်ဆန်ဆန် ခေါင်းညိတ်သည်။

''အေးလေ၊ နင့်ကို အရုပ်အမောင်းနဲ့ရော ကိုယ်လုံးနဲ့ပါ ယှဉ်ရင်ငါ ထိုင်ငိုလောက်တယ်၊ နင်ဟာ လှပြီးသား''

လူကျအောင် စကားလုံးနဲ့ မဆွဲညှိုတတ်၊ မခ, ကတော့ ရိုးရှင်းစွာ ဝင်ချော့၏။

''ဒါပေမဲ့ နင်က အရုပ်မလေးနဲ့တူတယ်၊ မြင်တဲ့သူ တိုင်းက နှစ်ခါပြန်ငေးရတာ မျက်နှာမြင်ချစ်ခင်ပါစေဆိုတဲ့ ဆုနဲ့ကို နင်ကပြည့်စုံနေတာ၊ အခုတောင်ကြည့်ပါလား၊ ယံယံက နင်ဘာ ပြောပြော ခေါင်းညိတ်ချင်တဲ့ ရုပ်နဲ့''

ဘီဘီတို့ စကားနာထိုးလျှင် ယံယံက အရှက်ပြေမျက်နှာ နီနီနှင့် ရယ်ချင်တော့ မခက သူ့အကျီကော်လံမရင်း ခပ်သဲ့သဲ့ ပြုံးသည်။

''နင် ပြောမှ ကိုယ့်အကြောင်းကိုယ် သိတော့တယ်၊ ဒါပေမဲ့ ယံယံက''

''ဘီဘီဘက်ကပဲ အဲ့ဒါသေချာတယ်''

ဘီဘီနှင့် ပခုံးချင်းတိုက်ပြီး အနိုင်ပေးရပေမယ့် သူ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲရှိခဲ့တာ မခ၊ အရွယ်၏ ပြောင်းလဲခြင်း အစက ရင်ခုန်သံဟု သူသိထားသည်။ ထို့ကြောင့် သူ့ရင်ခုန်သံ မြစ်ဖျားခံခြင်းက မခဖြစ်ပေမဲ့ ဦးစားပေးအဆင့်တစ် နေရာရှိခဲ့တာက ဂမ္ဘီရကျော်ဇောဟုခေါ်သော ဘီဘီ ဖြစ်ခဲ့ပြန်သည်။

အချစ်နှင့် ဦးစားပေးရေးက သိပ်တော့မဆိုင်ဟု ယံယံထင်သည်။

■ ■ ■



## အခန်း (၃)

"အသည်း…စား"။

"ဘာ"

မခ‚ က သူကမ်းပေးသော တုတ်ထိုးကို လှမ်းမယူ။ ပေစောင်းစောင်းနှင့် ဘာခန့် အော်တော့ ယံယံက မျက်ခုံးပင့်ပြီး လက်ထဲမှ တုတ်ထိုးကို ထုပ်ထိုးပေးသည်။

"ဒီမှာ အသည်းလေ၊ နင့်စားဖို့"

"စကားကို ရှင်းရှင်းပြော"

မျက်စောင်းထိုးရင်း တုတ်ထိုးကို ဆတ်ခနဲဆွဲယူကာ အချဉ်ပုလင်း ထဲအားပါးတရ နှစ်ပြီးမှ ပါးစပ်ထဲထည့်ဝါးနေသော



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းနီနီ ထွေးထွေးလေး ရဲ့မို့နေတာကို ယံယံက သားနားမှုနေ၍ တမေ့တမော ငေးသည်။ ဒီလိုနီးနီးကပ်ကပ်နေရတိုင်း ဒီလို သားပတ်ဝန်းကျင်ရဲ့ အနှောက်အယှက်ကင်းကင်းနှင့် ငေးမောခွင့်ရ တိုင်း ရင်ခုန်သံက အသက်ရှုရဲမရှုဝံ့တဲ့အထိ မြန်ဆန်ကြမ်းတမ်း လာရသည်။

ပါးပြင်မွတ်မွတ်က အနီးကပ်ကြည့်တိုင်း သွေးကြော စိမ်းတွေလည်း ဖြာနေတာလဲ တွေ့ရသည်။ နှာတံက မျက်ခုံးရင်း နှစ်ခုကြားမှ စင်းနေအောင်ကျသွားကာ နှာတံထိပ်ဖျားမှာ ကော့ တက်သွားတာကြောင့် နှုတ်ခမ်းဖူးဖူးက အရာထင်ကာ ပိုလှပသွား သည်။ ဆေးသားကူစရာမလိုသော မျက်တောင်ကော့တွေနှင့် မျက်ဝန်းတွေက အမြဲတစေ အရောင်လက်ကြည်လင်နေကာ အဲဒီ နီရဲနုထွေးသော နှုတ်ခမ်းတွေကြောင့် မခ,က အရုပ်လေးတစ်ရုပ် နှင့် တူသွားတာဖြစ်၏။

"ဟဲ့…ဘာကြည့်နေတာလဲ၊ နင်လည်း စားလေ၊ ငါ့ ရှင်းမှာတော့ မဟုတ်ဘူးနော် ယံယံ"

မခ,က ဆတ်ခနဲ့လှည့်ကြည့်ပြောရင်း တုတ်ထိုးကို ဆက်





ရွေးနေပြီးမှ နံဘေးရှိ ယံယံလှုပ်ရှားမှု ငြိမ်သက်နေခြင်းကြောင့် ခေါင်းငုံ့စောင်းကြည့်သည်။ မခ,ရင်ထဲ ဒုတ်ခနဲ မြည်သွားသည်။ ဒီမျက်ဝန်း၊ ဒီအကြည်တွေကြောင့် လူက မကြာခဏလက်ဖျား ခြေဖျားတွေအေးဝက်သွားရစမြဲ။ ခက်တာက အဲဒီခံစားချက်မျိုးကို အထက်တန်းကျောင်းသူဘဝမှ အခုထိ ခံစားနေရပေမဲ့ ရိုးအီမ သွားတာတော့ အံ့သြစရာ။ ရင်ခုန်သံသည် ကာလတန်ဖိုးနှင့် အလိုက် တဖြည်းဖြည်းမြင့်တက်လာမည်ဆိုလျှင် ခုလောက်ဆို အဘယ်မျှ တန်ဖိုးကြီးနေပြီလည်းမသိ။ မခ,က ကတုန်ကယင်ဖြစ် လာတဲ့လက်ကို အချင်းချင်းပြန်ဆုပ်ကိုင်ထားကာ…။

"ယံယံ"

တိုးတိတ်စွာခေါ်သည်။ သူမတို့နှစ်ယောက်ကို အကဲ ခတ်နေသော တုတ်ထိုးသည် ဦးလေးကြီးမမြင်အောင် ခြေထောက် ချင်း ပစ်တိုက်လိုက်မှ ယံယံ သတိတွေဝင်လာ၏။

"အင်း … နင်စားပြီးရင် သွားမယ်လေ"

"ဟ…သွားကြတော့မလို့လား၊ ဟိုတစ်ယောက်ပါရင် ဈေးဗန်းထက်ဝက်ကျိုးအောင် စားတာ၊ ဟိုတစ်ယောက် ဘာလို့



www.burmeseclassic.com

www.burmeseclassic.com



မလိုက်လာတာလဲ''

မခ,က တုတ်ထိုးတစ်ချောင်း လက်စသတ်ဝါးရင်းယံယံ လှမ်းကြည့်တာ သူများဖြေမလားလို့။ ဒါပေမဲ့ ယံယံက ပိုက်ဆံထုတ်ရင်း အလုပ်ရှုပ်နေ၏။

''သူကြည့်နေတဲ့ ကိုရီးယားဇာတ်လမ်းတွဲက ကောင်းခန်းရောက်နေလို့တဲ့''

တကယ်တော့ ဘီဘီက ဆင်ခြေပေး၍ သူမနှင့်လိုက်မယ့်လမ်းကို ရှောင်မှန်း မခ,သိပြီးသား။ မခ,ကတော့ ဘယ်တော့မှ ဝတ္တရားမပျက်။ ဘယ်သွားသွား ဘယ်လာလာ ဘီဘီကို အသိပေးပြီး ခေါ်ခဲ့တာတောင် မချောက စစ်ဆေးရေးဝင်နေသည်။

''နင်တယောက်တည်း သွားစားမှာလား''

မခ,က ဘယ်နေရာမဆို ပရိယာယ်မဲ့စွာ ကောက်တွေ့မတွေးတတ်သူအဖြစ် ယံယံ အမေးကို ချက်ချင်းခေါင်းညိတ်၏။

''အင်း…ပျင်းလဲပျင်း၊ ဗိုလ်လဲဆာလို့၊ ယံယံလည်းမရှိဘူး၊ သူ့စက်ဘီး ဆေးရောင်ပြောင်းမလို့ဆိုလားပဲ သွားလေရဲ့''

''ဟွန့်…ယံယံ မရှိလို့ ငါ့ကိုခေါ်တာမဟုတ်လား''





ဂျာကင်အိတ်ထဲ လက်နှိုက်ထားတဲ့သူမကို မျက်စောင်းထွန်းပြီး ရန်စွာလိုက်သေးသည်။

''ပေါက်ကရနော်…ဘီဘီ၊ နင့်ကို အမြဲဦးစားပေးခေါ်တာ၊ ယံယံသိလို့ လိုက်လာတာပဲရှိတာကိုး''

''ဒါဖြင့် ငါ မလိုက်ရင် နင်တစ်ယောက်တည်းပေါ့''

''အေး…ပါ…ဆို''

မခ,က အတည်ကြီး ခေါင်းညိတ်ပြတာ မျှော်လင့်ချက်နဲ့ပါ။ တီဗီရှေ့ပျင်းရိပျင်းတွဲနဲ့ လှဲနေသူ…ဘီဘီများ ကောက်ခနဲထလိုက်မလားလို့တွေးပေမယ့် ဘီဘီကတော့ မွေ့ရာပေါ် ဟိုဒီလူးလိမ့်၍…

''ယံယံ မပါရင် ပျင်းစရာကြီး၊ ပြီးတော့ ငါက နင့်ရဲ့အဖော်အဖြစ် လိုက်ပေးရမှာ၊ မနိပ်ပါဘူး၊ သွား…တစ်ဇွတည်းဒိုး''

ပြောပုံက ရက်ရက်စက်စက် ပစ်ပစ်ခါခါ။ ငြင်းပြီးသားကို ထပ်ခေါ်လည်း မရမှာမို့ မခ,က စိတ်လျှော့ပြီး ထွက်လာရပေမယ့် တစ်ယောက်တည်းဆိုတော့ ပျင်းတာတော့ အပျင်းသား။



www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်ဝက်ရောက်မှ ပြန်လှည့်ရန် စိတ်ကူးပေါ်ပေမယ့် ကိုယ့်အပေါ် အမြဲဥပက္ခာပြုတတ်တဲ့ ဘိဘိကို စိတ်နာတာနဲ့ပင် ဘုတ်ထိုးဆိုင်ရောက်အောင် လာခဲ့သည်။ ဖြစ်ချင်တော့ ဆိုင်ရှေ့ ရောက်ရောက်ချင်းပဲ ယံယံနှင့် တန်းတိုးသည်။

"နှစ်ယောက်စားတာ ဟိုတယောက်စာတောင် မရှိဘူး၊ နောက်တစ်ခါ လာအားပေးရင် ဟိုတစ်ယောက်ပါ ခေါ်ခဲ့ကြနော်၊ ဒါမှ ငါ ရောင်းကောင်းမှာ"

ဈေးသည် ဦးလေးကြီးရဲ့ စကားသံကြောင့် စိတ်တွေ အတိုက်အခံ ခြေဆန့်နေရာမှ တစ်ပတ်ပြန်လည်လာသည်။ မခ,က အိမ်ပြန်ရာလမ်းကြောင်းကို ခြေဦးတည်လိုက်သည်။

"မခ"

"ဟင်"

ထူးပြီးလှည့်ကြည့်တော့ ယံယံက သူမနှင့် ဆန့်ကျင်ဘက်အရပ်ဆီ မျက်နှာမူသည်။

"စက်ဘီးပေါ် တက်"

"ပြန်မယ်လေဟာ"





"ဟိုးဘက်…ခဏသွားရအောင်"

မခ,က အထွေအထူး မေးမနေတော့ဘဲ ကယ်ရီယာ နောက် တက်ထိုင်တာနှင့်ယံယံက စက်ဘီးစနင်းသည်။ ယံယံ နောက်ပါးမှာ အခုလို သူမထိုင်စီးတာ အလွန်ရှားပါးသောဖြစ်ရပ်။ စက်ဘီးကိုယ်စီနဲ့ ထွက်မယ်ကြံတိုင်း ယံယံနောက်က အမြဲလိုက် သည်။

"ငါက ခဏခဏ မှောက်တတ်တယ်၊ ဒီတော့ စက်ဘီး စီးကျွမ်းကျင်တဲ့ ယံယံနောက်ကပဲ ထိုင်စီးတာ အန္တရာယ်အကင်း ဆုံး"

ယံယံနောက်က ကယ်ရီယာကို ဘိဘိက အမြဲကန့်ထ ရိုက်ဆွဲဦးထားတတ်သည်။ အခုတော့ ညနေခင်းရဲ့ လိမ္မော်ရောင် ဖျော့ဖျော့အောက်မှာ နွေလေညင်းက အေးရုံမကပဲ မွှေးနေ၏။ ဘေးပတ်ဝန်းကျင်က မြင်နေကျပေမယ့် နေရောင်နှင့် လေရနံ့တို့ ကြောင့် သာသာယာယာ။ ယံယံက ဆေးကျောင်းသူတွေနေသော အဆောင်တွေဘက်ရှိ ကွန်ကရစ်လမ်းလေးဆီထိ နင်းလာခဲ့သည်။

ထိုလမ်းလေးက သူမတို့ရပ်ကွက်ထဲတွင် ချစ်သူ့လမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြားဟု အမည်တွင်သည်။ လူသွားလမ်း သက်သက် မဟုတ်ပေမယ့် လမ်းကျဉ်းခြင်းကြောင်း ကားတွေဘာတွေ အဝင်နည်းသည်။ လမ်းဘေးက စက်ဘီးစီးခြင်းနှင့် လမ်းလျှောက်ခြင်းသာ အသုံးပြု၍ သပ်ရပ်သန့်ရှင်းကာ အေးအေးချမ်းချမ်း ရှိလှပေ၏။ ယံယံက လမ်းဘေးဗန်ဒါရိပ်လေးမှာ စက်ဘီးရပ်ပြီး။

"ခဏဆင်းပါဦး။ ငါ...နင့်ကိုပြောစရာရှိလို့"

တီရှပ်အဖြူက ခါးတိုတို လိမ္မော်ရောင်ဂျင်း ကျပ် ကျပ်နှင့် တွဲဝတ်ထားတဲ့ မခ,က ကယ်ရီယာပေါ်မှ ပေါ့ပေါ့ပါးပါး ခုန်ဆင်းသည်။ ဘေးခွဲဆံပင်အတိုက နဖူးတစ်ခြမ်းကို တစောင်း အုပ်ထားသည့် အီမိုကေအား ဖန်းဆီရောင်ရင့်ရင့် ကာလာ တင်ထားသဖြင့် ဖြူသောအသားကို ပို၍ ထင်းခနဲဖြစ်စေသည်။

"ဘာပြောမလို့လဲ ပြော"

မေးဆတ်ကာမေးပြီးမှ တိတ်ဆိတ်ခြင်းနောက်မှာ ရူးစိုက် ရှိဝေသော မိုးယံရဲ့ အကြည့်ကြောင့် မခ,ရင်ခုန်သံတွေ ကသောင်း ကနင်း ဖြစ်သွားသည်။ ငယ်သူငယ်ချင်း မှန်သည်၊ ရင်းနှီးစွာ ပေါင်းဖော်ခဲ့ကြတာလည်း တကယ်ပါ။ သို့သော်...





"မခ"

တိုးတိမ်တုန်ရီသော အသံဟာ မခ,ရဲ့ နှလုံးသားအား ဆွဲခါ၍ဖျစ်ညှစ်ပစ်လိုက်သည်။ ရှေ့ဖြစ်တွေကြိုမြင်ရတဲ့သူလို မိုးယံ ဘာပြောမည်ဆိုတာ သိသိကြီးနှင့် ထိုအသိတရားမှရုန်းမထွက်နိုင်။

"ငါ...ငါလေ...နင့်ကို"

ရင်ခုန်သံ အမြန်ဆုံးနှုန်းနှင့် နှလုံးသားကို ဘယ်နှစ်ကြိမ် ပတ်နေပြီလဲမသိ။ မခ,လက်ကို မိုးယံဆုပ်ကိုင်တာသိသည်။ ရင် ခုန်ရလွန်း၍ ခေါင်းတွေမူးနောက်ကာ မျက်ဝန်းတွေပြာဝေလာ ပေမယ့် မခ,သူ့ကို ရဲရဲမကြည့်ဝံ့၍ မျက်လွှာချလိုက်သည်။

"ဟေး"

အော်သံတစ်ခုက နှစ်ယောက်ကြားသို့ အရှိန်ပြင်းပြင်း ဝင်လေ၏။

"ဟေး မခ"

"ဟင်...ဘီဘီ"

သူတို့နှစ်ယောက်ဘာမှ မပြောလိုက်ခင် ဘီဘီ စက်ဘီး က သူတို့နားမှာ နီးနီးကပ်ကပ်ထိုးရပ်သွား၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"နင်ရှပ်က အဲ့ဒါ ဘာဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ ဘီဘီရဲ့"

"ဟွန့်…ငါသိပါတယ်နော်"

"ရော်…ခက်ပြီ၊ နောက်ကထိုင်လိုက်ပြီး ဘာတွေ သိနေတာလဲ ဘီဘီရယ်"

ဘီဘီက သူမအပေါ်ဆို အမြဲတမ်းစိတ်ရှည်သည်းခံခြင်းတွေနဲ့သာ ဆက်ဆံတတ်သော မိုးယံပါးစပ်က အင်္ကျီစကို လက်နှစ်ဖက်နှင့် စုဆွဲကိုင်ရင်း ကျောပြင်ဆီပါးအပ်သည်။

"နင်…မခ,ကို စက်ဘီးတစ်စီးနဲ့ သပ်သပ်နင်းခိုင်းရလို့



www.burmeseclassic.com

www.burmeseclassic.com



နင်စိတ်မကောင်းဖြစ်နေတယ် မဟုတ်လားဟင်”

စိတ်မကောင်းဖြစ်ရုံတင် ဘယ်ကမလဲ ဘီဘီရယ်လို့ ရင်ထဲက အသံတိတ်ညည်းတွားခြင်းက ရင်ထဲမှာသာ ပွဲတင်ထပ်နေသည်။ ချစ်ရေးဆိုဖို့ အခါအခွင့်လည်းသင့်သည်။ ရင်ခုန်သံကလည်း ပြင်းပြင်းပြပြ အားပေးသည်။ မခနှင့် သူလည်း မျက်ဝန်းချင်း နားလည်သလိုမျိုး ခံစားရခြင်း နားမလည်ခဲ့တာကို ကိုယ်စီ ရင်ထဲ သိမ်းဆည်းလိုက်ရသည်။

“ဆောရီးပါဟာ၊ ငါ့လို အမြင်မလှတဲ့သူကို တင်နှင်းရင် အမောမပြေတဲ့အပြင် နင် ပိုတောင် ပင်ပန်းဦးမယ်ဆိုတာ ငါ သိရက်သားနဲ့၊ ငါကလည်း စက်ဘီးစီးတာက ငယ်ငယ်ကမှောက်ခဲ့တဲ့အကြောင်းပြန်တွေးရင် ရောက်တဲ့နေရာမှာ ထပ်မှောက်တတ်တာ နင်အသိမဟုတ်လား၊ အဲ့ဒါကြောင့် ငါ့မောင်းတိန်း ဘီးကို မခ,ကို နင်းခိုင်းလိုက်တာပါဟာ၊ ဟို နင် အဆင်မပြေရင်”

“ဘာအဆင်မပြေစရာရှိလို့လဲ”

ထိုစကားဟာ ယံယံနှုတ်ဖျားမှ ဘယ်လိုလွယ်လွယ် ကူကူ ထွက်ကျသွားလဲမသိ။ ရင်ထဲမှာ အဆင်မပြေတာကိုယ်တိုင်





အသိဆုံးဖြစ်ရက်နဲ့ ဘီဘီထိုသို့ပြောတိုင်း သူမှာ ငြင်းဆန်ရန် အင်အားမဲ့ခဲ့ရသည်။ ကြာခဲ့ပြီဖြစ်ပေမဲ့ ဒီနေ့အထိ ဘီဘီရဲ့သွေးသံရဲရဲမျက်နှာအား အာရုံမှ ဖျောက်မရခဲ့။ ထိုစဉ်တုံးက ကျောက်ချွန်းနှင့် ပါးတစ်ဖက်အပ်ကျခဲ့သောကြောင့် ဘီဘီပါးမှာ လက်ညှိုးတစ်ချောင်းစာ ကွဲထွက်သွားခဲ့သည်။ သွေးတွေနှင့် မျက်ရည်တွေရောထွေးစိုရွှဲကာ အန်တီကျော့် ရင်ခွင်ထဲ တိုးဝင်ငိုနေသော ဘီဘီကိုကြည့်ရင်း ဒါဟာ သူ့အပြစ်မကင်းဆိုတဲ့ မှတ်ချက်က ရင်ဘတ်မှာ တစ်ထိုင်တည်း အမြစ်တွယ်သည်။

“ကလေးချင်းဆိုတော့ ထိမိခိုက်မိ ဒီလောက်တော့ ရှိမှာပေါ့၊ ယုနဲ့ ဒေဝီတို့ကလည်း သားနဲ့သမီးကို မဆူပါနဲ့၊ တမင်နာစေချင်လို့လုပ်တာမှ မဟုတ်တာ”

အန်တီကျော့် သဘောထားကြီးပြ လေလေ၊ သူတို့ရောနှစ်ဖက်မိဘတွေကပါ အားနာရလေလေ။ ထုံဆေးအကူအညီနဲ့ ဘီဘီ ပါးဒဏ်ရာကို နှစ်ချက်ချုပ်လိုက်ရသည်။ ညိုစိမ့်စိမ့်ပါးပြင်လေးက ချုပ်ရိုးရာလေးကိုကြည့်ရင်း အန်တီကျော့်ကဖြင့် ယူကျုံးမရသော အသံဖြင့်၏။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးဆိုတော့ ကြီးတဲ့အထိ အမာရွတ်ထင်သွားမှာ စိုးရိမ်မိတယ် ယုရယ်၊ ကျော် သမီးက ဒေဝီသမီးလေးလို အရမ်းမချောပါဘူးဆိုမှ ဒဏ်ရာက ပါးပေါ်တည့်တည့်မှာ"

ဖေဖေ့ကို တိုင်တည်ပြောခဲ့တာလဲ…သူ… မှတ်မိသည်။ ယုံအကြောင်းအရာတွေကြောင့် ယံယံက မခနှင့် ဘီဘီ ယှဉ်လျှင် အားငယ်သူ ဖေးကူခဲ့တာ ရိုးရာဖြစ်သည်။

"ဘီ…ဘီ"

"အင်"

လည်ချောင်းထဲမှ ပွင့်ထွက်လာတဲ့ အသံဖြင့် ဘီဘီက ထူးသည်။ မိုးယံက အိမ်ဘက်ဆီငဲ့တည်သော လမ်းသွယ်လေးထဲ စက်ဘီးချိုးကွေ့သည်။

"ဘာမှ တွေးမနေနဲ့ … မခနဲ့ နင်ဆိုရင် နင့်ကိုစက်ဘီးပေါ်တောင် ပိုတင်နင်းချင်သေး"

"တကယ်"

"တကယ်ပေါ့ဟ၊ နင့်ကိုယ်က မခထက်စာရင်ပိုတောင်ပေါ့သေး"





"မဟုတ်တာ။ မခ,က ငါ့ထက်စာရင်ပိုပုပြီး ပိုတောင်သေးသေးတာ"

"အေး…ဒါပေမဲ့ သေးတဲ့လူတွေ လေးတာကျတော့ နင် မသိဘူးမဟုတ်လား"

"သေးတဲ့လူ…လေးတယ်"

"အေး…မှတ်ထားလိုက်"

စက်ဘီးကို ခြေထောက်တဖက်နဲ့ ထိန်းထောက်ရပ်ပေးတော့မှ ဘီဘီက စက်ဘီးပေါ်မှဆင်းကာ သွားဘေးလာရပ်သည်။ အဖြူခံပေါ် အနက်အစက်လေးတွေပါသော ဂါဝန်တိုတို ခါးနားမှာ ခါးပတ်အမည်းကြီးနှင့် ပတ်စည်းထားသည်။ ဒူးကျ အသားကပ်ဘောင်းဘီအမည်းမှာ မင်းဂွတ်သီးရောင်ရှိတဲ့ ကျောလွယ်ခန့်ရှည်ဆံပင်တွေနှင့် အပြုံးက ဝင်လုဆဲနေရောင်နှင့်အပြိုင် တောက်ပလွန်း၏။

"အင်း…မှတ်ထားရမယ်၊ နင် ပြောတာနဲ့တင် ငါ အရမ်းပျော်သွားပြီ သိလား၊ ယံယံ…ငါကနင့်အတွက် တကယ်အရေးပါတယ်ပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့...ဒီလောက်ခင်စရာကောင်းတဲ့ သူငယ်ချင်း မလေး...ငါ့အတွက် အရေးမပါပဲနေမလား"

ယံယံက သူမဦးခေါင်းကို အုပ်မိုးရမ်းခါရင်း ပြောတာလိုအပြုံးနှင့် ကြည်ကြည်နူးနူးခံယူရင်းက ဘီဘီမျက်ဝန်းထောင့်မှာ ရိပ်ခနဲရပ်သွားတဲ့ စက်ဘီးလေးနှင့် အဖြူရောင်အရိပ်လေးကို မကြည့်သော်လည်း မြင်နေ၏။

ဆောရီး မခ...ဘာပဲဖြစ်ဖြစ် ယံယံရင်ထဲ ငါ နံပါတ်တစ်ဖြစ်ဖို့က အရေးကြီးဆုံးမို့ပါ။

■ ■ ■



## အခန်း (၅)

"ဂမ္ဘီကျော်စော"

ဘီဘီက နီညိုရောင် သားရေအဖုံးပေါ် နာမည်ကို ကြည့်ပြီး ရင်ထဲကြက်သီးဖျန်းခနဲ ထသွားသည်။

"သမီးကို မွေးတုန်းက မေမေ့စိတ်ဟာ ဒဿဂီရိရဲ့ညီမ အတိုင်းပဲ၊ ကြမ်းတမ်းခက်ထန်ပြီး ဒေါသအရမ်းကြီးတယ်၊ ဒါပေမဲ့ စိတ်ထဲရှိသလောက် မုန်းသူတွေကို လက်တုံ့ပြန်ခွင့်မရခဲ့ဘူး၊ အဲဒီအခါ ဒေါသနဲ့ယှဉ်တဲ့ ဝမ်းနည်းခြင်းဟာ လူကို ဆွဲချသွားသလို အားငယ်သွားစေတယ်၊ အဲဒီအားငယ်ခြင်းတွေကို မာယာတွေနဲ့ မေမေပေါင်းပြီး အသုံးချကြည့်တဲ့အခါ အံ့ဩစရာကြီး သမီးရဲ့



www.burmeseclassic.com

လူတစ်ယောက်ရဲ့ ဘဝကိုတင်မဟုတ်ဘူး၊ စိတ်…စိတ်ကိုပါ မေမေ သတ်နိုင်ခဲ့တယ်”

ဒေါ်ခင်ကျော်ဇော်မှာ အောင်ကျော်ဇော်ဆိုသည့် အစ်ကို ကလွဲ၍ မိဘမဲ့ခဲ့တာ ငယ်စဉ်ကတည်းက မောင်နှမနှစ်ယောက် ဆိုးတိုင်ပင် ကောင်းတိုင်ပင်ရင်း ဘဝကို မယိမ်းမယိုင် လျှောက်လှမ်းခဲ့သည်။ အရွယ်ရောက်လာတော့ ဘီဘီ ဖခင်ဖြစ်သူနှင့် ဒေါ်ခင်ကျော်ဇော် အိမ်ထောင်ကျခဲ့၏။

သမီးယောက်မချင်း မတည့်တာဟာ သဘာဝကျပေမဲ့ ဘီဘီဦးလေးနှင့် ဖခင်ကျတော့ မတည့်အတူနေဟု ပြောရမည်လားမသိတော့။ ညီမကို အချစ်လွန်သော အစ်ကိုနှင့် သူ့ကို သူ့ဆိုပဲ အားကိုးစေချင်တဲ့ ခင်ပွန်းသည်ကြားမှာ ဒေါ်ခင်ကျော်ဇော် ဗျာများခဲ့ရသည်။ ထိုဗျာများခြင်းက တစ်စထက်တစ်စ အဆိပ်သင့်လာတာ ဒေါ်ခင်ကျော်ဇော်ပင် ဖြစ်၏။

ယောက်ျားဖြစ်သူရဲ့ ချုပ်ချယ်ခြင်း ဝန်တိုခြင်းတွေကြားနစ်မွန်း၍ အစ်ကိုအား ရင်ဖွင့်သောအချိန်မှာ ဘီဘီက တစ်နှစ် သမီးအရွယ်။ အစ်ကိုနှင့် ခင်ပွန်းသည်တို့ရဲ့ ရန်ပွဲက ဖြစ်ခဲ့သမျှ





အထဲမှာ အကြီးကျယ်ဆုံးဖြစ်ခဲ့ပြီးနောက် ဒေါသ၏ နောက်ဆက်တွဲမှာ ခင်ပွန်းဖြစ်သူက အစ်ကိုကို ဓါးမိန်ခြေပစ်ခဲ့သည်။ လူ့အသက် သတ်ခြင်းရဲ့ အပြစ်ဒဏ်ခံရသော ခင်ပွန်းသည်အား သွားလည်း မတွေ့။ ဥပက္ခာပြုထားခြင်းဖြင့် ဘီဘီအဖေက အချစ်ကြီး၍ အမျက်ကြီးသောဒဏ်နှင့်ပင် ချုပ်ရက်မပြည့်ခင်ဘဲ ထောင်ထဲမှာ ကွယ်လွန်သွားခဲ့၏။ ထို့ကြောင့် ဘီဘီမှာ အဖေဆိုတာလည်း မမြင်ဖူး၊ မမှတ်မိခဲ့။ ဘီဘီဘဝမှာ အားကိုးရာက မေမေ။ ဘီဘီ အထင်ကြီးလေးစားတာ မေမေ။

“လောကမှာ ပြိုင်ဘက်ကို အလဲထိုးဖို့အခွင့်အရေးက နှစ်ရပ်ရှိတယ်၊ သမီးရဲ့…မှတ်ထား၊ အနိုင်မခံ အရှုံးမပေးဘဲ အားမာန်အပြည့်နဲ့ တိုက်ခိုက်တာမျိုးရယ် နောက်တစ်နည်းက အလစ်ဝင်တိုက်တာမျိုးပေါ့၊ အခု မေမေ့ဘီဘီမှာ ပြိုင်ဘက် ဆိုတာ ရှိလာပြီ”

မေမေ စပြောစဉ်က ဒီအိမ်လေးကို စရောက်လာသော အချိန်မှတ်မှတ်ရရ ဘီဘီ သူငယ်တန်းကို မိုးယံတို့ မခတို့နှင့်အတူ တက်ရမည့်နေ့…။

www.burmeseclassic.com



"ဘီဘီရဲ့ ပြိုင်ဘက်က အရမ်းအားသာချက်တွေများ လွန်းနေတာတော့ မေမေစိတ်မကောင်းဘူး သမီးရယ်"

"ဘီဘီ ပြိုင်ဘက်က ဘယ်သူလဲ…မေမေ"

အဲဒီအရွယ်၊ အဲဒီစိတ်ခံစားချက်တွေက အင်မတန် ရိုးစင်းလှပါသည်။ အဖြူရောင်မို့ စွန်းစေချင်သောအရောင် တစ်စက်လေး ကျသွားတာနှင့် တခဏချင်း ပေလွယ်ညစ်လွယ် ပြောင်းလဲလွယ်သည့်အရွယ်။ ဖေဖေက ဘီဘီပါးနှစ်ဖက်ကို လက်ဝါးနှစ်ဖက်ထဲ ထည့်ညှပ်လိုက်သည်။

"မြေမခပန်းပေါ့ ဘီဘီရဲ့၊ တခြားဘယ်သူရှိရမှာလဲ"

"မခ"

သံယောင်လိုက်ရွတ်သော ဘီဘီ မျက်ဝန်းတွေထဲ မေမေက တည့်တည့်စိုက်ကြည့်သောအခါ ဘီဘီရင်ထဲ ကတုန်ကယင်ကြီး ဖြစ်လာရ၏။ တုန်လှုပ်ခြင်း၊ ကြောက်ရွံ့ခြင်းဆိုတာတွေကြောင့်မဟုတ်ဘဲ မခ,အား မြင်ယောင်ကာ မေမေပြောသော ပြိုင်ဘက်အဖြစ် သတ်မှတ်ပြီးတဲ့နောက် အရှုံးကြီး ရှုံးမှာစိုးရိမ်ခြင်းဖြစ်ပေ။





"ဟုတ်တယ် သမီး၊ သူက သမီးထက် အစစအရာရာ ပြည့်စုံတယ်လေ"

"အဲဒါတော့ဟုတ်တယ် မေမေ၊ ဘီဘီမှာ အဖေမရှိဘူး၊ သူ့မှာ အဖေရှိတယ်၊ ပြီးတော့ သူ့အဖေရော အမေရောက မခ ,ကို အရမ်းချစ်ကြတာ မေမေရဲ့၊ ပြီးတော့ ယံယံအမေ အန်တီယုကလည်း မခကိုဆို အရမ်းနမ်းတာပဲ၊ သနပ်ခါးလည်း လိမ်းပေးတယ်၊ ချောကလက်ဆိုလည်း ပိုကြီးတာကျွေးတယ်၊ အိုက်စ်ခရင်း(မ်)တောင် မခ ,မကြိုက်တဲ့ ဒူးရင်းဆို ဘီဘီပဲ စားရတယ်။ မခ ,ကြိုက်တဲ့ နို့ကျတော့ ဘီဘီကိုဘယ်တော့မှ မကျွေးဘူး"

မေမေ့ကို တိုင်ခြင်းလဲမမည်၊ ကလေးမို့ အားကိုးတကြီးရင်ဖွင့်ခဲ့တာမျိုးဖြစ်မည်။ မေမေကတော့ သဘောကျစွာ ပြုံးခြင်းမျိုးမဟုတ်သော နှုတ်ခမ်းကို အမြန်လိုက်ဆွဲဆန့်ပြီးမှ ပြုံးသည်။

"အဲဒါကြောင့် မေမေပြောတာပေါ့၊ သမီးရဲ့ပြိုင်ဘက်က သမီးထက်အစစသာနေတော့ ရင်ဆိုင်တိုက်ခိုက်တ ၁ ထ က"



www.burmeseclassic.com

www.burmeseclassic.com



အလာစ်အဒိုက်ယူပြီး ထိုးနက်တာက ပိုသင့်တော်တာပေါ့၊ ဒါမှ ယံယံကလည်း သမီးကို လိုချင်မယ်။ ယံယံ မိဘတွေကလည်း သမီးကို ဦးစားပေးမယ်''

သင်ကြားခဲ့တာက ကမ္ဘာမှာ အရှားပါးဆုံး ဆုံးမစကား။ ထိုလိုသော စကားတို့ကြောင့်···ဘီဘီ စက်ဘီးမှောက်လဲပြီးက တည်းက မေမေပြောသည့်နည်းလမ်းတွေ အတိုင်းကျင့်ကြံ နေယှိုင်ခဲ့တာ ယနေ့အထိဖြစ်သည်။ ဘီဘီက ဒါဆို ဟိုဟာလို့ လက်ညှိုးကော့ မထိုးရဲသော ယံယံက ဒီအရွယ် ဒီအချိန်မှာ ဘီဘီရဲ့ ရွှေမင်းသားဖြစ်၏။

''မျိုးရိုးကောင်းတယ်၊ ပညာအရည်အချင်းရှိတယ်၊ ချမ်းသာတယ်၊ ရုပ်ရည်ဆိုတာလဲ အပြစ်ပြောစရာမရှိတဲ့သူ၊ ပိုကောင်းတဲ့အချက်က သမီးတို့မှာ သံယောဇဉ်ဆိုတာရှိကြပြီး သား၊ အဲဒီသံယောဇဉ်ကို သမီးဘက်ပိုပါလာအောင် နည်းနည်း ထပ်ကြိုးစားရုံပဲလို့တာ''

ရင်ခုန်သံပန်းရောင်သမ်းလာချိန်မှာ မေမေ့သင်ရိုးက ချောကလက်တွေ အိုက်ခရစ်(မ်)တွေ မဟုတ်ပဲ တစ်မျိုးပြောင်း





သွားခဲ့သည်။ ဘီဘီကလည်း သင်ယူသမျှ၌ ဒီသင်ရိုးကို အကြိုက်ဆုံးပါ။

''ယံယံကို ငါ ပိုင်ရမယ်''

ဒိုင်ယာရီထဲ ဘော့ပင်(န်) အနီနှင့်ထင်းနေအောင်ရေးပြီး အဖုံးကို ပြန်ပိတ်သည်။ ဘယ်ဘက်ပါးပေါ် အုပ်ကျနေသည့် ဆံပင်ရှည်စင်းစင်းတွေအား လက်နှင့် သိမ်းယူကာ ညာဘက် ပခုံးပေါ်ချထားတော့ ပါးပြင်ပေါ်က အမာရွတ်ရာက ထင်းခနဲ ပေါ်လာ၏။

ယံယံကို ပိုင်ဆိုင်ဖို့အတွက် ပါးတဖက်မှာ အမာရွတ် ထင်ကျန်အောင် ပေးဆပ်ရလျှင် ရှိပါစေ၊ အရေးကြီးတာ သူမ နှလုံးသားမှာ အမာရွတ်မထင်ကျန်ရေး···။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"သွားပေးပါ မခရယ်၊ အပြင်မှာ ငါ့စက်ဘီးရှိတယ်၊ နင်ကလည်း စက်ဘီးလေးစီးပြီးသွားဝယ်ရတာ ဘာပင်ပန်းတာမှတ်လို့လဲ၊ တကတည်း…အဖြစ်သည်းနေလိုက်တာ စောစောကတည်းက ယံယံပြောတာ နင်မကြားဘူးလား"

ဖန်ပန်းကန်လုံးကြီးတွေ တိုက်နေတဲ့ အဝတ်စကို အသာချပြီး မခက မော့ကြည့်သည်။ ဒီနေ့က ယံယံမွေးနေ့မို့ မနက်အစောကြီး အိမ်မှာ ဘုန်းကြီးတွေပင့်ကာ အာရုဏ်ဆွမ်းကပ်သည်။ ဖိတ်ကြားခြင်းခံရတဲ့သူတွေက မခနှင့် ဘီဘီတို့နှစ်မိသားစုတည်းသာ။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သူငယ်ချင်း၊ အပေါင်းအသင်း၊ မိတ်ဆွေတွေဆို လို့ နင်တို့နှစ်ယောက်မရှိတာလေ၊ ငါ့လိုပဲ ငါ့အဖေနဲ့ အမေ မှာလဲ ခင်စရာမိတ်ဆွေဆိုလို့ နင်တို့ မိဘတွေပဲရှိတာ၊ တခြား လူမပါဘူး။ ဒီမိသားစုတွေပဲ။

မိုးမလင်းခင်ကတည်းက မခ တို့ မိသားတစ်စုလုံး ဒီအိမ် ရောက်နေတာပါ။ ဘုန်းကြီးဆွမ်းကပ်၊ တရားနာပြီးတာနှင့် ဖေဖေ က ရုံးတန်းသွား၍ မခတို့ သားအမိသာ ကျန်ခဲ့ခြင်းဖြစ်၏။ အမေသုံးယောက်ကတော့ မီးဖိုခန်းထဲမှာ သူမတို့တစ်တွေ စား သောက်ဖို့ပြင်ဆင်ရင်း ရင်မောသံတွေသောသောညံနေ၏။

"ဟဲ့...ဘာကြည့်နေတာလဲ"

ပန်းကို ခပ်ဆတ်ဆတ်အတွန်းခံလိုက်ရမှ စိတ်တွေ ကယောက်ကယက်ဖြစ်နေသည်။ မခမှာ သတိပြန်ဝင်လာ၏။

"ဟို... နင်ဘာပြောတာလဲ ဘီဘီ"

"နင်ဟာလေ တကယ်အူကြောင်ကျားပဲ၊ ယံယံ မနေ့က ပြောတာလေ၊ ဘုန်းကြီးတွေကို ပြန်ပို့ပြီးပြန်လာရင် ငါ့ကို အရင်ဆုံး တွေ့ချင်တယ်လို့ ပြောသွားတာ၊ အဲ့ဒါကြောင့် နင့်သွားဝယ်ပေး





လို့ အကူအညီတောင်းနေတာ"

မခက သက်ပြင်းကို တိတ်တိတ်ခိုးချလိုက်မိသည်။ ယံယံ အဲဒီလိုပြောတာ မခလည်း ကြားပါသည်။ ဒါပေမဲ့ ဘီဘီကို ပြောတာ မဟုတ်မှန်းလည်း မခ အသိဆုံးဖြစ်၏။

"ဘယ်မှ လျှောက်မသွားနဲ့။ ဘာမှမလုပ်နဲ့ ငါ့မွေးနေ့မှာ ငါ့အနားမှာပဲနေ။"

မွေးနေ့ရက်မတိုင်ခင်ကတည်းက နှစ်ကိုယ်ကြားမှာတမ်း ချွဲထားတဲ့ယံယံ။

"ငါ ပြန်လာရင် နင့်ကိုတွေ့ချင်တယ်နော်"

ဘီဘီကပဲ အတင်းကြားဝင်ရပ်သည်။

"ငါ့ကို ပြောတာလား ယံယံ"

ယံယံမျက်နှာက ချက်ချင်းငိုမလို ရယ်မလိုနှင့် အမ်း တမ်းတမ်းဖြစ်သွားပြီးမှ ဘီဘီ ဆံပင်စင်းစင်းတွေကို ဆွဲဖွသည်။

"ဒါပေါ့... ငါတို့ရဲ့ ဂျူးလ်ယက်လေးကိုပြောတာ"

ကျောလယ်ခန့်ဆံပင်ဖြောင့်တွေကို အလယ်ခွဲတိတိကျကျ လေးခွဲထားတဲ့ ဘီဘီကို သူမနှင့်ယံယံက ဂျူးလီယက်လို့



www.burmeseclassic.com

www.burmeseclassic.com



မကြာခဏ တင်စားပေါ်သည်။ ဘီဘီကတော့ မှုန့်နှဲ့မျက်စောင်းနှင့် ယံယံအားကြည့်သည်။

"ဂျူးလီယက်နဲ့ မနှိုင်းစမ်းပါနဲ့ဟာ၊ အတိတ်နိမိတ် မကောင်းဘူး၊ ငါက ကိုယ်ချစ်တဲ့သူနဲ့ သေကွဲရော ရှင်ကွဲပါ မကွဲချင်ဘူး၊ သိရဲ့လား၊ ပြီးတော့ ဒီလိုဆံပင်ခွဲထားတာလည်း ပါးကိုအကာအကွယ်ယူထားတာဟဲ့၊ ငါ့ ပါးပေါ်က အမာရွတ် မြင်ရင်ရှက်လို့"

ဘယ်ဘက်ပါးပေါ်လက်ဝါးအုပ်ပြီး တိုးသဲ့သဲ့ ပြောရင်း အဖျားခတ်၍ အသံတိမ်ဝင်သွားသည့်အခါ ယံယံနှင့် မခပါ ရင်တွင်းဆန္ဒတွေ မျိုသိပ်ကိန်း ဆိုက်သွားတာအမြဲ။ အခုလည်း ဘီဘီက ဘေးမှနေပြီး သူမကို တဂျိဂျိနဲ့ ဂျစ်ကျနေပြန်သည်။ ယံယံ ဘတ်(ထ်)ဒေးကိတ်ခွဲတဲ့အခါ ခရစ်(ဖ်) ဗူးရှူးခနဲဖောက် သည်။

"နင် သွားဝယ်ပါဆို"

"နေပါဦး ဘီဘီရယ်။ ငါတို့က ကလေးမှ မဟုတ် တော့တာ၊ ပြီးတော့ ယံယံက ကြိုက်မှန်းမသိ။ မကြိုက်မှန်း





မသိ"

"ငါလုပ်တာဆို ယံယံက အားလုံးကြိုက်ပြီးသား၊ နင် မဝယ်ပေးချင်လို့ ဉာဏ်များနေတာ မဟုတ်လား"

"မဟုတ်ပါဘူးဟာ၊ အပြင်မှာလည်း မိုးတွေ ဒီလောက် သည်းနေတာကိုး"

"မိုးသည်းသည်းမှာ ဘယ်ထွက်ဖို့ ပြင်နေတာလဲ ဒီ နှစ်ယောက်"

အန်တီယုက အငွေ့ထောင်းထောင်းတနေသည့် ဟင်းချို ပန်းကန်ကြီးကိုင်လာရင်းမေးသည်။ ဘီဘီက အခုမှအားကိုးရာ ရှာတွေ့သွားတဲ့ကလေးငယ်လို အန်တီယုခါးကို ဖက်သည်။

"ဘီဘီ မသွားပါဘူး၊ မခကို အကူအညီတောင်း နေတာ၊ ဘီဘီက မိုးရေထဲဂါဝန်ကြီး တဖားဖားနဲ့ထွက်လို့ မကောင်းလိုကို သက်သက်ကပ်ပြီးမသွားပေးဘူး၊ ပြီးတော့ ယံယံလာရင်လည်း အားလုံးအတူတူ ပျော်ကြဖို့ဥစ္စာ"

"ဟုတ်သားပဲ…မခ,ရယ်၊ ဘီဘီက ဘာအကူအညီ တောင်းလို့လဲ။ သမီး တတ်နိုင်တာဆိုလုပ်ပေးလိုက်ပါ။"



www.burmeseclassic.com

www.burmeseclassic.com



မေမေက ဘာအကြောင်းမှမသိပဲ ဝင်တိုက်တွန်း၏။

"ပြောပေးပါဦး အန်တီဒေဝီရဲ့၊ သူက ဂျင်း(န်)ပင်(န်) ဝတ်ထားတော့ နေပူပူ မိုးရွာရွာ ပေါ့ပေါ့ပါးပါးရှိတယ်လေ၊ ဘီဘီက ဒီမှာဂါဝန်ရှည်ကြီးနဲ့မို့ပါ"

ဪ ဖြစ်ရလေ။ ဂျင်းဘောင်းဘီဝတ်တိုင်း ပေါ့ပေါ့ပါးပါးရှိရရောလား။ ဂါဝန်ဝတ်ထားတဲ့ သူမခိုင်းတိုင်းလုပ်ရရောလား မခ,မှာ ငယ်ကတည်းက မချွတ်တမ်းဝတ်လာသည့် ဂျင်း(န်)ကိုပင် စိတ်နာချင်စိတ်ပေါက်သွားရသည်။ ယံယံမွေးနေ့မို့ နှစ်ယောက်စလုံး ရှိုးပေးပဲများလာတာတော့မှန်ပါရဲ့။ ဒါပေမဲ့ မခ,က စကင်(န်)နီ အနက်ကို တီရှပ်ခါးတိုကျပ်ကျပ် အစိမ်းရောင် ပေါ်ကုတ်ခါးတို လီမွှော်လေးထပ်ဝတ်လာခဲ့သည်။

ပါးရိုးတွေပေါ်အောင် ညှပ်ထားသည့် ဘော့(ဗ်)ဟဲယားဆံပင်တိုကပ်ကပ်က ဘီဘီလိုစက်ဆွဲစရာမလို။ ဟဲ(လ်) ကုတ်(ထ်)တွေ ဘာတွေလိမ်းစရာမလိုဘဲ လက်ငါးချောင်းနှင့် ထိုးတင်ကပြီးပြီဖြစ်၏။ ဘီဘီကတော့ ပခုံးချိတ်ရုံ ကြိုးတချောင်းတည်း ဂါဝန်ရှည်ပန်းခရမ်းမှာ ခါးနား၌ ခရစ်စတယ်ခါးပတ်နှင့် ထိန်းထား





တာကြောင့် လှသောကိုယ်လုံးအပြင် အရပ်ရှည်ခြင်း နုမွတ်သောပခုံးသားနှင့် လက်မောင်းအလှတွေပါ ထင်သာမြင်သာရှိခြင်းဖြင့် အခါများစွာနှင့်မတူ၊ တမူထူးခြားပြီး အလှကြီး လှနေတာတော့ သေချာသည်။

"အလကား၊ ဒီကလေးမ မခကို သက်သက်ဂျီကျတာ နေမှာ၊ မိုးရွာရင် မအေခိုင်းတာတောင် အပြင်မထွက်ချင်ဘူးလေ၊ ဆံပင်တွေကပ်ပြီး သူ့ပါးပေါ်ကအမာရွတ် လူမြင်မှာစိုးသတဲ့။ ဟွန့်…မယ်လှချင်လေ"

သမီးဖြစ်သူ ဘီဘီအား ရွဲ့ပြောတာလား၊ မေ့နေပြီဖြစ်သော အတိတ်အကြောင်းတူးဆွတာလား မသိနိုင်ပေမဲ့ မေမေနှင့် မခကတော့ မတိုင်းပင်ပဲ အကြည့်ချင်း ဒိုင်းခနဲဆုံလေပြီ။ မေမေ့မျက်ဝန်းတွေထဲ…သွားလိုက်ပါဟူသော တိုက်တွန်းချက်တွေ တွေ့ရတာကြောင့် မခ,က အပြင်မှာ ရွာနေသော မိုးတွေကို ကြည့်ရင်း ထရပ်လိုက်သည်။

"ငါ သွားဝယ်ပေးပါမယ်"

"ဟေး…ဒါမှ ငါ့ရဲ့ မခ"



www.burmeseclassic.com

www.burmeseclassic.com



အနံ့တီယုကို ဖက်ထားရာမှ သူမနားပြေးလာပြီး ပါးတဖက်ကို ရွှတ်ခနဲ နမ်းသည်။ ထိုအနမ်းတွေက အေးစက်စက်ဖြစ်နေသည်ဆိုတာတော့ မခ ခံစားရတာကိုယ်တွေ့မို့ မခ အသိဆုံး။

■ ■ ■



## အခန်း (၇)

လေကြောင့် မိုးရေစက်တွေအရှိန်ပြင်းပြင်း မခ့မျက်နှာ ဲ လာမှန်တာကျည်ဆံတွေအတိုင်း မခ့က မိုးကာအင်္ကျီခေါင်း ပ်ကို နဖူးစပ်ဆီခပ်စိုက်စိုက်ဖြစ်အောင် ဆွဲချသည်။ မိုးကာလွှတ် သော အောက်ပိုင်းတပိုင်းလုံးလဲ စိုရွှဲနေပြီ။ မခ့က စက်ဘီး အားစိုက်ပိုနင်းသည်။ ဟန်ဒယ်(လ်)ဘားၟ ချိတ်ဆွဲထားသော တ်ကျွတ်အိတ်ထဲမှာ ဘီဘီဝယ်နိုင်းသော ခရင်(မ်)ပူးတွေက နေ၏။

"ငါ့မွေးနေ့မှာ ငါ့အနားပဲနေ"

ပြုံးရီရီနှင့် ပြောထားသော ယုံယုံစကားကြောင့် စက်ဘီး



www.burmeseclassic.com

www.burmeseclassic.com



ခြေနင်းကို အားစိုက်နင်းသည်။ ယံယံကိုမွေးနေ့လက်ဆောင်ပေး
မည့် ဗူးလေးအားဘောင်းဘီအိတ်ထဲရှိနေတာ သတိတရနှင့်
စမ်းကြည့်သည်။

"နင့် ဘာမွေးနေ့လက်ဆောင်ပေးမှာလဲ"

"ငါ့ မစဉ်းစားရသေးဘူး"

ဖြေခဲ့တာ တကယ်ပါ၊ ယံယံကတော့ပြောသည်။

"ဘာမှ မပေးလည်း ရတယ်နော်၊ ငါက နင်တို့ဆီက
စိတ်ရင်းအမှန်ရထားတဲ့အတွက် ကျေနပ်ပြီးသား"

ဘီဘီကတော့ တခွန်းတင်မခံပါ။

"နင်က ချမ်းသာတော့ ငါတို့ပေးတာလေးတွေ
ပါချိုပါချက်ပါဆိုပြီး မလိုချင်တာ မဟုတ်လား၊ ငါ့မွေးနေ့တုံး
နင်ပေးထားတဲ့ ပတ္တမြားရင်ထိုးလောက်တော့ တန်ဖိုးမများ
အပေါ်စားတော့ မပေးဘူး၊ စိတ်ချ"

ဒါဆို ဘီဘီက ယံယံမွေးနေ့အတွက် လက်ဆောင်
ပေးမှာပါလိမ့်။ သိချင်စိတ်က အတွေးထဲ မီးတစလို ပူလောင်
တိုးဝင်လာသည်။ မခ,က ခေါင်းယမ်းရင်း စက်ဘီးကို ပို





ကိုက်ပြီး နင်း၏။ သူ့မ မွေးနေ့တုံးကလည်း ယံယံက တန်ဖိုးကြီး
က်(ပ်)တော့တစ်လုံးဝယ်ပေးခဲ့တာပါပဲ။ ဒီသုံးယောက်ထဲမှာ
ဘီဘီကတော့ အန်တီကျော်ရဲ့ ကျောက်ပွဲစားလုပ်သည့် ဝင်ငွေ
နှင့် မချို့မတဲ့ သုံးရပေမဲ့ ပြီးပြည့်စုံကြီးတော့မဟုတ်။ မခ,လည်း
ဆိုနည်းလည်းကောင်းပါပဲ။ ဖေဖေက အစိုးရဌာနမှာ ညွှန်ကြားရေး
မှူး၊ မေမေ့မိဘတွေဘက်က ခွဲဝေပေးသော အမွေလေးရှိ၍
ဘူတန်းစေ့နေရတယ်ဆိုပေမယ့် ယံယံတို့လို မိသားစုဝင်တွေ
တစ်ယောက် ကားတစီးဆီစီးပြီး ဘဏ်အကောင့်(တ်) ကိုယ်စီ
ဖွင့်ထားနိုင်သူ မဟုတ်။ ဖုန်းတောင် တန်ဖိုးနည်းဖုန်းတွေပေါ်လာ၍
ကိုင်ခွင့်ရတာမျိုး။ အန်တီယုပြောပုံအရတော့ နှစ်ဖက်ဘိုးဘွားတွေက
တဦးတည်းသော မြေးယံယံကို အင်မတန်ချစ်ကြောင်းနှင့် ရှိသမျှ
အမွေဆက်ခံသူဟာ ယံယံတဦးတည်းဖြစ်ကြောင်း လူကြီးစကား
ကြားမှ သူမကြားဖူးသည်။

"အဲဒါကြောင့် စိတ်ဖြူ သဘောဖြူတဲ့ချွေးမကို အခု
အတည်းက ရှာနေရတာ ဒေဝီရေ၊ ကိုယ့်သားကို မေတ္တာစစ်နဲ့
ချစ်မယ့်လူပေါ့၊ ဘယ်လိုလဲ ဒေဝီက ယုနဲ့ ခွေမျိုးမတော်ချင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လား"

နောက်နောက်ရွတ်ရွတ်နှင့် မေမေ့ကို စတတ်ပါသည်။ အန်တီယုက မခ့ကိုချစ်မှန်းလည်း မခံ့စားရသည်။

"အန်တီယုလေ မနေ့က ငါ့အမေနဲ့ လက်ဖက်သု စားရင်း မေမေ့ကို သမီးတောင်းနေတာလေ၊ အတွင်းအစင်းသိပြ မျက်စိအောက်တင် ကြီးပြင်းလာတဲ့ သူဆိုတော့ နင်နဲ့ငါနဲ့ကို ရည် ညွှန်း တယ်ထင်တာပဲ၊ ဒါပေမဲ့ ငါ့ အလှပရေးရာ ချီ့ယွင်း အတွက်တဲ့ ယံယံကို နစ်နာကြေးပေးမတဲ့ဟော့၊ ရုတ်တရက်ကြ ပြောချလိုက်တာ၊ မေမေတော့ ဘယ်လိုနေလဲမသိဘူး၊ ငါ့ဖြ ကြက်သီးတွေထသွားတာများ… ဘကယ် ရှိန်းခနဲဖိန်းခနဲ"

ဘီဘီပြောတာကို သူမက အပြုံးလေးနဲ့ နှုတ်ဆိတ် နားထောင်ပေးခဲ့ပေမယ့် ရင်ထဲမှာ မျှော်လင့်ခြင်းဆိုတာ ရုတ်ချည် ငုပ်လျှိုးခဲ့ရလေသည်။ ဒါပေမဲ့ ယံယံထံမှ "ပြောစရာရှိတယ်" ဆိုသော သာမန်မဟုတ်သည့်အကြည့်နှင့် အပြုံးတွေကြောင့် ရင် ခြင်းက အသစ်တဖန် နိုးထခဲ့သည်။

"ကျွီ"





"ဝေါ"

အရှိန်နှင့် ဝိုက်ကွေ့ချသော စက်ဘီးရဲ့ရှေ့မှာ ရုတ်တရက် ဘားဦးခေါင်းကြီးကို တွေ့လိုက်ရတာကြောင့် သတိကောင်းသော ာက်က အလိုလိုဘရိတ်ဖမ်းဆွဲပြီးသားဖြစ်သွားသည်။ ဒါပေမဲ့ ပြင်းလွန်းတဲ့အရှိန်ကြောင့် ရုတ်တရက်ဆောင့်ဆွဲလိုက်သလို ဖြစ်ကာ ရာ စက်ဘီးပါ လမ်းဘေးအစပ်ဆီ ဦးစိုက်ကျွမ်းပြန်။

"အ … အား… လား…လား"

"ဟော့…မင်းဟာမင်းလဲတာနော်၊ ငါ့ကားက ဘရိတ် ဆွဲပြီးသား"

"သိပါတယ်၊ ဦးလေးကြီးကိုလည်း ဘယ်သူမှ တရား ခွဲပါဘူး၊ ကြွ…ကြွ လိုရာလမ်းဆီ"

နာကျင်မှုကြားမှ ပြန်ရန်စွာမိတာက သူ့အပြစ်မရှိဘူးဆို လွတ်အောင် ရန်ထွက်ချင်နေတဲ့ တက္ကစီဒရိုက်ဘာ ဦးလေး ကြီးကို မုန်းလွန်း၍ပါ။

"မ…ခ"

တက္ကစီ နောက်ခန်းမှ ဆင်းလာတဲ့ မိုးယံကြောင့် မခ့မှာ



www.burmeseclassic.com

www.burmeseclassic.com



အုံ့အားတသင့်ကြီးဖြစ်သွားသည်။

"ယံယံ…နင်က ဘယ်လိုဖြစ်ပြီး"

နာကျင်တာတွေလဲပျောက်၊ ဒေါသတွေလည်း ဘယ်

ရောက်သွားမှန်းမသိ။ ယံယံက တက္ကစီခရှင်းပေးရင်း သူမနာ

လျှောက်လာတော့ မိုးတွေရွဲရွဲစိုနေပြီဖြစ်သည်။

"ဘယ်လိုဖြစ်ပြီး မိုးရွာကြီးထဲထွက်လာရတာလဲ မခ

ငါ့မွေးနေ့ပြီးတာနဲ့ နင်ဖျားတာကို ပြုစုခိုင်းချင်လို့လား"

အနားရောက်လာတာနှင့် မခကို ပျာပျာသလဲ ဆွဲ

သည်။ အဖြစ်တင်စကားပြောနေပေမယ့် ဒါ မှန်းလို့ပြော

မဟုတ်မှန်းအသိသာကြီး။ မခက နာကျင်သွားတဲ့ တင်ပါး

လက်ဖမိုးနဲ့ လက်နောက်ပြန်ဖွတ်သည်။

"နင့်မွေးနေ့အတွက် ဘီဘီက ခရင်(မ်)ဗူးဝယ်ခိုင်း

နဲ့"

"မိုးရွာနေတာကိုဟာ…ကလေးမှမဟုတ်တာ၊ အဲ

တွေမလိုပါဘူး၊ ကဲ…ရပ်ကြည့်စမ်း၊ ဘယ်နားနာနေလဲ"

မိုးရေလေပါ အင်တိုက်အားတိုက်ရွာနေတာကို သ





မထားမိပဲ နှစ်ယောက်စလုံးက ကိုယ့်ဇာနဲ့ကိုယ်။ မခက

ကိုယ့်ခြေထောက်ပေါ်ရပ်နိုင်အောင် ကြိုးစားပြီးမှ ပွန်းပဲ့ရာတွေ

သိုက်ရှာသည်။ ယံယံက လွှင့်ကျနေတဲ့ ခရင်(မ်)ဗူးနှင့် စက်ဘီးကို

အနားသို့ ပြန်ဆွဲယူလာ၏။

"ဘယ်ထိသွားသေးလဲ"

မော့ကြည့်တော့ ဆံပင်တွေအချောင်းချောင်းကျကာ

မျက်နှာပေါ်မိုးရေစက်တွေက တရဟောစီးဆင်းနေခဲ့သည်။

မခကရော အခုမှ ကိုယ့်ကိုကိုယ် သတိရသွားပြီး ဆံပင်တွေကို

နဖူးအထက်ပင့်တင်ရင်း ခေါင်းခါပြသည်။

"ပွန်းသွားရုံပါ"

အော်ပြီး ဖြေရတဲ့အထိ ဘေးပတ်ဝန်းကျင်က လေသံ

မိုးသံကြီးစိုးနေ၏။ ထို မိုးလေထဲမှာပဲ တစ်ယောက်မျက်နှာ

တစ်ယောက်ကြည့်ပြီး သွားတွေပေါ်အောင် နှစ်နှစ်ခြိုက်ခြိုက်

ရယ်သည်။ ယံယံက စက်ဘီးကို လမ်းဘေးသစ်ပင်၌ ကပ်ထောင်

လိုက်သည်။

"ငယ်ငယ်တုန်းကလိုလေ၊ မိုးရေချိုးကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သည်။ မိုးရေထဲ လျှောက်ပြေးကာ လွတ်လပ်ပေ
ပါးခြင်း။ အေးမြလန်းဆန်းခြင်းတွေနှင့် အတိတ်ကို သတိရသွား
သည်။

"အိမ်မှာ နင့်မွေးနေ့"

"ထားလိုက်စမ်းပါ"

ယံယံက စကားစကို တစ်ဝက်တစ်ပျက်နှင့်ဖြတ်ပြောရင်
သူမလက်ကို လှမ်းဆွဲတာ မိုးရေထဲအတူထွက်ကြဖို့ ဖြစ်ပေမယ်
ဝင်းခနဲ ပြိုးဖျက်လက်သွားသည် လျှပ်ရောင်က သူမတို့အနား
မိုးမောင်းကြီးထိုးချလိုက်သည်။

"ဂျိမ်း...ဒိန်း"

"အမေ့"

ကမ္ဘာတုန်သော မိုးခြိမ်းသံဟာ မခကို သူ့ရင်ခွင်
တွန်းထုတ်ပစ်လိုက်သလိုရှိသည်။ ရင်တခွင်ဟာ မိုးရေကြော
အေးစက်နေရာမှ နွေးထွေးခြင်းအထိအတွေ့၊ စည်းချက်ညီ ရင်
သံတွေက နှလုံးသားဆီ တိုးလျှိုပေါက် ဝင်ရောက်သွားသည်

"ငါ့ အရမ်းလန့်သွားလို့"





မော့ကြည့်ကာ ဖြေရှင်းတဲ့ နှုတ်ခမ်းတွေ တဆတ်ဆတ်
တုန်နေတာ ယံယံက အပေါ်မှ စီးမိုးမြင်နေရသည်။ မိုးရေကြောင့်
စိုရွှဲပူးကပ်နေတဲ့ မျက်တောင်ကော့တွေကို ကြည့်ရင်း အခုနမိုး
ခြိမ်းသံထက်ကျယ်တဲ့ ရင်ခုန်နှုန်းက တဒုန်းဒုန်း တဒိုင်းဒိုင်းနှင့်
အခုန်မြန်လာသည်။

"လွှတ်ဦး...ယံယံ၊ တခြားလူတွေမြင်ကုန်ရင် မကောင်း
ဘူး၊ နင်နဲ့ငါက လမ်းမကြီးပေါ်မှာ"

ရုန်းကန်ခြင်းမည်သော လှုပ်ရှားမှုကို မခပြုမူနေတာ
သိသည်။ ဒါပေမဲ့ နွေးထွေးခြင်းအား ,တောင့်တသောရင်ခွင်အေး
က သူမကိုယ်လေးအား နှစ်ဆတိုးဖက်ထားသည်။

"ငါ နင့်ကို ချစ်တယ် မခ"

အခုမှ "မြေမခပန်း" ကို မိုးကြိုးပစ်ချလိုက်တာ ဖြစ်
၏။ သို့သော ထိုမိုးကြိုးက မသေနိုင်သော နူးညံ့စွာ ကမ္ဘာကိုခွင်း
မည့်လက်နက်တခုဖြစ်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၈)

"သေချာတယ်…မရှိဘူးဟဲ့"

"ဧကန္တ ဟိုမိန်းမခေါ်လို့ သွားတာနေမှာပေါ့"

"နင် ငြိမ်ခံနေရင် ကျန်ရစ်ဖြစ်သွားမယ်နော်…ဘီဘီ၊ ဘာပဲပြောပြော ခြေမခပန်းက သူ့ရဲ့အတန်းတင်မကဘူး၊ ဒီ UFL တခုလုံးမှာ ဒိတ်ဒိတ်ကြဲ…ကွင်း(န်)"

ဆော်းနားမှာရှိနေသော ဝါဝါက ချီးမွမ်းသလို ခြိမ်းခြောက်သလိုနှင့် ဆိုသည်။ ခုကတော့ ယံယံအတန်းထဲ ကော်ရစ်ဒါမှနေ၍ ခေါင်းပြုလည်ဆန့်ပြီး ဒုတိယတစ်ကြိမ် ထပ်ရှာသည်။

"လုံးဝသေအသေအချာပဲ၊ မိုးယံ ဒီအခန်းထဲမှာ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ နင် သူ့ကို တွေ့ချင်တယ်ဆိုရင်။ ဟိုမိန်းမရဲ့ သင်တန်းထိ သွားမှပဲ''

''သွားမယ်''

ဘီဘီက သံပြတ်နဲ့ဆိုပြီး မခ ရှိရာ ကိုရီးယားဘာသာ သင်တန်း ဘက်ခြေဦးလှည့်သည်။ ဘီဘီတို့ သုံးယောက်မှာ ဆယ်တန်းအောင်တော့ မခ က အမှတ်အများဆုံးရကာ သူမလိုချင်သော လိုင်းကို ရွေးချယ်တက်ခွင့်ရှိသည်။ ဘီဘီတို့နှစ်ယောက်သာ မှီရာ အမှတ်နှင့်ရရာအတန်းတက်လိုက်ရကာ ယံယံနှင့် ဘီဘီက အကြိုက်ချင်းမတူ၍ တကွဲတပြား နပိုကဆို နေ့လည်စာစားချိန်မှာ ယံယံက သူမဆီရောက်လာနေကျ။ သူမကိုခေါ်ပြီးမှ မခ ဆီသွားတာမျိုးလည်းရှိသည်။

''မခ ဆီ မသွားဘူးဟာ၊ ကန်ဘောင်ပေါ်သွားပြီး လေညှင်းခံမယ်၊ အကြော်စားမယ်၊ ကြီးရင် အတွဲချောင်းမယ်လေ၊ နော်…ယံယံ''

ယံယံလက်မောင်းကို မှီတွယ်ပါးအပ်၍ သူမ ပူဆာတိုင်းငြင်းခဲ့တယ်ဆိုတာမရှိ။ သူမရဲ့ဆံပင်စင်းစင်းတွေ မပွပွအောင် ဆွဲပြ





သည်။

''ဝါသနာက ကြီးပါ့''

ရွှတ်နောက်နောက် ဝေဖန်မည်။

''ဟုတ်တယ်၊ ငါ့မှာ ရည်းစားမရှိသေးတော့ သူများတွေ ရည်းစားထားခြင်းရဲ့ အဆိုးအကောင်း အကျိုးအကြောင်းတော့ သိအောင်ကြိုးစားပြီးမှ''

''ရည်းစားထားမယ်ပေါ့''

''ဒါပေါ့''

သွားစွယ်တွေပေါ်အောင် ဘီဘီကရယ်ပြီးမှ ချက်ချင်း မျက်နှာညိုသွားလျှင်လည်း မိုးယံ ဖျာဖျာသလဲဖြစ်သွားတတ်သော မျက်ဝန်းတွေက ဘီဘီ အပေါင်းအသင်းဖြစ်သည့် နီနီနှင့် စုတို့က မြင်ဖူးထားကြ၏။

''ဒါပေမဲ့ ငါက ပါးပေါ်မှာ အမာရွတ်နဲ့ဆိုတော့''

''အမယ်လေးဗျာ…အပ်ဖျားလောက်ရှိတဲ့ ဒီအမာရွတ်ကို ဆည့်ထည့်မပြောစမ်းပါနဲ့၊ ဒီမှာ ဘီဘီ အရေပြားအလှဆိုတာ အပေါ်ယံအလှပါဟာ၊ တကယ့်အတွင်းစိတ်က လှနေဖို့ပဲ အရေးကြီး



www.burmeseclassic.com

www.burmeseclassic.com



တာကို တခြားထွေလီကာလီတွေ လျှောက်မတွေးနဲ့၊ ငါတစ်ယောက်လုံး နှင့်နားမှာရှိတယ်၊ ဘယ်သူ့မှမယူရင် ငါယူမယ်''

သူရင်ဘတ် သူပုတ်ပြီး ပြောခဲ့တာ အမှတ်ရတော့ ဒေါသတွေက လေတိုးတိုက်ခံရသော ရွက်ခြောက်ပမာ။ ဝေါခနဲ လွင့်ပြေးသွားပြန်သည်။ ဒါပေမဲ့ မွေးနေ့က အကြောင်းပြန်တွေးတော့လဲ နှလုံးသားက စိုးစိတ်နှင့် ပူလောင်သွားရပြန်သည်။ အဖြစ်က နှလုံးသားတစ်ခြမ်းသည် ကျောက်စက်ရေအိုင်ဘေး မှေးတင်နေရ၍ အေးမြနေသလို ယံယံနှင့် မခ,ကို တွဲမြင်ရတိုင်း ကျန်နှလုံးသား တစ်ခြမ်းက မီးသင့်ထားသလို ခံစားနေရ၏။ အဲဒီနေ့က အားလုံး စားသောက်ပြီးချိန်မှ ပြန်ရောက်လာကြပေမဲ့ မိုးတွေရွဲစိုထားတာ မခြောက်သေး။ ယံယံထက် ပိုစောကာ ပြန်ရောက်လာသည့် ယံယံဖခင် အန်ကယ်ကောင်းကတောင် တထူးတဆန်းဖြစ်သည်။

''ဘုန်းကြီးကျောင်းနားမှာ ကားထိုးရပ်သွားလို့လေ၊ မက္ကနစ်တွေ ခေါ်ကြည့်ခိုင်းတော့ ခဏနဲ့ ပြင်လို့ပြီးတယ်ဆိုတာနဲ့ ဒီကောင်ကို အရင်ပြန်ခိုင်းတာ၊ သူက မွေးနေ့ရှင်ဆိုပြီး အရေးကြီးတယ်လို့၊ အခု ဘယ့်နှယ်ဖြစ်ပြီး မခနဲ့ အတူတူပြန်လာကြတာ





လဲ''

''ပြန်လာတာထက် မိုးရေတွေလည်းရွဲလို့၊ ကြည့်စမ်း အစ်ကိုကောင်း၊ ဒီကလေးနှစ်ယောက် ကော့ ငယ်မူပြန်ပြီး မိုးရေချိုးကြသလားမသိဘူး''

ယံယံအမေကပါ ဝင်ပြောရင်းအားလုံးက ထူးဆန်းပေမယ့် ပြိုင်ငြင်စူးစမ်းရိပ်တော့ မတွေ့ရ။ ဘီဘီနဲ့ မေမေကလွဲ၍ပေါ့။ အဝတ်အစားလဲပြီး စားကြသောက်ကြတော့လဲ နှစ်ယောက်သား ပြုံးစိစိနှင့်။ ခိုးကြည့်တဲ့မျက်ဝန်းချင်း ဒိုင်းခနဲပစ်ဆောင့်လျှင် မချိုမချဉ် ရုပ်တွေဖြစ်ဖြစ်သွားတာက မှန်းချင်စရာ။ ဘီဘီက တွေးရင်း ခြေလှမ်းတွေပိုကြပစ်တာ ဒေါသတွန်းအားကြောင့်လည်းပါသည်။

ရင်ထဲ ဗလောင်ဆူနေတာက ဝန်တိုစိတ်။ ယံယံဟာ ကိုယ့်အတွက် သီးသန့်လူဆိုတာ မခ,မသိဘူးလား။ ပြည့်စုံခြင်းများစွာနှင့် မခ,က ကိုယ့်လက်ထဲ။ ကိုယ့်ဘဝထဲမှ ယံယံကို လုယူခဲ့မည်ဆိုပါက…။ သူမ ရုပ်တည်မှုက ဘယ်မှာလဲ။ မျက်လုံးထဲ ယံယံနှင့် မခတို့ရဲ့ ယှဉ်တွဲပုံရိပ်တွေ မြင်လာသည်။ လက်တွဲသားရင်းနှစ်ဦးသား ဟားတိုက်ရယ်မောနေတာ။ ဘီဘီ ကိုလား။



www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်က ပူဆူဝေကာ တစ်ကိုယ်လုံးဆီ ထိုအပူရှိန်က ပျံ့နှံ့သွား၏။ မျက်လုံးထဲ ဖြူနီပြာအရောင်တွေပဲ ကြီးစိုးကာ လူက သတိလက်လွတ်နှင့် အော်ပစ်ချင်သည်။

"ဟဲ့…ဘီဘီ"

သူမ လက်ဖဝါးကို တစ်စုံတစ်ယောက်က လာဖျစ်ညှစ်မှ အမှုဇလောကကြီးထဲက လွတ်ထွက်သွားသည်။

"ဟင်…အင်း"

ချွေးစေးတွေ ပျံ့နှံ့ထွက်လျက် အိမ်မက် မက်နေသလို ဘီဘီက ကယောင်ကတမ်းနှင့် ဘေးကိုလှည့်ကြည့်၏။ သူမဘေးရှိ ဝါဝါကတော့ သူမ ဘာဖြစ်နေသလဲဆိုတာ သတိထားမိပုံမပေါ်။ ဘီဘီလက်ကို ဆွဲခါပေမယ့် အကြည့်က ရှေ့ကင်(န်)တင်းမှမခွာဘဲ။

"ဟိုမှာ…နင့်ရဲ့ ယံယံ"

မေးငေါ့ ထိုးပြသည်။ တွေ့ပါပြီ။ ယံယံနဲ့ မခ။ ကင်(န်)တင်းရှိ တစ်စားပွဲတည်းအတူထိုင်ပြီး မျက်နှာချင်းဆိုင်ကာ ဘာတွေ ရယ်မောနေလဲမသိ။ သူတို့နှစ်ယောက်ကြား၌ စားလက်စတွေ၊ စားပြီးသားပန်းကန်တွေလည်း ရှိနေ၏။





"သူတို့က စားရင်းသောက်ရင်း ကြည်နူးနေတာ၊ နင့်မှာ ချိန်ထိ ဘာမှ စားရသေးတာမဟုတ်တော့"

"အေးလေ…မိုးယံက နင့်ကို အမြဲဦးစားပေးခဲ့တဲ့သူပါ၊ မှ ဘယ်လိုဖြစ်ပြီး"

"စုရယ်…နင်ကလည်း ဆေးပါ၊ ဘီဘီ စကားထဲမှာတင် း မ ကာရိုက်တာကို ပုံဖော်လို့ရတယ်၊ အမြဲတမ်းသူလိုချင်တာ ချင်တာပဲ ဦးစားပေးတာ မတွေ့ဘူးလား၊ အခုလဲ သူပဲ မိုးယံကို တာနေမှာ"

"ခေါ်တိုင်း မိုးယံကရော သွားစရာလား၊ သွားချင်ရင် ရှိတာပဲ၊ ဘီဘီပါခေါ်ပြီး သွားပေါ့"

"သူက မခေါ်နဲ့ပြောလို့နေမှာပေါ့၊ ကဲ…ဘီဘီ"

ဝါဝါက သူမကို ပခုံးချင်းတိုက်ခေါ်ပြီး ဘီဘီ လှည့်ကြည့် ည်၊

"နင်…ဘာဆက်လုပ်မှာလဲ"

"ဒီတိုင်း ရပ်ကြည့်လှည့်ပြန်တာတော့ မလုပ်နဲ့၊ မိုးယံ ဘုန်းကလည်း အကြောင်းရှာအမြင်ထွက်ပြီး မိုးယံကို နှစ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကြား လက်ဆောင်ပေးထားတာဆို"

အဖြစ်မှန်ကို ချဲ့ကားရင်ဖွင့်ကာ နားထောင်ထားရသော

ဝါဝါတို့က မခံချိမခံသာ။

"အေးပါ...ငါသွားခေါ်ပါ့မယ်၊ ဒါပေမဲ့ နင်တို့ ဘာတ

ခွန်းမှ ဝင်မပြောနဲ့နော်၊ မချကလည်း ငါ့သူငယ်ချင်းပဲ၊ သူ နင်

သွားမှာ ဝမ်းနည်းသွားမှာတော့ ငါမလိုချင်ဘူးဟာ"

"အေး..လုပ်ပါ၊ ဟိုကတော့ နင်ဝမ်းနည်းအော

လုပ်လည်း ခေါင်းငုံ့ခံမယ်ပေါ့၊ ဒီလိုလား"

"ထားလိုက်ပါ၊ အဲဒါ သူ့စိတ်နဲ့သူ့ကိုယ်"

ဘီဘီက ဆံပင်တချက်ခါရင်း ကင်(န်)တင်းထဲ ခြေလှ

သည်။

"နင်တို့ ဒီမှာပဲစောင့်"

သူမ ဝင်သွားတော့ကင်(န်)တင်းတစ်ခုလုံး ဆူဆူည

အသံတွေ ရုတ်ချည်းတိတ်ကျသွားသည်။ ဒီမေဂျာကွင်း(န်)

သူငယ်ချင်းတွေအဖြစ်လည်း သိထားသည်။ သုံးပွင့်ဆိုင်ဖတ်

ဟူ၍လည်း ဝေဖန်ခြင်းတွေရှိထားတာကြောင့် ဒီသုံးယောက်သ





င် စိတ်ဝင်တစား အကဲခတ်တဲ့ မျက်လုံးပေါင်းများစွာက ဘီဘီ

ခြေတစ်လှမ်းရွှေ့တိုင်း တစ်ခါရွှေ့၍ ငေးကြ၏။

"ဟယ်...ဘီဘီ"

စားပွဲပေါ်အရိပ်ကျ၍ မချက ဖျတ်ခနဲ မော့ကြည့်ရင်း

ညြိတကြီးဖြစ်သွားတာကိုပဲ ဘီဘီက မဲ့ခနဲပြုံးသည်။

"ငါမသိအောင် ကြိတ်ပုန်းခုတ်နေကြတယ်ပေါ့"

"အယ်...နင့်စကားကြီးကလဲ"

အနီရောင် ခါးရှည်ဆွဲသားအင်္ကျီက ခါးနားမှာ အတွန့်

းတွေနဲ့ ကားကားလေးဖြစ်ကာ အသားကပ်ဘောင်းဘီကလည်း

ရောင်ခြေကျင်းဝတ်အထိ ကြိုးသိုင်းဒေါက်မြင့်ဖိနပ်ကလည်း

ရောင်မို့ ဘီဘီပုံစံက မွန်းတည့်ချိန်မှာ နေနှစ်စင်းထွက်သလို

သွား၏။

"ထိုင်လေ...ဘီဘီ၊ ဘာစားမလဲ တခုခုမှာစားလေ"

ယံယံက သူ့ဘေးခုံမှာ ဆွဲထိုင်စေရင်း မေးပုံက ပျာပျာ

နဲ့ပဲဖြစ်သည်။ ယံယံဘက် မျက်နှာမူတော့ အခုနကရှိခဲ့သည့်

ခြင်း မျက်ဝန်းအရောင်တွေက မှိန်ဖျော့ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘာမှ မစားရသေးဘူး…ယံယံ"

"အေးလေ၊ အဲဒါဆို…ဒီမှာပဲ"

"ဟင့်အင်း၊ ငါ ဒီမှာ မစားချင်ဘူး၊ ပြီးတော့ အပြင်မှ ငါ့သူငယ်ချင်းတွေ ပါသေးတယ်ဟ"

ဘီဘီက ဆိုင်အပြင်ဘက်လှမ်းကြည့်ပြီး ပြောသည်၊

"ငါ သူတို့နဲ့ပဲ သွားလိုက်တော့မယ်၊ နင်တို့စကား မပြတ်သေးဘူး မဟုတ်လား၊ နေခဲ့ပါ"

ချက်ချင်း ဘီဘီက လှည့်ထွက်သည်။ ဒီလောက်အ မရက်စက်နိုင်တဲ့ မိုးယံက ဘီဘီလက်ကို လှမ်းဆွဲပြီးမှ မခ လှမ်းကြည့်တော့ တောင်းပန်တိုးလျှိုးတဲ့ မျက်ဝန်းတွေနဲ့။ ငါ လို သွားပါရစေလို့ ခွင့်ပြုချက်ယူနေသလိုလို။ ချစ်သူတွေဖြစ်ကြ ရက်ပိုင်းကာလအတွင်းရှိခဲ့သော ကြည်နူးခြင်းနှင့်အတူ ကြေ ခြင်းက အချိုးကျ ရင်ထဲ မို့မောက်ပြည့်တက်လာပေမယ့် ခေါင်းညိတ်ပြလိုက်သည်။

"ငါ…လိုက်ခဲ့မှာပေါ့ ဘီဘီရဲ့၊ နင်စားချင်တဲ့ဆိုင် လိုက်ကျွေးမယ်လေ မခ၊ ငါ ဒါတွေ ရှင်း…"





"ရတယ်၊ ငါ ရှင်းလိုက်မယ်၊ သွားတော့လေ၊ ဘီဘီ ဆာနေလောက်ပြီ"

အလိုက်တသိ ပြောတဲ့အသံက အဖျားခတ်မှာ တုန်ယင်ခဲ့သည်။ ယံယံ လက်မောင်းကို မှီချိတ်ရင်း ထွက်သွားသည်။ ကွင်းအား ငေးကြည့်ရင်း မျက်ရည်မဝေ့မိအောင် အံကြိတ် ောင့်ခံထားရတာ ခံစားရခက်လွန်း၏။ နားထဲကြားယောင်တာ း၊ ဘေးနားဝိုင်းကာ သီချင်းထဆိုတာလားမသိအောင် အသံတွေ ပါ်းရှုပ်ထွေး ဆဲကြားမှာ အမှတ်မထင် တိုးဝင်လာသည်။

"နောက်တစ်ယောက်နဲ့ တွဲလဲ ကိုယ် ခွင့်ပြုထား၊ အို… မသိဘူး အချစ်ဦးမို့ပါ"

အချစ်ဦးတဲ့။ အချစ်ဦးမှာပဲ ရှုံးအောင်ခံစားရတာရင်ထဲ သိပ်နေတာမို့ ခွင့်လွှတ်ဖို့ ခွင့်ပြုဖို့ နောက်တကြိမ်ဆိုတာ အတွက် ခက်ခဲလွန်းတာ တကယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ဟဲလို"

ဘေးနားက ဖုန်းမြည်လာ၍ ယံယံ ဖုန်းဖွင့်ထူးမှန်းသိပေ ယ့် မခ ့က အာရုံစိုက်မရ။ စိတ်အစဉ်က အင်မတန်ရယ်ရသည်ဟု မည်ကြီးနေသော ရုပ်ရှင်ကားဆီသာ ရောက်နေသည်။ ပိတ် းပေါ် စာတမ်းထိုးပုံကအစ ရယ်ရွှင်ဖွယ်ရာ ဒီဇိုင်းဆန်းတွေနှင့်မို့ ကားက နာမည်ကျော်တာဖြစ်မည်။ ဒီကားစတင်တဲ့ ရက်က ည်းက မခ ့ကြည့်ချင်တာဖြစ်၏။

"မြန်မာစကားဆို မကြိုက်ပါဘူး။ ပြီးတော့ရုပ်ရှင်ရုံ ထဲ ခံသွားမကြည့်ချင်ဘူး။ အခွေထွက်လာမှ ကိုယ့်အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com

အေးအေးဆေးဆေးကြည့်မယ်''

အဖော်ခေါ်မိတာ ငါ့အမှားလိုပြန်တောင်းပန်ရကိန်းဆိ သွား၏။ ဘီဘီတို့က အဲဒီလိုပင် အမြဲတမ်းမခ,အဖော်စပ် ငြင်းဖြစ်အောင်ငြင်းမည်ဟု သဏ္ဍာဆိုထားသလားဟု ထင်ရအေ မခ,တောင်းဆိုတိုင်း ခေါင်းညိတ်ခဲ့တာမရှိပေ။ ယံယံကိုပြောဖို တော့လည်း သူနဲ့ ကိုယ်က အရင်ကလို သူငယ်ချင်းသက်သ မဟုတ်တော့ပါ။ ချစ်သူအဖြစ် အသွင်ကူးပြောင်းစ ကာလ စောင့်စည်းစရာ ထိန်းသိမ်းစရာတွေများသည်ဟု မခ,ထင်ပါသ ထို့ကြောင့် မခ,က အဖော်မရှိ၍ ငြိမ်နေရပေမဲ့ ဒီကား ကြည့် စိတ်က ရှုစိတက်နေ၏။

''ငါတို့ ရုပ်ရှင်သွားကြည့်ရအောင်…မခ,ရာ၊ ချ ဖြစ်တဲ့ တစ်လပြည့် အထိမ်းအမှတ်လေ၊ နင်…ကြိုက်တဲ့ကား ငါက ချစ်သူတွေ လုပ်လေ့လုပ်ထရှိတာကို ပီပြင်အောင် လုပ် ရုံပဲ''

လက်ဝါးနှစ်ဖက်ပွတ်ပြီး မရွံ့မရဲလာပြောတဲ့ ယံယံ အဆုံးမှာ မခ,က ရှန်ဆောင်ရန် အချိန်လဲမရ။ ဘာဘာညာ





အမူပိုရန် သတိလည်းမရ။

''ငါ အရမ်းကြည့်ချင်နေတဲ့ ရုပ်ရှင်တစ်ကားတော့ ရှိတယ်ဟ၊ မြန်မာကားဆိုတော့ နင်ကြည့်မှ ကြည့်ချင်ပါ့မလားလို့''

''ရတယ်။ ဘာကားဖြစ်ဖြစ်''

နှစ်ဦးသဘောတူသွားမှ နာရီကြည့်တော့ ငါးနာရီကျော် နေပြီ။ ရုပ်ရှင်ရုံတွေ ချက်ချင်းဖုန်းဆက်တော့ ညကိုးနာရီပွဲ လက် မှတ်ပဲ ရတော့မည်။ လက်မှတ်ဆိုမှ နှစ်ယောက်သား ခေါင်းချင်း ရိုက်ကာ နှစ်စောင်မှာရမလား၊ သုံးစောင်လားဆိုတာ မျက်ဝန်းချင်း အသံတိတ်ဆွေးနွေးပြီးမှ ဆုံးဖြတ်တာ မိုးယံဖြစ်၏။

''ငါတို့…နှစ်ယောက်ပဲ ကြည့်မယ်လေ၊ ချစ်သူတွေဖြစ်တဲ့ အထိမ်းအမှတ်ပါဆို''

မိုးယံကို ထိုနေ့ ထိုအချိန်မှာ အားကိုးခြင်းနှင့် ချစ်စိတ်တွေ ဘယ်ကဘယ်လို ပွင့်အန်ထွက်လာလဲမသိ။ မိန်းကလေးသဘာဝ ချစ်သူက ကိုယ့်ဘက်မှာရှိတာကို သဘောကျတဲ့သူချည်းပဲမို့ မခ လည်း ဒီနေရာမှာတော့ မိန်းမ ဆန်ချင်ပါသေးသည်။ ဖေဖေ့ ကိုတော့ ယံယံနှင့် ရုပ်ရှင်သွားကြည့်မည်လို့ အသိပေးထားကာ



www.burmeseclassic.com

www.burmeseclassic.com



အမေနှစ်ယောက်စလုံးအား ဘီဘီကိုမပြောရန် တားရသေးသည်။ အန်တီယုကတော့ ပြောသည်။

"နှစ်ယောက်တည်း သီးသန့်ခွဲထွက်ချင်ပြီဆိုတော့ ဘာလဲ မေမေ ဝမ်းသာရတော့မှာလား…သား"

ယံယံကိုမေးပေမယ့် ရယ်မြူးရိပ်သန်းနေသော အန်တီယု မျက်ဝန်းတွေက မခ,ထံမှချည်းဖြစ်၏။

"ဘီဘီကံ မြန်မာကား မကြိုက်ဘူးအန်တီရဲ့ အဲဒါကြောင့်ပါ"

ဘီဘီပြောထား၍ အန်တီယုက ဘီဘီအား ချွေးမတော်ချင်တဲ့ စကားကိုသူမ မမေ့သေးပါ။ ထို့ကြောင့် ယံယံက ချစ်သူဖြစ်နေကြောင်း မိဘတွေဆီ အသိပေးမည်ဆိုတာကို မခက တားထားခြင်းဖြစ်သည်။ နှစ်ယောက်သား ဟိုဟို ဒီဒီသွားမလို့နှင့် လှူခဲ့ပြီး နိုးကြောင်နိုးဝှက် ထွက်ရတာလည်း ပျော်စရာဖြစ်၏။

"ဟဲလို…ဘီဘီ၊ မကြားရဘူးလား"

"အေး… ခဏ…ခဏ"

ယံယံက အပြင်ထွက်ဖုန်းပြောရန် သူမကို လက်ဟန်ပြ





သည်။ မခ,က ခေါင်းညိတ်ပြပြီး အာရုံက ပိတ်ကားပေါ်မှာ စူးစိုက်ထား၏။ ဇာတ်လမ်းက စနေပြီကိုး။ စစချင်းကတည်းက ကျေးလက်ခလေ့စရိုက်များနှင့် စိတ်ဝင်စားစရာမို့ မခ,က နစ်မျော သွားတာများ ယံယံ အနားမှာမရှိတော့တာ မေ့သွားတဲ့အထိ။ ခဏကြာမှ ယံယံက သူမနားပြန်ရောက်လာပေမဲ့ သူ့ခုံမှာ ဝင်မထိုင်။

"မခ"

"အင်း…ပြော"

နေကြာစေ့ ခွာခြင်းကြောင့် လက်ရောပါးစပ်ရော မအားသလို မျက်စိကို ပိတ်ကားက ခွာမရ၍ လှည့်မကြည့်ပဲထူးသည်။

"ဘီဘီဆီ ငါ ခဏသွားမှ ဖြစ်မယ်နဲ့တူတယ်"

"ဟင်…ဘယ်လို"

လက်ရောပါးစပ်ပါ ရပ်တန့်ခြင်းသို့ ရောက်သွား၏။ ယံယံ မျက်နှာလှည့်ကြည့်ပြီးမေးတော့ ရုံထဲမီးတွေမှောင်နေပေမယ့် ယံယံမျက်နှာက သိသာစွာ ယိုယွင်းပျက်ကျနေတာ သူမမြင်နေရ၏။

"ဘီဘီ…ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ မသိဘူးဟာ…ဒါပေမဲ့ တော်တော် အရေးကြီးနေတယ်နဲ့တူတယ်၊ ငါ ခဏလေးသွားပြီး ပြန်လာခဲ့မယ်ဟာ၊ ရုပ်ရှင်မပြီးခင် ပြန်ရောက်မှာပါ၊ နင်ဖြစ်တယ်မို့လား"

မဖြစ်ဘူး ပြောပြီး လက်ပြေးဆွဲထားရတဲ့ အထိ မခ,က အသည်းမငယ်တတ်။

"အေးပါ၊ ရုပ်ရှင်မပြီးခင် နင်ပြန်လာရင်ပြီးတာပဲ၊ အရောက်တော့ ပြန်လာနော် ယံယံ၊ ဒါပြီးရှိုးနဲ့ဆို မိုးအရမ်းချုပ်နေပြီ"

"အေး…အေး…ငါ ချက်ချင်းပြန်လာခဲ့မယ်"

သူမ ပါးတစ်ဖက်ကို ဖွဖွလိမ်ရင်းထွက်သွားတာ ဒရောသောပါး။ မခ,ကလည်း ပါလာသမျှ မုန့်စားရင်း ရုပ်ရှင်ထဲ စိတ်နှစ်ထားလိုက်မိတာက ဇာတ်ကားပြီးမှပဲ ယံယံပြန်မရောက်သေးတဲ့ အဖြစ်ကို သတိရသည်။ တစ်ရုံလုံး မီးတွေထိန်နေအောင်ဖွင့်၍ လင်းလင်းရှင်းရှင်းရှိသွားသောရုံထဲ ကြောက်စိတ်မဝင်မိပေမဲ့ ရုံအပြင်ခြေချမိတာနဲ့ မည်းမှောင်သောညက မာကျူရီမီးရောင်တွေနဲ့ ကြိုဆိုလေပြီ။ အားလုံးက ကိုယ့်အဖွဲ့နဲ့ကိုယ်မို့ ကားငှားပြန်ကြတဲ့လူတွေ ကိုယ့်ကားကိုယ်မောင်း၍ ပြန်ကြသူတွေကြောင့် စောစောက





ဆူညံနေသော ရုပ်ရှင်ရုံရှေ့ ချက်ချင်းတိတ်ဆိတ်သွားပြီး မခ,က ဟိုဟို ဒီဒီမျက်လုံးကစားရင်း ယံယံထံ ဖုန်းခေါ်ဖို့သတိရသည်။ ညဆယ့်တစ်နာရီထိုးပြီမို့ တက္ကစီငှားပြန်လို့ရပေမယ့် တစ်ယောက်တည်း မပြန်ရဲချေ။ ယံယံဖုန်းကတော့ စက်ပိတ် ထားတာနဲ့ချည်း တိုးနေ၍ ဖုန်းပြန်အပိတ် သူမထံ ဖုန်းဝင်လာသည်။

"ဘီဘီ…ယံယံရော ဟင်၊ ယံယံကို ဖုန်းပေး"

"ယံယံ အိပ်ပျော်နေပြီဟာ၊ နင့်အစီအစဉ်နဲ့နင် ပြန်လာတော့တဲ့"

ပြောပြီး ဖုန်းချသွားသည်။ မခ,က ချက်ချင်း မျက်ရည်တွေဝေ့တက်လာသည်။ ကြည့်လေရာတိုင်း လမ်းမကြီးက ရှင်းလင်းပြီး အားငယ်ချောက်ချားစရာအတိ။ ဒီလို ညနက်နက်မျိုး တစ်ခါမှ အပြင်မထွက်ဘူး၍ ကြောက်တာလည်းပါသည်။ ဖြစ်ချင်ရာဖြစ်လို့ စိတ်ပိုင်းဖြတ်ပြီး တက္ကစီငှားရန် လည်ဆန့်ပြီးရှာသည်။

"အိုး…သိပ်လှတဲ့ လိမ္မော်ရောင် နတ်သမီးလေးပဲ"

"အဖြူရောင်နတ်သမီးလုပ်စမ်းပါကွာ၊ ကားက အဖြူဟက်(ဖ်)ရှူးလေးလဲ အဖြူနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ငါကတော့ အစိမ်းရောင်လေးပဲ မြင်တယ်၊ သူ့အတွင်းခံက အစိမ်းလေး"

မခက် မျက်နှာတွေဖျန်းခနဲ ပူနွေးသွားသည်။ အောက်ခံက ကြိုးတစ်ချောင်းတည်း လည်ကုတ်ချိတ်အစိမ်းလေးမို့ အမြင်မရှိုင်းအောင် ခါးတိုကုတ်ထပ်ဝတ်လာတာဖြစ်သည်။ အနားသို့ ပတ်ဝိုင်းလာတဲ့ သုံးယောက်က မူးမူးရူးရူးပုံစံမဟုတ်ပေမယ့် လူကောင်းတွေမဟုတ်မှန်းလည်း သိသာနေသည်။ အရပ်တွေ လက်ဖျံအထိ ထိုးထားကာ စတီ(လ်)ဟင်း(န်)ချိန်းကြိုးတွေနှင့် အနက်ရောင် ဝမ်းဆက်ဝတ်ထားတာလဲ အတူတူ မျက်ခွံတွေမှာ Smookey eye ဟု ခေတ်စားနေသော အမည်းကြီးတွေ ခြယ်ထားကာ ဆံပင်တွေကျ ထိုးထိုးထောင်ထောင်။

"ဟော့ကောင်…ကလပ်ထဲမှာရှိတာတွေထက် ပိုလန်းတယ်မဟုတ်လား"

"ရိုက်(ထ်)..ရင်ထဲ အေးသွားတဲ့အလှတရားတွေနဲ့"

"ဟော့…ဆွိတီ"

"အို ဖယ်စမ်းပါ"





မေးဖျားကို လာတို့တဲ့ လက်ညှိုးကို မခက ခပ်ရိုင်းရိုင်း ပုတ်ထုတ်သည်။ ကြောက်တယ်ဆိုပေမယ့် သွေးထဲမှာရှိသော ဇကငုတ်လျှိုးမသွား။ ရှေ့မှပိတ်ရပ်ထားတဲ့ နှစ်ယောက်ကို တွန်းထိုးထွက်ရန် ရည်ရွယ်ပေမယ့် မာကျောသောနံရံကိုထိပြီး ပြန်ကန်ထွက်လာတဲ့ တင်းနစ်ဘောလုံးတစ်လုံးလို သူမပဲ ပြန်ယိုင်ထွက်သွား၏။

"ဟော့…မင်း…မရိုင်းစမ်းပါနဲ့"

ခေါင်းဆောင်ဖြစ်ဟန်တူသူက မခ၏ပခုံးတစ်ဖက်ကို ခပ်ဆောင့်ဆောင့်ပိတ်တွန်းရင်းအော်တော့ သူမ အသာငြိမ်နေရ၏။ အားလုံးက မိုက်တီမိုက်ကန်းရုပ်တွေနှင့် ပြီးတော့ လမ်းမကြီးပေါ်ကူကယ်ရာမဲ့ သူမ တစ်ယောက်တည်း။ တွေးရင်ပင် ကြောက်စိတ်၊ ဒေါသ်ားရိမ်စိတ်တွေရောကာ မျက်ရည်ပိုးပိုးပေါက်ပေါက် ကျလာ၏။

"လာငိုပြမနေနဲ့ မသနားဘူး၊ မင်းကိုလည်း ငါတို့က သူလွှန်းလို့ စူးစမ်းတဲ့သဘောပဲ"

"ဒီမှာ"

ခေါ်လဲခေါ် မေးဖျားပါ ဆွဲလှည့်တော့ လူက အရပ်မ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလို လည်ထွက်သွားသည်။

"ငါတို့ ကလပ်ထဲမှာ ကဗို့ မင်းကိုလာခေါ်တာ"

"ဘာရှင့်…ရှင်တို့ ကျွန်မကို ဘာထင်နေလဲ"

ငိုချင်တာ ဝမ်းနည်းတာသက်သက်။ ကလပ်မှာ ကဗို့ အခေါ်ခံရတဲ့အဖြစ်ကို ဒေါသဖြစ်တာသက်သက်နှင့် သပ်လျှိုထား သောမာနက ရှုးခနဲ ခေါင်းထောင်ထလာသည်။

"ဘာထင်နေလဲ…ဟုတ်လား…အဟား"

ထိုလူက ခါးထောက်ရပ်ရင်း ခေါင်းမော့ရယ်သည်။

"ရယ်ရတယ်၊ ဒီမှာ မိန်းမချောလေး၊ ဒီအချိန် ဒီလို နေရာမှာ အခုလိုတစ်ယောက်တည်းရှိနေတဲ့အဖြစ်ကို ငါတို့က ဘယ်လိုသတ်မှတ်ရမလဲ၊ အဟွန်း…မင်းပဲ အပြောကောင်း"

"ဘာရှင့်…ရှင်…ရှင်တို့"

လက်ညှိုးထိုးထားတာတောင် ဝမ်းနည်းစိတ်ကြောင့် တဆတ်ဆတ် တုန်ခါရမ်းနေသည်။ မျက်ရည်တွေက ချောင်း ရေလျှံသလို တသွဲ့သွဲ့ ဖြာဆင်းလာခဲ့သည်။ ဘဝမှာ ဒီတစ်ကြိမ် လောက် တစ်ခါမှ အစော်ကားမခံဖူးခဲ့။ ဒီတစ်ကြိမ်လောက် သိက္ခာ





…တဲ့အဖြစ်မျိုး မရှိဖူးခဲ့။ အခု…အခုတော့။

"ငါ…သူကို့ သိတယ်"

အသံရှင်နှင့်အတူ အရိပ်တရိပ်က သူမတို့ကြားဝင် …လိုက်သည်။ ရုတ်ခနဲရသည့် ကိုယ်သင်းရနံ့က လတ်ဆတ်သော …ကရနံ့နှင့်အတူ စီးကရက်နံ့ပါတ်ရောထွေးနေတာ သတိ …းမိ၏။ မခ အားကိုးတကြီး မော့ကြည့်သည်။

"ဟင်"

ဘာမှမထူးတဲ့ အဖြစ်ပါလားလို့ ရင်ထဲက အော်ကာ …ကျ်ရာနေရာမှာ ခြေဆင်းငိုချင်စိတ်ပေါက်သွားရသည်။ အဖြာ …က်ရှပ်အင်္ကျီကို တံတောင်းဆစ်များအထိ လက်ခေါက်ထား၍ …က်ဖျံတစ်လျှောက်မှာ တက်တူးတွေက ရှေ့မှ လူသုံးယောက် …က်များသည်။ ကုတ်တောက်ဆံပင်ပျော့တွေကို အားလုံးစုသိမ်း၍ …က်မှာချည်ထားပုံက တကယ့်ဂိုဏ်းစတားလို ခပ်မွှမွှ ဘောင်းဘီ …ထဲလက်စုံနှိုက်ပြီး နှုတ်ခမ်းဖျားမှာ စီးကရက်တပ်ပြီး စကား …သောအခါ စီးကရက်တလှုပ်လှုပ်ဖြစ်နေပုံက အသည်းယား …ယ်ပါ။ ထူးဆန်းတာက မခရှေ့မှ သုံးယောက်စလုံးက သူမြင်



www.burmeseclassic.com

www.burmeseclassic.com

တာနှင့် သူမနှင့်ဝေးရာ မြွေသွားပုံက သူမထံ လျှောက်လာနိုင်ရန် လမ်းဖွင့်ပေးသည်။

"ငါ သူ့ကိုသိတယ်၊ ဒီတော့ ငါခေါ်သွားမယ်၊ ကျေနပ် လား"

မျက်ခုံးပင့်ကာ မေးဆတ်မေးပုံကလဲ ခပ်ရင့်ရင့်။

"မင်းသိတယ်ဆိုရင်တော့ မင်းသဘောပေါ့ ရပါတယ် ဘော်ဒါချင်းပဲ ငါတို့လက်ရှောင်မယ်"

"အိုကေ…သင့်(ခ)ယူ"

ပခုံးကို လှမ်းပုတ်ရင်း ကျန်လက်တစ်ဖက်က မခ, လက် ကို လှမ်းဆွဲသည်။ ညင်သာခြင်းမရှိသော သူ့ဆွဲခေါ်ခြင်းမှာ မခ… ဒရွတ်တိုက်မတတ် ပါသွားတာ ဟိုးခပ်လှမ်းလှမ်း ရောက်တဲ့အထိ ဟိုလူတွေနှင့် အတော်ကြီးဝေးသွားမှ သူက မခလက်ကို ဖြုတ် ချသည်။

"ကဲ…ပြော…ဘယ်နေရာကို ပို့ပေးရမှာလဲ"

"ရှင်"

ပြန်မော့ငေးတဲ့ မျက်နှာက မျက်ရည်လက်ကျန်တွေ…





…ရွှဲစွတ်။ ထိုလူက မခ,မျက်နှာကို တစ်ချက်ပဲကြည့်ကာ စိတ်မ …င်စားသလို မျက်နှာပြန်လွှဲသွားသည်။ ထို့နောက် ခပ်လှမ်းလှမ်းရှိ …ဘားမြင့်မြင့်ကြီးအား ရိုမု(တ်)နှင့် လှမ်းဖွင့်သည်။

"ပြောလေ"

"အို…ရှင်နဲ့ မပြန်ပါဘူး"

"ဘာကွ"

ဒီဘက်ပြန်လှည့်လာသော မျက်ခုံးနှစ်ခုက ထိစပ်လုနီး …း အတွန့်ချိုးလိုက်၏။

"မင်း…ဘာပြောတယ်"

"မခ,ကိုယ့်ဟာကိုယ်ပြန်မယ်"

"အဲဒါဆို အစောကြီးကတည်းက ပြန်ပါလား ဟိုကောင် …တွေ ရှေ့ကျတော့ မျက်ရည်တစ်ဖက် နှက်ချေးတစ်ဖက်နဲ့"

"အစောကြီးကတည်းက ပြန်မလို့ပါပဲ၊ ကျားကြောက်လို့ …ကြီးကိုးတာ ရှင်ကြီးပိုဆိုးတဲ့အဖြစ်တော့ အရောက်မခံနိုင်ဘူး"

မခ,က ကက်ကက်လန်အောင်ရန်တွေ့ရင်း လာနေတဲ့ …စီကို လက်လှမ်းတားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးမတင်ထိုက်သူမို့ ကျေးဇူးဆိုတာ မပြောတော့ဘူး"

"တောက်...ငါကွာ"

လျှောခနဲထွက်သွားတဲ့ တက္ကစီနောက်မြီးအား စီးကရက်နှင့်ပစ်ပေါက်ရင်း ဒေါသတွေကို နိဂုံးချုပ်ပစ်ရသည်။ ဘယ်လိုဟာမလေးမှန်းမသိ။ ကူညီတာကိုပဲ...မယုံသင်္ကာနှင့် ထပ်ကြုံခဲ့လာခဲ့ရင်တော့ ပစ်ထားလိုက်တော့မည်။ ခံပါစေ ဒင်းထိုက်နဲ့ဒင်းကံ။

■ ■ ■



## အခန်း (၁၀)

"ငါ သည်းမခံနိုင်တော့ဘူး ယံယံ"

အဆက်အစပ်မရှိပြောသော စကားပေမယ့် အကြောင်းသိအချင်းချင်းမို့ ဘာကိုရည်ရွယ်မှန်း နှစ်ယောက်စလုံးသိပါသည်။ ယံယံကို ကန်စပ်ရှိ သစ်ပင်ကြီးကိုမှီပြီး ရေကန်ကိုငေးကြည့်နေရာမှ ဒီဘက်ပြန်လှည့်သော မျက်နှာမှာလည်း စိတ်ညစ်ညျုးခြင်းများ အပြည့်။

"အဲဒီညက နင့်ဆီ အမှီပြန်လာဖို့လုပ်သေးတယ်၊ ဒါပေမဲ့ သူတိုက်တဲ့အအေးကိုသောက်ပြီး ငါ ဘယ်လို အိပ်ပျော်သွားလဲ မသိဘူး မခရာ၊ အဲဒီညအတွက် ငါတကယ်တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တောင်းပန်ရုံနဲ့ ပြီးမသွားဘူး"

"မခ"

ခပ်တန့်တန့်ဖြစ်နေသော မခမျက်နှာက အရောင်ရင့်နေ
စစ်စိမ်းရောင်ဂျင်း(န်)ကွာတား၊ အစိမ်းရင့်ရောင်တီရှပ် တိုက်ပ်က
ပေါ်က ထပ်ဝတ်ထားတာ အစိမ်းပုပ်ပုပ် ဂျက်ကက်ခါးတိုလေးန
စီးထားသော ဝေါ့ကင်းရှူးကလည်း အစိမ်းမို့ မခ တစ်ကိုယ်
စိမ်းချင်တိုင်း စိမ်းနေသည်။ ထိုအစိမ်းသည် သူမမျက်နှာနှင့် နှ
သားကို ရောင်ပြန်ဟပ်နေသလား။

သူ မသိပေမယ့် တွေ့နေကျ။ မခ မျက်နှာမျိုးမဟုတ်
တော့ သေချာသည်။

"မခ…ငါပြောတာက"

"တော်ပါတော့…ယံယံ"

ရှေ့တွင်လာရပ်နေသူအား မခ့က မော့မော့လေးကြ
ပြီး အေး[illegible]ကြာတားသည်။

"အဲဒီညအကြောင်း နင်ထပ်မပြောပါနဲ့၊ ငါ့မှာ က
မျက်လုံးနီး ကြောက်ခဲ့ရတဲ့ ညအကြောင်း နင်ထပ်မပြောပါ





နေ့အထိ အဲ့ဒီညအကြောင်းက ငါ့ကို ခြောက်လှန့်နေတဲ့ အိမ်မက်
ဆိုးညပဲ၊ ငါ…ကြောက်တယ်၊ ပြီးတော့ နင့်ကို မယုံတော့ဘူး
ယံယံ၊ အထူးသဖြင့် ငါ့ကိုချစ်တယ်လို့ပြောခဲ့တဲ့ နင့်အချစ်ကို ငါ
ယုံရင်တော့ဘူး"

"နင်…ဒီလိုမပြောနဲ့ မခ"

သူ့အချစ်ကိုထိတော့ ယံယံက ထိပ်ပုတ်ခံသောမြွေဟောက်
တစ်ကောင်လို ချက်ချင်း ရှူးရှူးရှဲရှဲထဖြစ်သည်။

"ငါ့အချစ်က အားလုံးကို ခွင့်လွှတ်ရဲတဲ့အချစ်၊ ငါ့ဘဝမှာ
နင့်တစ်ယောက်ကိုပဲ"

"နင်…စွန့်လွှတ်ရဲတဲ့အထဲမှာ ဘီဘီမပါဘူးမို့လား"

"ဟ…ဘီဘီက ငါတို့ရဲ့ ငယ်သူငယ်ချင်းလေ၊ ပြီးတော့
ငါတို့ကြောင့် ဘီဘီ ဒဏ်ရာရခဲ့တာ နင်လည်းသိတာပဲ၊ ဟိုး
ကလေးဘဝကတည်းက ဘီဘီနဲ့ နင့်ကိုယှဉ်ရင် ငါ နင့်အနားမှာပဲ
ရှိခဲ့တဲ့ကောင်ပါ"

"အဟွန့်…ငါ့နားမှာရှိပေမယ့် တကယ်တမ်း ချန့်ရစ်
ခံခဲ့ရတဲ့သူကလည်း ငါပါပဲ ယံယံ"



www.burmeseclassic.com

www.burmeseclassic.com



မျက်တောင်ကော့တွေ ဝန်းရံထားသည့် မျက်အိမ်ကျယ်
မျက်ရည်တွေ တရိပ်ရိပ် ပြည့်တက်လာသည်။ မျက်ခမ်းစပ်
တွေ နှာသီးဖျားလေးတွေက ငိုချင်စိတ်ကို ထိန်းထားရ၍
လာတာကို အသားဖြူသူမို့ ထင်ရှားစွာတွေ့နေသည်။

"ငါ…မပြောခဲ့ဘူး၊ ပြောခဲ့ရင် နင် ကြားထဲမှာ စိတ်
မှာနိုးလို့ နင့်ကိုငဲ့တော့ ငါခံစားရတယ် ယံယံ၊ ဒီလို အဖြစ်မျိုးတွေ
နိုးကြောင်နိုးဝှက်လုပ်နေရင် ထပ်ကြုံလာရမှာ သေချာတယ်"

"အဲ့ဒါကြောင့် မိဘတွေကို ဖွင့်ပြောပြီး"

"နင်နဲ့ငါ့ကြားမှာ ရှိနေတာ မိဘတွေမှ မဟုတ်တာ

နင်…ဘီဘီကို ဖွင့်ပြောသင့်ပြီလို့ မပြောရုံတမယ်ပေ
သူ့ သဘောပေါက်ပါသည်။ တစ်ဖက်က ချစ်ရသူ။ ကျန်တစ်ဖ
က သူ မရှိလျှင် ရပ်တည်ရန်ခက်ခဲမည့် သနားဖွယ် သူငယ်ချ

"ဘီဘီအကြောင်း နင်သိသားနဲ့ မခရာ"

"ကောင်းပြီ၊ ဒါဆိုရင်တော့ နင်နဲ့ငါ ရှေ့ဆက်ဖို့ စဉ်း
တော့မယ် ယံယံ"

"မခ"





အလန့်တကြားခေါ်သံနှင့် ထိတ်ထိတ်ပျာပျာဖြစ်သွားသော မျက်နှာကိုကြည့်ပြီး သူမ မကြည့်နိုင်တော့။ ကိုယ့်အနားမှာ ရှိခွင့်ပေးပြီးမှ သူတစ်ပါးခေါ်ရာနောက် ကောက်ခနဲပါသွားသည်။ သူ့ကျောပြင်ကို မခ့က ဝေးရင်းဝမ်းနည်းစိတ်နှင့် ငိုခဲ့ရသော ရက်တွေကို နှမြောသည်။ မခ့ကို တန်ဖိုးထားကြည့်နိုင်ခွင့်ရသော အချိန်လေးသည် ဘီဘီပင့်သက်တစ်ရှိုက်မှာ ပျောက်ကွယ်ခံရတာကို ကြည့်ပြီး စိတ်မကောင်းလည်းဖြစ်ရ၏။ အချစ်ဆိုတာ အရာရာ ရင်ဆိုင်ခြင်း။ ချစ်သူဆိုတာ ကိုယ့်တစ်ဘဝလုံး မှီနွဲ့အားကိုးရမည့် ခိုလှုံသူလို့ ယူဆထားသမျှ ယံယံရဲ့ တွေဝေခြင်းအောက်မှာ ကြေမွ ပျက်စီးခဲ့သည်။

"နင်…ငါ့ကို နားမလည်ဘူး…မခ"

သြော်…ဖြစ်ရလေ။ နှလုံးသားတခုလုံး ထိုးကျွေးပြီးတာတောင် နားလည်မှု ပေးရဦးမယ်တဲ့လား။

"ဒါပေမဲ့…ငါတို့ အချစ်ကိုတော့"

မခ့က ချောမွေ့တည်ကြည်ပေပုံ သောကကြောင့် ဗျာများနေသော ယံယံကို စိုက်ကြည့်ကာ…



www.burmeseclassic.com

www.burmeseclassic.com



"နင်လည်းပြန်စဉ်းစားပါ၊ ချစ်သူနဲ့ သူငယ်ချင်း ရင်ဘတ်ထဲ ထည့်ထားပုံချင်းတူပေမယ့် သံယောဇဉ်တွေ ခံစားမှုတွေက အချိုးညီတော့ မဖြစ်သင့်ဘူး ယံယံ၊ ချစ်သူအမည်ခံပြီး သူငယ်ချင်းလောက်အရေးမပါတဲ့ဘဝကို ငါ မကြိုက်ဘူး၊ ဒီရက်ပိုင်းအတွင်း အဖြေတစ်ခု မရမချင်း နင်နဲ့ငါ မတွေ့ကြတာကောင်းမယ် ယံယံ"

ပြောချင်တာပြောပြီး မခ႑က လှည့်ထွက်တဲ့အထိ ယံယံက ရောက်ရာနေရာမှာ ခြေစုံရပ်ပြီးကျန်ခဲ့၏။ အပွန်း…ချစ်သူတဲ့။ ဒါ ချစ်သူတဲ့လား။ ဒါ သူ့အချစ်တွေလား။ လာကြတုန်းက အတူတူ။ သူကားနဲ့ ခေါ်လာပေမယ့် ဒီအတိုင်း ပြန်သွားတဲ့မခ႑ကို ကြည့်ရင်းကျန်ခဲ့သော ယံယံအချစ်ကို သူမ လက်ဖျားခါတဲ့အထိ အံ့ဩသည်။ ဝမ်းနည်းစိတ်ကတော့ ပြောဖွယ်ရာမရှိ။ နှလုံးသားမှ စိမ့်ထွက်ကာ တစ်ကိုယ်လုံးဆီ ဆူးချွန်တွေနဲ့ ထိုးနေသည့်အလား တစိမ့်စိမ့် နာကျင်နေခဲ့သည်။

"အဲဒါ…ငါတို့ UFLရဲ့ ကွင်း(န်)"

အနားမှ ဖြတ်လျှောက်သွားတဲ့ အရိပ်ကိုကြည့်ပြီး ဘေးက ဖေကြီးက ပြောသဖြင့် ဖတ်လက်စ စာအုပ်မှ အကြည့်ကို ဖယ်ကာ





သူမော့ကြည့်သည်။ ပါးရိုးကားပေမဲ့ သွယ်လျသော မျက်နှာနှင့် မျက်တောင်ကော့တွေက ဘေးတိုက်မို့ ပိုထင်ရှားသည်။ အဖြူပေါ် အစိမ်းတင်ထားတာကြောင့် အသားက ပိုဖြူသွားသလိုရှိကာ ထို ဖြူသောအသားကြောင့် ဝတ်စုံအရောင် ပိုတောက်သွား၏။ ဒီတစ်ယောက်ကိုမြင်တာနဲ့ သူက ဟိုညကအဖြစ်ကို သတိရသွားတာ သူမရဲ့ မာရေကြောရေရှိလှသည်။

"ဘယ်လိုလဲ မိန့်၊ နိုက်သွားပြီလား"

"UFLကွင်း(န်)၊ ဒါဆို သူက မြေမခပန်းပေါ့"

"ရိုက်(ထ်)"

"အင်း…ငါတို့ ကျောင်းအထိ သူ့သတင်းကကြီးတာ တော့ အမှန်ပဲ"

ကားတံခါးဖွင့်ကာ အပြင်ဘက်ဆီခြေချရင်း သူက ပြော၏။

"လူကိုတော့ အခုမှ မြင်ဖူးတာ၊ ငါတို့ ကျောင်းက ကောင်တွေက သူ့လိုတင်စားတာ ဒတ်(တ်) မေ့(စ်)တဲ့"

"မျက်နှာသေကြီးပေါ့၊ အဲဒါတော့ ဟုတ်တယ်ကွ၊ ရယ်ခဲ



www.burmeseclassic.com

www.burmeseclassic.com



ပြုံးခဲ့တယ်၊ မာနလည်း ကြီးတယ်နော်၊ တစ်ကျောင်းလုံး မေရှာ တူသူတောင် အခေါ်အပြောရှိတာ မဟုတ်ဘူး၊ သူငယ် သူငယ်ချင်း ကောင်မလေးနဲ့ ကောင်လေးကိုပဲ ခေါ်တာပြောတာကွ၊ အခု နောက်ဆုံးရထားတဲ့ သတင်းက အဲဒီနှစ်ယောက်က ချစ်သူတွေဆိုပဲ၊ အဲဒါကို သူက ကောင်လေးကို ဝင်လုထားတဲ့ဒီမိုင်းကွ၊ သူ့သူငယ် ချင်းကောင်မလေးက လုံးဝနူးညံ့တယ်၊ ဝတ်ပုံစားပုံလည်း မိန်းမ ဆန်တယ်"

"သုံးပွင့်ဆိုင်ပေါ့"

"အေးပေါ့၊ ဟိုးမှာရပ်နေတာ သူငယ်ချင်း ကောင်လေး လေ"

ဖေကြီးညွှန်ပြသောရာ လှမ်းကြည့်တော့ ကန်စပ်ဘေး ရပ်နေသည့် အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် ဂျင်း(န်)တဲမင်း(န်) စတိုင် တစ်ယောက်ကိုတွေ့သည်။ မိန့်က စီးညိုရောင် မျက်မှန်ကို နဖူးစပ်မှ မျက်ဝန်းတွေဆီ ပြန်ဆွဲချသည်။

"ကိုရီးယားမင်းသားတွေ စတိုင်(လ်)ပဲ၊ ပြီးတော့ သူ့ ချစ်သူ ငါယူဆိုတာလည်း ကိုရီးယားရဲ့ ရိုက်ခတ်မှုတွေလေ၊ အဲ





အတိုင်း ရှိမှာပေါ့၊ မထူးဆန်းပါဘူး"

"ငါ့အတွက်ကတော့...ထူးဆန်းတယ်"

"မင်းက စပ်စုချင်တာပါ...ဖေကြီးရာ"

မိန့်က ကားထဲဝင်ထိုင်ပြီး စက်နှိုးရင်း ပန်းခြံထဲက ထွက်ဖို့ ပြင်သည်။ စာမေးပွဲတွေ တစ်ခုပြီးတစ်ခုဆက်ကာ နေ့မအားညမနား တကျက်နေရသော ဆေးကျောင်းသားဘဝထဲမှ သူခဏ ရုန်းထွက်ပြီး အေးရာအေးကြောင်း အနားလာယူခါမှ သားမှာ စုံစမ်းစစ်ဆေးရေး ကောင်နှင့် လာတိုးနေသည်။

"မစပ်စုလို့ မရဘူးကွ၊ ငါနဲ့ လေလင်းက လောင်းထား တာ"

"ဘာကိုလဲ"

ကားကို ထွက်ပေါက်ဆီ ဦးလှည့်ရင်း မိန့်က မေးသည်။

မိုးယံက မြေမခပန်းနဲ့ပဲလား။ ဂမ္ဘီကျော်ဇော်ရဲ့ ချစ်သူ သားဆိုတာ။ ငါက ဂန္တီကျော်ဇောဘက်က။ အခုတွေ့နေရတဲ့ အနေ အထားကိုကြည့်ရရင် ငါ နိုင်ဖို့သေချာတယ်"

"အပိုင်ကြီးပါလား လဒရယ်၊ ဟိုမှာ ပန်းခြံထဲတောင်



www.burmeseclassic.com

www.burmeseclassic.com



အတူလာတာကို''

''သွားပြီ၊ မင်းတို့ဆေးကျောင်းသားတွေက နှာစေး ချောင်းဆိုးဖြစ်တာနဲ့ တန်းပြီး H N လို့ သတ်မှတ်တာကိုး''

''ဘာမှ မဆိုင်ဘူး''

''အကြီးကြီးတွေးပစ်တာကို ပြောတာကွ၊ တစ်ခါတလေ ကျတော့လည်း ရိုးရိုးတုပ်ကွေးမိတာ ဖြစ်တတ်တာပဲ''

''အဲဒါကျတော့ မင်းတို့ UFL ကျောင်းသားတွေက သေးသေးလေး တွေးတာကိုး၊ နှာစေး ချောင်းဆိုးတိုင်း တုပ်ကွေး ထက်ကြီးတဲ့ရောဂါ ဖြစ်တတ်တာပဲ''

''ကဲ…ပြောစမ်းပါဦး၊ မင်း တွေးတဲ့အကြောင်း''

''ဟ…မင်းကြည့်လေ။ မိုးယံက တကယ်ချစ်တဲ့ သူ့ ချစ်သူတစ်ယောက်တည်း ထွက်သွားတာမြင်ရင် ဒီအတိုင်း လွှတ် ထားမှာလား…ပြော''

အဖြေကို ပြန်မဖြေနိုင်ခင်မှာပဲ ထွက်ပေါက်ရှေ့မှာ တကွကွစီဝှားနေသည့် အစိမ်းရောင်အရိပ်လေးကို ဖျတ်ခနဲတွေ့လိုက် ရသည်။ ဘာရယ်ကြောင့်မှန်းမသိပေမယ့် သူမကိုကျော်သွားတဲ့





အထိ မာကျောကျော ဒတ်(တ်)ဖေ့(စ်)ကို နောက်ကြည့်မှန်က ချက်လုံးရွှေ့ပြီး ကြည့်မိသေးသည်။ ဧကြီးကတော့ သူ့ထင်မြင် ချက်ကို ပြောသည်။

''ကိုမှန်းသေတယ်ကွ၊ မိုးယံက ဂမ္ဘီကျော်ဇောရဲ့ ဘဲဖြစ်ရ မယ်၊ ငါတို့ ကွင်း(န်)လေးကို သနားတယ်ကွ၊ တောက်… ကြွေစရာ ရင်ခွင်တွေ ဒီမှာရှိသေးတယ်ဆိုတာသိအောင် ပြောပြချင်သေးတာ''

သူ့ရင်ဘတ်ကို ပုတ်ပြီးပြောနေတဲ့ ဧကြီးကို မိန့်က ခွစောင်းစောင်း ကြည့်သည်။

''နှာဘူး''

ပျစ်ပျစ်နှစ်နှစ် ကောင်းချီးပေးလိုက်သေးသည်။ နားထဲမှာ ကြားယောင်နေတာက ဟိုးအရင်က သီချင်းတစ်ပိုင်းတစ်စ။

''တဖက်သတ် နှစ်ဖက်သတ် အလကားအချစ် မင်းမရှိလို့ ငါမှာ ဘာမှမဖြစ်''

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ငါက Tablet ကြည့်မလားလို့"

"ဝယ်မှကြည့်နော်…လေင်း"

"ဝယ်တာတော့ ဝယ်မှာပေါ့။ ဒါပေမဲ့စုံအောင်လျှောလာပြီးမှ"

"ကျစ်…မင်းနဲ့ အဲ့ဒါကြောင့် မလိုက်ချင်တာ"

ဖေကြီးက ကူရှင်ပေါ် ခေါင်းပါ ဖတ်ခနဲ မှီချရင်း ထအော်သည်။ ကားက ပလာဇာရဲ့ ပါကင်ထဲကွေ့ဝင်ကာ လွတ်ရာမှာ ရပ်ပြီးတဲ့အထိ အဲဒီနှစ်ယောက်က ပွက်ပွက်ထအောင် ညှိနှိုင်းဆဲ။

"မင်းဟာကလည်း တွေ့ရာကောက်ဝယ်လို့ရမလား၊



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားပြီးပြော၊ မင်း မိန်းမယူရင်ရော၊ မိန်းမဖြစ်ရင် ပြီးရောဆို[illegible]
တွေ့ရာကောက်ယူမလား၊ ကဲ…ပြော"

"ဟော့ကောင် Tabletနဲ့ မိန်းမ အစေးကြီး၊ မင်းမဆိုင်[illegible]
တွေ မဖောက်နဲ့"

"ဘာမှမဝေးဘူး Tabletလဲ အပြား၊ မိန်းမလည်း…"

"ဟော့ကောင်"

မိန့်က ဝင်အော်တော့မှ လင်းထက်က ရယ်ကျဲကျဲ။

"ငါ ပြောတာက Tablet ဝယ်ပြီး အကြာကြီးသုံးရ[illegible]
မိန်းမယူပြီး တစ်ဘဝလုံးနေရတာ အတူတူပဲဆိုတော့ တွေ့ရာဝယ်[illegible]
မရဘူး၊ အရမ်းစစ်ဆေးပြီးမှ အဲ့ဒါကိုပြောတာ…ဟဲဟဲ"

"အေးပါ အကြာကြီးသုံးရတာ ကယ်လိုက်လို့၊ မိန့်[illegible]
ထင်တာ မှန်တယ်"

"ထင်ရာမြင်ရာတွေ လုပ်မနေနဲ့၊ သွားတော့၊ ငါ့အ[illegible]
Ultimate Mobile Gameing ခလုတ်တခု ဝယ်ခဲ့"

မိန့်က ပိုက်ဆံထုတ်ပေးရင်း ဝယ်ချင်တာမှာတော့[illegible]
ကောင်သား မျက်လုံးတွေပြူးကြည့်သည်။





"မင်း မလိုက်ဘူးလား"

"သွားစမ်းပါကွာ၊ မျက်စိရှုပ် နားရှုပ်နဲ့၊ ငါ ဒီမှာ သီချင်း
နားထောင်ပြီး နေခဲ့မယ်"

ပြောတုန်း ပြောဆဲမှာပဲ ကားပါကင်ထဲသို့ တက္ကစီတစ်စီး
ချိုးဝင်လာ၏။ တက္ကစီဝင်လာတာ မဆန်းပေမယ့် ဆန်းတာက…

"ဟော့ကောင်…မြေမခယန်းကွ"

"မျက်မှန်အကြီးကြီး တပ်ထားတာ ဆယ်လီဘရစ်တီ
အတိုင်းပဲ"

ငလင်းနှင့် ဖေကြီးတာ လှုပ်လှုပ်ရှားရှားဖြစ်သွားကာ စော
စောက မတည့်တာတွေ။ အော်ဟစ်ကြတာတွေလည်း မေ့သွားပုံ
ရသည်။ မြေမခယန်းကတော့ သူတို့ကို သတိထားမိဟန်မတူ။
တက္ကစီပေါ်က ဆင်းပြီး ကားပါကင်ဝင်းထဲ ဟိုဟိုဒီဒီရှာနေသည်။

"ဟော့ကောင်…ဝတ်ထားတာ တကယ်လန်းတယ်"

"အေးကွာ…သူကတော့ ဘယ်အချိန်ကြည့်ကြည့် ဘယ်
သူနဲ့ယှဉ်ယှဉ် တကယ်ကွင်း(န်)ပါပဲ"

ဒီကောင်တွေက သွားရည်တမြမြနှင့် မှတ်ချက်ပေးနေ



www.burmeseclassic.com

www.burmeseclassic.com



သလောက် မိန့်ကတော့ ဒီအတိုင်းပဲ ကြည့်နေမိသည်။ မျက်
ထက်ဝက်ထိ အုပ်ထားသော မျက်မှန်က ခရမ်းဖျော့ရောင် လည်ပ
ပြဲပြဲတီရှပ်က ခါးတိုအဖြူရောင်ကို ရင်ဘတ်မှာ ဆေးအနက်
လေဒီဂါဂါပုံ ရိုက်ထားသည်။ ခါးပေါ်တက် ဂျင်းပင်(န်)က ကြ
နှစ်ရောင်အဖျော့စကင်(န်)နီနှင့် ကြိုးသိုင်းဖိနပ်က အဝါရောင်
အမြင့်သုံးလက်မလောက်တောင် ရှိမည်လားမသိ။ အင်းပေါ်
ပေမမို ဒေါက်မမိုတော့လည်း ခုတန်တာ ခုရတာပေါ့လို့ ခပ်လော
လောင် အတွေးက မထူးဆန်း။

"ဟိုမှာ ကားထဲက ထွက်လာတာ မိုးယံကွ၊ ဓ
ငါနိုင်ပြီ၊ မိုးယံနဲ့ မြေမခပန်း ပလာဇာမှာ ချိန်းထားတာ
မြေမခပန်းလာတာနဲ့ ပလာဇာပေါ်တက်ပြီး အဲ"

ဝမ်းသာအားရပြောတဲ့ လင်းထက် ပါးစပ်ကြီး အဲ
အော်ကာ တိတ်ကျသွားရသည်။ ထင်ထားသလို မဟုတ်ခဲ့။ မိုး
က သူ့ကားထဲကထွက်ပြီး မြေမခပန်းစီးလာတဲ့ တက္ကစီ
တက်ကာ နှစ်ယောက်အတူ ပြန်ထွက်သွားခြင်းဖြစ်သည်။ လ
ထက်က သူထင်တာ လွဲသွား၏။

"ဟား...ဘာလဲဟ"

နဖူးရိုက်ကာ အော်သည်။

"ဘာမှမလဲဘူးလေ၊ မင်းထင်တာတစ်ခုမှ မမှန်ဘူး"

"ငါ့စိတ်ထင် ကားပျက်လို့ မြေမခပန်းကို လှမ်းခေါ်ပြီး"

"ကားပျက်တိုင်း လှမ်းခေါ်ရအောင် မြေမခပန်းက
နှစ်မှ မဟုတ်တာ"

"အဲဒါဆို ကားရှိရဲ့သားနဲ့ ဘာလို့ တက္ကစီပေါ်တက်သွား
လဲ"

"ဩော်...သိချင်ရင် လိုက်မေးလေ၊ ဒုက္ခပဲ"

ဓကြီးကို ခပ်တည်တည်နှင့် ဝိတ်ဆောက်ပြီးမှ လင်းထက်
ပလာဇာဝင်ပေါက်ဆီ ကော့ဖက်ဖက်နှင့် ထွက်သွားသည်။
င်းထက်နောက်မှာ ဓကြီးကလဲ အူတိအူကြောင်နှင့် ပါသွား
ည်။

"ဟော့ကောင်တွေ မကြာစေနဲ့နော်၊ ငါစာကျက်ရဦး
ယ်"

သတိလှမ်းပေးကာ ကားထဲဝင်တိုင်း ကက်ဆက်ဖွင့်ကာ



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံး စုံမှိတ်ထားမိသည်။ ဒီသုံးယောက်က ငယ်သူငယ်ချင်းတွေ
ဆိုမယ် ဟိုသုံးယောက်လို မျိုးကွဲတွေမဖြစ်လို့ တော်သေးသည်ဟု
တွေးကာ မိန့်က တစ်ယောက်တည်း အသံမထွက်ဘဲ ပြုံးသည်။
လေင်းက မိန်းကလေး ခပ်ချောချောဖြစ်ခဲ့လျှင် သူနှင့် ဖေကြီးက
လက်ဖွေ့ပွဲတွေ ဘာတွေဖြစ်ကိန်းရှိသည်။

မြေမခပန်းတို့လိုပေါ့လို့ အတွေးထဲ မဖိတ်ခေါ်ဘဲ သူမက
အလိုလိုရောက်လာခဲ့၏။ နာမည်ကြီးသလောက် ထိုမိန်းကလေး
လှတာကိုတော့ မိန့်ကိုယ်တိုင် အသိအမှတ်ပြုပါသည်။ ဒါပေမဲ့
လှတိုင်း မာန်မာနကြီးရမည်လို့တော့ ဘယ်သူမှ သတ်မှတ်မထားခဲ့
အချစ်ဆိုတာလည်း ဆန်းတော့အဆန်းသား။ အလှထိပ်ခေါင်ကို
သားရိုက်ပြီး တခြားတစ်ယောက်နှင့် ငြိသွားတဲ့ မိုးယံ ဆိုသူ
အကြောင်း တွေးမိချိန်မှာပဲ မှန်တံခါးတခေါက်ခေါက် ခေါက်သံ
ကြောင့် သူမျက်လုံးဖွင့်ကြည့်သည်။ ကားအပြင်မှာ ဖေကြီးနှင့်
လင်းထေ ... ဘာကြောင့် မိန့်က ဇဝေဇဝါနှင့် ကားတံခါးဖွင့်
ဆင်းသည်။

"မင်းတို့ ဈေးဝယ်တာ...မြန်"





မိန့်...စကားတစ်ဝက်တစ်ပျက်မှာတင် ပျက်ကျသွား
သည်။ ဖေကြီးအနောက်မှာ ပခုံးကျော်သည်အထိရှည်သော ဆံနွယ်
များနှင့် မိန်းကလေး။ အနက်ရောင်ဂါဝန်တိုက ဒူးအထက်နားဝဲနေ
သည်။ လည်ကုပ်မှာ သိုင်းကြိုးတစ်ချောင်းပါတာကြောင့် ညိုနုစို
သော ရင်အထက်ပိုင်းနှင့် လက်မောင်းသားအလှတွေက ဝင်းပပ။
ရှည်ရှည်ခေါက်ချွန်ဖိနပ်ကလည်း အနက်ရောင်ပဲဖြစ်ကာ သူ့ကို
ကြည့်ပြီး ပြုံးပြသော နှုတ်ခမ်းဖျားကတော့ လိမ္မော်ရောင်စိုအိနေ၏။

"မိန့်...ဒါ ငါတို့ UFL ကပဲ၊ ဂန္တိကျော်ဇောတဲ့၊ ဂန္တိ
ငါတို့သူငယ်ချင်း မင်းမိန့်တဲ့"

"ဟုတ်ကဲ့...တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

သွားတန်းတွေပေါ်အောင် ရယ်ပြတော့ သွားစွယ်လေးတွေ
ထွက်သွားတာ သတိထားမိသည်။

"ဟုတ်ကဲ့...နောက် တွေ့ရင်လည်းခေါ်ပေါ့"

ပြောရင်း ဟိုနှစ်ကောင်ဘက်လှည့်ကာ...

"မင်းတို့ ဝယ်ပြီးပြီလား"

"မဝယ်ရသေးဘူးကွ၊ ဟို...ဂန္တိကျော်ဇောက သူ့



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းပျောက်သွားလို့၊ အဲဒါ လိုက်ရှာပေးရင်းနဲ့"

"ကားလည်း ရှိနေပါတယ်၊ ဘယ်ပျောက်သွားတာလဲ မသိဘူး၊ ဈေးဝယ်နေတာ အတူတူကို၊ လှည့်ကြည့်တော့ မတွေ့တော့ဘူး၊ တကယ်ပါပဲ၊ အဲဒီ မိုးယံက ဘယ်သဝေထိုးနေမှန်း မသိ"

မိုးယံဆိုသည့် အမည်ကြားတာနှင့် မိန့်တို့သုံးယောက်စလုံး မျက်လုံးတွေ ဒိုင်းခနဲပစ်ဆောင့်ကုန်သည်။ ဇေကြီးတို့နှစ်ယောက်က ဘယ်လိုလုပ်မလဲဆိုတဲ့ မေးခွန်းအကြည့်တွေနဲ့ဖြစ်ပြီး မိန့်ကတော့ အရှုပ်ထုပ်တွေ လုပ်လာပြန်ပြီဆိုတဲ့ အပြစ်တင်ခြင်း အကြည့်နဲ့ဖြစ်သည်။

"ဟို…ကိုဇေယျတို့ကို အားနာပါတယ်၊ ရှော့ပင်(န်)ထွက်စရာရှိရင်သွားပါ၊ ဘီဘီ ဒီကပဲ စောင့်လိုက်မယ်"

"အား…ရပါတယ်၊ ကျွန်တော်တို့က အရေးမကြီးပါဘူး"

ပြောတဲ့ ငလင်းရဲ့ ခြေထောက်ကို မိန့်က ဖိနပ်ဦးချွန်နှင့် ဝိတ်ကန်ပစ်သည်။ သူတို့ကိစ္စ မဆိုင်သလိုနေလိုက်ရင် ပြီးတဲ့ဥစ္စာ





ကိုလို့တွေးပြီး ငလင်းကို ဘုကြည့်ကြည့်ခိုက် ကားပါကင်ထဲ လျှောခနဲဝင်လာတဲ့တက္ကစီက သူတို့ရှေ့တင် ရပ်သွား၏။

"မိုးယံ"

ဘီဘီက ဝမ်းသာအားရအော်ပြီးမှ နောက်ခန်းဟိုဘက်၌ ထိုင်နေသော မခ့ကို တွေ့လိုက်ရတာကြောင့် မကျေလည်စိတ်က ရှင်ဝသို့ ဒုတ်ခနဲ လာစောင့်သည်။

"အခုတလော မခ့ငါ့ကို စိတ်ကောက်နေလို့ သူ့နဲ့ မတွေ့ဖြစ်ဘူး"

ဝန်ခံထားတဲ့ မိုးယံက ဒါ သူမ အလစ်မှာ ချိန်းတွေ့တာပဲလို့တွေးရင်း ဒေါသထွက်လာရ၏။ သူမမှာတော့ အရှုးအတိုင်း ပလာဇာတစ်ခုလုံး မွှေရှာနေရတာ မောပန်းရမှန်းမသိချိန်မှာ ယံယံက မခ့အပြုံးတွေကြား နစ်မူးပျော်ဝင်နေ၏။

"သမီးကို…ထားခဲ့ပြီး နှစ်ယောက်ထဲခိုးဝှက်ပြီး သွားဘယ်ဆိုကတည်းက ဒါ မရိုးသားခြင်းအစပဲ ဘီဘီ၊ ဟွန်း…မအေနှစ်ယောက်ကလည်း အတိုင်အဖောက်ညီမှညီ၊ မျက်စပစ်ပြီး ဝိုင်းလိမ်နေတာလေ၊ မခ့တို့အိမ်က အကူကောင်းမလေးသာ မပြောရင်



www.burmeseclassic.com

www.burmeseclassic.com



မေမေတောင် သိမှာမဟုတ်ဘူး၊ ညကိုးနာရီ ရုပ်ရှင်ပွဲသွားကြည့်တာတဲ့''

မေမေ သတင်းမေးစဉ်က လှူကိုယ်ထဲရှိ သွေးတွေ ဖျစ်ဖျစ်မြည်အောင် ဆူပွက်သွားတာ ဝန်တိုခြင်းဖီးကြောင့်ဟု ထင်သည်။ အခုလည်း သူမကို ထားရစ်ခဲ့သည်။

''ဆောရီး ဘီဘီ၊ စောင့်နေရတာကြာသွားပြီလား''

''မကြာပါဘူး ခုပဲရောက်တာ၊ ဒီမှာကျောင်းက သူငယ်ချင်းတွေနဲ့ တွေ့နေတာနဲ့''

အမှုန်း၊ အငြိုးနှင့် ဒေါသကို ဘီဘီက ရယ်ဒီမိတ်အပြုံးနှင့် ဖုံးပစ်သည်။

''မခ ဆင်းခဲ့လေ၊ ဒီမှာမိတ်ဆက်ပေးမလို့၊ ပြီးရင် အတူတူပြန်မယ်လေ''

ခါးကိုင်းပြီး လှမ်းခေါ်တာလည်း အပြုံးများစွာနှင့်ဖြစ်သည်။ မခ က ဟန်ဆောင်ပြုံးကြီးနှင့် ရင်ထဲက မပါသောဖိတ်ခေါ်မှုကို သိလည်းသိသည်။ မြင်နေကြားနေရတာလည်း ရင်ထဲအော်ဂလီဆန်သည်။ အထူးသဖြင့် ဟိုပုဂ္ဂိုလ်။ လှူကို စတွေ့ကတည်း





က ဆွဲလားရမ်းလားနှင့်။ အထင်သေးစကားထက် မျက်ဝန်းအကြည့်နဲ့တင်။ မခ ကို သိမ်ငယ်အောင်လုပ်တတ်သူကိုတွေ့တာနှင့် ဒီပတ်ဝန်းကျင်က ထွက်ခွာရန်ဆုံးဖြတ်ပြီးသား။

''ငါ အိမ်တန်းပြန်တော့မှာ''

''ငါတို့လည်း ပြန်မှာပါဟဲ့၊ ဘာလဲ...နင်နဲ့ ယံယံချိတ်ပုန်းခုတ်တဲ့ကိစ္စ ငါမေးမှာ စိုးလို့လား''

''ဘီ...ဘီ''

မိုးယံက ထအော်သည်။ ဘီဘီကတော့ ကလေးတစ်ယောက်လို ပေါ့ပေါ့ပါးပါး ရယ်သည်။

''မဟုတ်ဘူးလား...ငါ့ကွယ်ရာမှာဆိုတော့၊ ဒါပေမဲ့ မခ ကို သူငယ်ချင်းသံယောဇဉ်ကြောင့် ငါ ကြည်ဖြူပြီးသား''

''နင် မကြည်ဖြူလဲ ငါ စိတ်မဝင်စားဘူး၊ သိချင်တာရှိရင် နင့်ယံယံကို မေး''

''ဦးလေး...မောင်းပါတော့''

ကားမောင်းသူ ဦးလေးကြီးအား တောင်းဆိုရသည်။ဒေါသဖြစ်ခြင်းနှင့်အတူ ဝမ်းနည်းခြင်းက ရင်ထဲမှာ အပြိုင်ပြေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က နှလုံးသားကို ချည်တုပ်ပြီးမှ နှိပ်စက်သည်။ တစ်ယောက်က စကားလုံးတွေနှင့် ခေါင်းမဖော်ရဲအောင် ပစ်ပေါက်သည်။

သွားပါရစေ… ဒီလူတွေနဲ့ ဝေးရာဆီ။

■ ■ ■

စိုးမိုးစာပေ

## အခန်း (၁၂)

*"အတူစား အတူသွားကာ ပျော်ပါးခဲ့မှုတာ…ပြန်တွေး လိုက်တိုင်း…မင်းအနားနားရောက်လာ။ သူစိမ်းတွေကြားမှာ လှုပ်ရှားရင်းနဲ့သာ တို့နှစ်ဦးရည်မှန်းတာ…ကိုယ် မျှော်လင့်ဆဲပါ"*

အလွမ်းခေတ်ခံ ရှိ၍လားမသိ။ အလွမ်းသီချင်းက ဆွေးဆွေးမြည့်မြည့်လေးနှင့် နားထောင်၍ ကောင်းနေသည်။ ဘီဘီက အိမ်ရှေ့ပြတင်းပေါက်ကို ဖွင့်နားထောင်ရင်း ရှေ့ခြံရှိ ယံယံဆိုနေမှန်း သိနေပေမဲ့ လူတော့မတွေ့ရသေး။ လေအရှေ့ ဒီလောက်နီးနီး ကပ်ကပ်ကြားရလျှင် ဒါ ခြံထဲမှာဆိုနေတာလို့ ခန့်မှန်း၍ရသည်။ ဒီရက်ပိုင်းတွေမှာ မခနဲ့ ယံယံက သိသိသာသာကြီး ကွဲထွက်သွား

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



တာတော့ ဘီဘီသိသည်။ မခ,မေမေ အန်တီဒေဝီက…

"ယံယံနဲ့ ရန်ဖြစ်ထားသလား ဘီဘီရယ်၊ မခ,ကို

မေးမြန်းကြည့်ပါဦး၊ အန်တီမေးတာလဲ မဟုတ်ပါဘူးချည်း ပြေ

နေတာ"

"ဘီဘီလည်း သေချာတော့မသိဘူး၊ မေးလဲမမေးရဲဘူ

အန်တီ၊ နှစ်ယောက်စလုံးက ဒေါသကုန်မှာရတွေ"

ဘီဘီက ထိုပြဿနာကြားမှ မသိမသာရှောင်ထွက်သည်

ယံယံအမေကလဲ ခေါင်းတည်လာတော့ ဘီဘီ ကိုပါပဲ။

"အခါတိုင်းဆို…ကျောင်းသွားလဲအတူတူကို အ

မခ,လေး မပါတော့ အန်တီဖြင့် စိတ်မကောင်းလိုက်တာ အရမ်းပဲ

ယံယံပြောတော့လည်း မခ,မလိုက်တာတဲ့၊ မခ မေးတော့လည်

တခြားဝင်စရာရှိသေးလို့ မလိုက်တာပါတဲ့"

"ကဲ…အဲဒီနှစ်ယောက်ဘာဖြစ်နေကြလဲ၊ ပြောစမ်း ဘီ

က"

တရင်းတနှီးမေးသည်။

"မတည့်ကြတာနဲ့တူတယ်၊ ဘီဘီလည်း အတိအကျ





မသိဘူး"

ယံယံဆွေးနေတော့လဲ စိတ်ထဲမကောင်းတာ သပ်သပ်။ ဒီအတိုင်းလေးမတည့်ဘဲ ခပ်ခွာခွာနေစေချင်တဲ့ စိတ်ကတခြားနှင့် လူက ဒွိဟတွေဖြစ်ရမြဲ။ မခနှင့် ယံယံအရင်လို မနီးစပ်တော့ပေမယ့် သူမနဲ့လည်း ပိုတရင်းတနှီးဖြစ်မလာခဲ့။ တွေဝေငေးမှိုင်နေတဲ့ ယံယံ ဟာ တစ်ခါတစ်ခါ သူမ မေ့တာတောင် မကြားတချက် ကြား တချက်။

"ဟင်း"

သံရှည်ဆွဲချတဲ့ ပင့်သက်ရှိုက်သံက အတော်ကြီးကျယ် သွားသလားမသိ။

"ဘာတွေ စိတ်ညစ်နေတာလဲ…သမီး"

"မေမေ"

ဘီဘီနား လာရပ်တဲ့ မေမေက မျက်ဝန်းတွေ မှိတ်ကျ သွားအောင်ပြုံးသည်။

"သွား…အဝတ်အစားသွားလဲ"

မေမေပြောလာတော့ မခ,က အံ့ဩ၏။



www.burmeseclassic.com

www.burmeseclassic.com



"ညဘက်ကြီးကို…မေမေ ဘယ်သွားမလို့လဲ"

"အိမ်ရှေ့အိမ်ကိုလေ၊ ယု…မှာထားတဲ့ ပတ္တမြားဝမ်းဆက်လေး အခုရပြီလို့ ဖုန်းဆက်တော့ ယုကလာခဲ့တဲ့၊ သမီးလည်း ယံယံနဲ့ တွေ့ရတာပေါ့"

လှစ်ခနဲ ပျော်သွားတဲ့ အပျော်ကို ဘီဘီက မဖုံးမဖိနိုင်၊ သွားတွေပေါ်အောင် ပြုံးသည်။

"ဒါဆို…အကျီင်္သွားလဲလိုက်မယ်နော် မေမေ"

"နေဦး…သမီး"

လက်ကောက်ဝတ်ကို လှမ်းဆွဲပြီးတားတဲ့ မေမေ့ကြောင့် ဘီဘီခြေလှမ်းတွေ ရုတ်တရက်တုန့်သွားသည်။

"ဘာဖြစ်လို့လဲ…မေမေ"

"ပြောစရာရှိတယ် သမီး၊ ပထမတော့ မပြောတော့ဘူး ဆိုပြီး နေမလို့ပဲ"

"ဘာလဲဟင်…မေမေ၊ ပြောလေ"

ဒေါ်ခင်ကျော်အေးက ပါးပေါ်အုပ်မိုးကျနေသည့် ဘီဘီ ဆံပင်တွေကို နားရွက်နောက်ထိုးညှပ်ပေးတော့ ဘယ်ဘက်ပါးမှ





အဖြူအချိုင့်လေးက ထင်းခနဲ ပေါ်လာခဲ့သည်။ ဒေါ်ခင်ကျော်အေးက ထိုဒဏ်ရာအား လက်ညှိုးလေးနှင့် ဖွဖွဖွတ်သပ်ကြည့်သည်။

ဒီဒဏ်ရာသေးသေးလေးကို အကြောင်းပြုပြီး သမီးဖြစ်သူ အနိုင်ယူတတ်အောင် သူမ သင်ပေးခဲ့ခြင်းဖြစ်သည်။ မုဆိုးမ မိန်းမ တစ်ယောက်တည်း ဦးဆောင်နေသည့် စီးပွားရေးသည် ယုတို့ မိသားစုကိုတွေ့သောအခါ အားကျစိတ်လည်းဖြစ်သည်။ ယုတို့ ပိုင်ဆိုင်သမျှရဲ့ တစ်ဝက်တစ်စိတ်လောက် ပိုင်ဆိုင်ခွင့်ရလျှင်ဟူ၍ ကြောခဏ စိတ်ကူးယဉ်ခဲ့ဖူးသည်။ ထို့ကြောင့် သမီးအပေါ် ငယ် ကတည်းက ရည်မှန်းချက်တွေ စိတ်ကူးတွေနှင့် ယံယံအား ခင်စေ ခဲ့သည်။ ယံယံ ခင်မင်ခြင်းအားလုံးလည်း သမီးဖြစ်သူ တစ်ဦးတည်း သိမ်းကျုံး ပိုင်ဆိုင်စေချင်သည်။

"ယံယံနဲ့ မခကို ကြည့်ရတာ တမျိုးပဲကျော်ရယ်၊ ယု စိတ်ထင် ချစ်သူတွေဖြစ်များနေပြီလားလို့၊ တို့လည်း ငယ်ရာက ကြီးလာတာပါ၊ ကလေးတွေ အရိပ်အကဲကြည့် သိပါတယ်၊ ယုကို သားများဖွင့်ပြောလာမလားလို့ စောင့်ကြည့်နေတာ၊ ကိုယ်တော်ချော ကလည်း တုတ်တုတ်တောင်မလှုပ်ဘူး၊ ခေဝီကိုတော့ ပြောထားရဲ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဘာပဲဖြစ်ဖြစ် ဆွေမျိုးတော်ဖို့ ဟိုးအရင်ကတည်းက

မှန်းထားပြီးသားလို့''

ယု ပြောလာကတည်းက စိတ်ထဲ မခံချိမခံသာဖြစ်သည်

ကိုယ့်သမီးနှင့် သူ့သား ခင်ခဲ့တာချင်း တူတာတော

မှန်းသည့်အထဲ ဘီဘီမပါဝင်ခဲ့တာ ဟိုး ငယ်ကတည်းကဖြစ်သည်

''မခ ့လေးကို စမြင်ကတည်းကအရုပ်လေးတစ်ရုပ်

သဘောထားပြီး ချစ်တာ''

''မခ ့လေး စိတ်ထားကောင်းတာ ဒေဝီနဲ့တူသလား

ကိုထက်ကောင်းနဲ့ တူသလား၊ တစ်ယောက်ယောက်နဲ့တော့ တူ

အမှန်ပဲ''

''ဒေဝီတို့သမီးလေးကို ခေါ်ခဲ့စမ်းပါ၊ မခ ့ကြိုက်တတ်

သိလို့ ရွှေတောင်ခေါက်ဆွဲ တမင်လုပ်ထားတာဆို''

လူကြီးတွေပြောတဲ့စကားဝိုင်းတိုင်းမှာ မခဟာ…အမြဲတ

နံပါတ်တစ်။ မြေမခပန်းက မပါမဖြစ်။ ထိုထိုသော အကြောင်းတွေ

ကြားရများသည့်အခါ သမီးကိုချစ်သော အမေတစ်ယောက်အနေ

ခံစားရတာတော့အမှန်။ ကိုယ့်သမီးက မခနှင့်ယှဉ်လျှင် လူရာမ





ဖြစ်ခဲ့သည်။

''မေမေ''

ဘီဘီက ပြောစရာရှိသည်ဆိုပြီး အကြာကြီးငြိမ်ကျသွား

သည့် မေမေ့ကို ခေါ်လည်းခေါ် လက်ကပါ ပခုံးကို ဆွဲလှုပ်သည်။

''အင်း…ဟင်…သမီး၊ မေမေ့ကို ဘာပြောတာလဲ''

''မပြောရသေးပါဘူး၊ ပြောစရာရှိတယ်ဆိုပြီး မေမေ

ငြိမ်သွားလို့ ဘီဘီက ခေါ်ရတာ''

ဒေါ်ခင်ကျော်ဇောက ဝစ္စပ္ပန်ကို သတိရသွားသည်။

''အင်း…မေမေက ဘီဘီကို ချမ်းသာပြည့်စုံတဲ့ သူတစ်

ယောက် ဖြစ်စေချင်ခဲ့တယ်''

''ဘီဘီ အခုလို နေရတဲ့ဘဝကိုပျော်ပါတယ်၊ ဘီဘီ

အရမ်း လောဘမကြီးပါဘူး မေမေရဲ့၊ မေမေက ဒီနေ့ဒီအချိန်အထိ

ဘီဘီကို လိုလေသေးမရှိ ထားခဲ့တာပဲ''

''အဲဒီလိုပြောပေးလို့ မေမေက သမီးကိုပြန်ကျေးဇူးတင်ပါ

တယ်''

ရင်ခွင်ထဲတိုးဝင်လာတဲ့ ဘီဘီကို ပြန်ဖက်ရင်း ပြောတော့



www.burmeseclassic.com

www.burmeseclassic.com



ဘီဘီက မေမေရင်ခွင်မှာ ပါးအပ်သည်။

"ဒီည ယံယံတို့ အိမ်ဘက်ရောက်တော့မှာ မဟုတ်ဘူးနော် မေမေ၊ ဘီဘီတို့ သားအမိအပြန်အလှန် ကျေးဇူးတင်နေတာနဲ့လေ"

"သွားတာတော့ သွားရမယ်၊ မေမေက ယုနဲ့တွေ့ရမယ် ပြီးတော့"

ဒေါ်ခင်ကျော်အေးက ဘီဘီကိုရင်ခွင်ထဲမှာ ဆွဲခွာကာ မျက်လုံးချင်းဆုံအောင် တည့်တည့်ကြည့်သည်။

"မခနဲ့ ယံယံ ချစ်သူတွေဖြစ်နေကြပြီ သမီး"

"ရှင်"

ခေါင်းထဲ ဒိန်းခနဲ အသံမြည်သွားသည်။ ထင်ထားတာ တွေ တကယ်ဖြစ်လာသည့်အခါ ဘီဘီမှာ ခံနိုင်ရည်မရှိတာကို ဝန်ခံရမည်ဖြစ်၏။ ဘီဘီက မေမေ့လက်ကိုဆွဲခါသည်။

"တကယ်ပဲလား...မေမေ တကယ်ပဲ"

ဒေါ်ခင်ကျော်အေးက ခေါင်းညိတ်ပြကာ

"ယံယံက...သူ့အမေကို ဖွင့်ပြောပြီး အသိပေးထား တယ်တဲ့၊ ယုတို့ ဒီတစ်ပတ်အတွင်းပဲ၊ မြေမခပန်းကို တောင်းရမ်း





ခဲ့နေတယ်"

ဘီဘီမျက်နှာ ဖျတ်ခနဲ တည်သွားသည်။ နှုတ်ခမ်းတွေ င်းတင်းစေ့ပိတ်ထားပေမဲ့ ရင်ထဲမှာ မီးညွှန့်မီးလျှံတွေ တဖျစ်ဖျစ် ောက်လောင်နေပြီဖြစ်သည်။ ဘီဘီမသိတဲ့ မင်္ဂလာပွဲတစ်ခုကို ခဲ့နေကြပြီတဲ့လား။ ဆုံးရှုံးခြင်းကို စောစောသိမှ စောစော ကွယ်နိုင်မည်။

"ဘီဘီ...အဝတ်အစားသွားလဲမယ် မေမေ၊ ပြီးရင် ယံယံ တို့ဆီ သွားကြတာပေါ့"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ငါ...မှားတာရှိရင် တောင်းပန်ပါတယ်"

"မလိုပါဘူး...နှင်မှ မမှားတာ"

ဂစ်တာကြိုးကို လက်ဖဝါးနဲ့ ဖိအုပ်ပြီး ပြုံးပြုံးလေး ပြောလာတဲ့ ဘီဘီကြောင့် တီးခတ်ခြင်းလည်းရပ်၊ သီချင်းသံလည်း ရပ်သွား၏။

"ဘီ...ဘီ"

မိုးယံက အံ့ဩခြင်းများစွာနှင့် ခေါ်သည်။ ဒီလို အချိန်မျိုးမှာ ဘီဘီကိုမတွေ့ဖူး၍ မမြင်ဖူးသော ညှို့သည်တစ်ယောက်လို အထူးတဆန်းစိုက်ကြည့်တာမျိုးလဲဖြစ်၏။ နေ့ဆို အချိန် အကာန့်



www.burmeseclassic.com

www.burmeseclassic.com



အသတ်မရှိ တွေ့ကြတာမှန်ပေမယ့် ညဘက်တော့ ဒီလို နောက် ကျကျ အချိန်ကြီးမှာ ချစ်သူဖြစ်တဲ့ မခနဲ့ဟောင် မတွေ့ခဲ့ဖူး ရုပ်ရှင်သွားကြည့်တာတောင် လူကြီးမိဘတွေ အသိပေးပြီး သွား သည်။

"နင်…ဘယ်လိုလုပ်ပြီး"

နက်ပြာရောင်မှိုင်းမှိုင်း ကတ္တီပါသားဂါဝန်က အရှည်ကြီ ဖြစ်ကာ ခြေမျက်စိအထိဖုံးထားသည်။ အောက်ခြေက လုံလုံခြုံ ပေမယ့် လည်ကုပ်မှာ ကြိုးတချောင်းတည်း ဖတ်သိုင်းထားတာ ကြောင့် လည်တိုင်ကျော့ရှင်းရှင်းနှင့် ဝင်းဖွတ်သောပခုံးသားတွေ ညရဲ့အလင်းရောင်အောက်မှာ တွေ့နေရသည်။ ဘီဘီက သူ့ဘေး ငြိမ့်ခနဲဝင်ထိုင်တော့ ဒန်းက လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားသည်

"ငါ တစ်ယောက်တည်းလာတယ် ထင်လို့လား၊ နင် ရုပ်က ချက်ချင်းအထင်သေးသွားတာများ ဟွန်း…မုန်းစရာ"

ဂစ်တာကို ဆက်မတီးတော့ဘဲ ရင်ခွင်ထဲပိုက်ထားသည်

"မဟုတ်ပါဘူး၊ ဒီလို ညဘက်ကြီး နင်က ငါ့ခြံ မလာဖူးတော့"





"ငါက မလာဖူးတော့ မခ,ကတော့ လာဖူးတယ်ပေါ့၊ အဲဒီလို့လား၊ အေးပေါ့လေ၊ ရုပ်ရှင်တွေဘာတွေ အတူသွားကြည့် ကြတာဆိုတော့"

"ဘီ…ဘီ"

မိုးယံ သတိလက်လွတ်ဖြစ်သွားသည်။ ဆတ်ခနဲ ထရပ် တော့ လှုပ်ရှားမှုအရှိန်ကြောင့် ဒန်းက ငြိမ့်ခနဲ လှုပ်ခါသွားပြန်၏။ ဘီဘီကတော့ ဒန်းပေါ်ထိုင်နေရင်းနှင့်ပင် သူ့ကို မော့မော့လေး ကြည့်သည်။

"အဲဒီညက ငါ့အိပ်ခန်းထဲ အိပ်ပျော်သွားတဲ့ နင့် အကြောင်း မသိချင်ဘူးလား"

"ငါ…ဝင်တော့မယ်"

မိုးယံကလှည့်ထွက်ပေမယ့် ဘီဘီက ဂစ်တာကိုင်ထားတဲ့ လက်ကို ဖမ်းဆွဲထားသည်။

"နေပါဦး၊ နင်မသိချင်ရင် မပြောတော့ပါဘူး"

ဘီဘီက မတ်တပ်ထရပ်တာ မျက်နှာချင်းဆိုင်ပေမယ့် ဆွဲထားသော သူ့လက်ကို မလွှတ်။



www.burmeseclassic.com

www.burmeseclassic.com



ငါ…အဲဒီ ညလေးကို ဘယ်တော့မှ မမေ့ဘူး ယံယံ။ နင်အိပ်ပျော်နေတဲ့ပုံလေးက အရမ်းအပြစ်ကင်းလွန်းတော့။

"ပြီးပြီးသားတွေ မပြောပါနဲ့လား ဘီဘီ၊ အဲဒီညက နင့်အိမ်မှာ ငါအိပ်ခဲ့တာ ငါ့သဘောနဲ့ငါမဟုတ်ဘူး၊ နင် အရမ်း အရေးကြီးတယ်ဆိုပြီးခေါ်လို့ ငါလာတယ်၊ နင်တိုက်တဲ့ အအေး သောက်ပြီး အိပ်ပျော်သွားပေမယ့် ဒီနေ့အထိ အဲဒီကိစ္စကို ဖေဖေတို့ကို ငါ မပြောခဲ့ဘူး၊ နင်…မက်ဆေ့ (ချ်)ပို့ထားတဲ့အတိုင်း ငြိမ်နေခဲ့တာ၊ နင့်သိက္ခာကို ကာကွယ်ချင်လို့၊ သူငယ်ချင်းသံယောဇဉ်ကို ငါ ငဲ့ညှာချင်လို့"

နင် ကာကွယ်ရမှာ ငါ့သိက္ခာမဟုတ်ဘူး။ ငါ့ဘဝလုံးကို ပါ။ နင် ငဲ့ညှာရမှာကလဲ သူငယ်ချင်းသံယောဇဉ် မဟုတ်ဘူး၊ ငါ့ကို ငဲ့ညှာရမှာ။

"ငါ ထားခဲ့တာ အဖြူရောင် သံယောဇဉ်ပါ ဘီဘီ"

ဘီဘီက ရှေ့သို့ ခြေတစ်လှမ်းတိုးရပ်တော့ ယံယံနှင့် ဝင်လေထွက်လေချင်း ခလုတ်တိုက်မတတ် ဖြစ်သွားခဲ့သည်၊ တရိပ်ရိပ်မြင့်တက်လာသော လရောင်ကြောင့် တစ်ယောက်မျက်နှာ





ကိုတစ်ယောက်က ကွဲကွဲပြားပြား မြင်နေရ၏။ ပတ်ဝန်းကျင်မှာ လေနုအေးလေးတွေ တိုက်ခတ်နေပေမယ့် ယံယံထံ ညလေရဲ့ အေးချမ်းမှုက တိုးမပေါက်ခဲ့။ ယန်းသွေးရောင်ကြွစိုနေသော ဘီဘီ နှုတ်ခမ်းသားတွေဆီ အကြည့်ရောက်တော့ ရင်ခုန်သံက တဒိန်းဒိန်း ဆော်မြည်နေတာမို့ ယံယံက ထိုစက်ကွင်းမှ ရှောင်ထွက်ချင်သည်။

"မှန်းစရာရှိရင် ပစ်ပစ်ခါခါ နင် မုန်းပစ်လိုက်စမ်းပါ၊ ငါ ဂရုမစိုက်ဘူး ယံယံ၊ သံယောဇဉ်မထားနဲ့၊ အဖြူဆို အဖြူရောင် ဆောင် ငါ မကြိုက်တာ နင်သိသားနဲ့၊ အဲဒါကြောင့် နင့်အဖြူရောင် သံယောဇဉ်ဆိုတာ ငါ့ကို မပေးနဲ့၊ ငါ…လိုချင်တာက"

"ခဏ…ဘီဘီ၊ ငါ…နင့်ကို ပြောစရာရှိတယ်"

ယံယံပုံစံက အလျှင်စလိုကြီးပြောချင်နေပုံရတာ ဘီဘီက မျက်ဝန်းတပင့်ပင့်နှင့် မော့နားထောင်တော့လည်း နှုတ်ဖျားက စကား သွေ ထွက်ကျမလာခဲ့။ ယံယံ နားထဲကြားယောင်နေတာက မခနှင့် သဖေရဲ့ သံတူကြောင်းကွဲ စကားသံများဖြစ်သည်။

"မိဘတွေ အသိပေးရုံ၊ စေ့စပ်လက်ထပ်ကြရုံနဲ့ အားလုံး ပြီးသွားမတဲ့လား၊ မိဘတွေကြည်ဖြူပေမယ့် နင်နဲ့ငါ့ကို မလိုလားတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှိတာ နင်အသိဆုံးပဲယံယံ၊ ခင်မင်တာတွေ သံယောဇဉ်တွေဆိုတာ လိုတာထက်ပိုထားမိရင် အဲဒါ ပျော့ညံ့တွေဝေခြင်းရဲ့အစပဲ၊ ငါက ဆုံးဖြတ်ထားတယ်၊ ငါ့ဘဝကို ကိုယ်လိုချင်တာ ဘာမှန်းမသိ ကိုယ်လျှောက်မယ့်လမ်းကို မရွေးချယ်ရဲတဲ့ ယောကျာ်းတစ်ယောက် လက်ထဲ ပုံချပေးမှာ မဟုတ်ဘူး''

''ဘီဘီအိမ်မှာ တစ်ညအိပ်ခဲ့ဖူးတဲ့အကြောင်း မခ့ကို တကယ်ချစ်ရိုးမှန်ရင် ဖွင့်ပြောရမယ်သား၊ မေမေဖြင့် အဲဒီညကပင် ဖုန်းနဲ့ မက်ဆေ့(ချ်)ဝင်လာလို့သာ လက်ခံလိုက်ရတယ်၊ ယုံတောင် မယုံဘူး၊ ရုပ်ရှင်ကြည့်ဖို့သွားတာ မခနဲ့၊ အိပ်တော့လည်း အိမ်ပြန် မအိပ်ဘဲနဲ့ဆိုပြီး ချက်ချင်းဖုန်းခေါ်သေးတာ။ စက်ပိတ်ထားတာနဲ့ တိုးနေလို့ လက်လျှော့လိုက်တာလေ။ ညကြီးမင်းကြီး လာခေါ် ပြန်ရင်လဲ ကျော်တို့သားအမိကို အားနာရတာနဲ့''

အပြစ်တင်ခြင်းမပည်သေမဲ့ မကြိုက်ကြောင်း သိအောင်တော့ မေမေသွယ်ဝိုက်ပြီးပြောခဲ့သည်။ ထိုအကြောင်းတရားများကြောင့် မခနှင့် အမြန်ဆုံးစေ့စပ်ရန် သူပူဆာခဲ့သည်။

''ဘီဘီ''





''ပြောလေ၊ ငါနားထောင်နေတယ်''

''ဟို…ငါနဲ့ မခ…''

ဒီတစ်ကြိမ်တော့ ယံယံ ဆက်မပြောရဲတာမဟုတ်။ ဆက်ပြောခွင့် မရတာဖြစ်သည်။ ဘီဘီက နူးညံ့သောလက်ဖဝါးတစ်ဖက်ဖြင့် သူ့နှုတ်ခမ်းတွေကို ပိတ်ကွယ်တားဆီးထားသည်။

''ငါ…မကြားချင်ဘူး၊ နင်လည်း ဘယ်တော့မှ မပြောရဘူး''

ဘီဘီမျက်ဝန်းတွေက မခ့တို့အိမ်ဘက်ဆီ အကြည့်ရောက်သွားခဲ့၏။ မခ့အိပ်ခန်းထဲမှ ခန်းဆီးလေးဖွင့်နေကာ ထိုခန်းဆီးနောက်ရပ်နေသူက မခဖြစ်မှန်း မီးအရောင်ကြောင့် ဘီဘီ သင်ထင်ရှားရှား တွေ့ရသောအခါ သူမက ဖျတ်ခနဲ ခြေဖျားထောက်ရပ်ရင်း ရည်ရွယ်ရာအရပ်သည် ယံယံနှုတ်ခမ်းများဆီ ဖြစ်သည်။

''ဘီ…ဘီ''

အံ့ဩမင်သက်ခြင်း၊ မယုံနိုင်ခြင်းများစွာနှင့် ယံယံခေါ်သံကို ချစ်လျှပ္ပကာ ယံယံရင်ခွင်ချင်းအပ်ကာ သူ့ပခုံးစွန်းမှာ သူမ မေးဖျားတင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို...ပိုင်ဆိုင်တဲ့သူက ငါပဲဖြစ်ချင်တယ် ယံယံ၊ နင့်ရင်ထဲ ဘယ်သူတွေ ဘယ်လိုရှိရှိ ငါ့အနားနင်ရှိရင် ကျေနပ်ပြီ"

နှုတ်များက ဆိုချင်သောစကားကို ဆိုခွင့်ရသည်။ မျက်ဝန်းက လိုက်ကာနောက်ကွယ်၌ ငိုနေမည့်သူကို မှန်းဆမြင်ယောင်သည်၊

နေရစ်ခဲ့ မခ...ဒီဘဝမှာ ယံယံနဲ့ ငါက နှစ်ပါးသွားကမှာ။

■ ■ ■



# အခန်း (၁၄)

"ဘာကိစ္စလဲ...ဘီဘီ၊ ငါ ဒီရက်ပိုင်းအတွင်း နင်ရော ယံယံရောနဲ့ မတွေ့ချင်သေးဘူး"

အဲဒါပဲ။ အဲဒါ မြေမခယန်းအစစ်။ စကားကို ပရိယာယ် ကောင်းကောင်းနဲ့ တန်ဆာမဆင်တတ်။ သွယ်ဝိုက်မပြောတတ် စိတ်ထဲရှိရာကို ဒဲ့ပြောတတ်တာကြောင့်လဲ။ မခရဲ့ ခြေလှမ်းတွေကို သူမက ခန့်မှန်းနိုင်ခဲ့ခြင်းဖြစ်သည်။ လူလောကမှာ လူအများကြီးနှင့် ဆက်ဆံရမည်ဆိုလျှင် ပရိယာယ်က အကောင်းဆုံး လက်နက်ဟု ဘီဘီကတော့ ယူဆပါသည်။ ဘီဘီက ဆမ်ဆောင်းဂလက်ဆီ SIII ကို နားမှာကပ်ရင်း အချိုဆုံးလေသံစကား ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်က မတွေ့ချင်ပေမယ့် ငါက တွေ့ချင်တယ်မခရယ်၊ ယံယံ မပြောဖြစ်တဲ့စကားတွေ၊ မပြောရဲတဲ့စကားတွေအတွက် ငါက ကိုယ်စားပြောပေးမလို့ပါ"

"ယံယံက"

စိတ်ဝင်စားခြင်း ဒိဂရီအား ဒီသို့ ဒီပုံဆွဲယူရမည်ဆိုတာ ဘီဘီသိသည်။

"အေးပေါ့၊ သူက…သတ္တိမှမရှိတာ၊ ဓာတ်စပ်ပွဲကို နင်လက်မခံတဲ့အကြောင်းကို သူရော ငါပါသိတယ်၊ နင်…တစ်ခုခု အထင်လွဲနေတယ်ထင်တယ်"

"ငါက ဘာကို အထင်လွဲရမှာလဲ"

"ဟိုတစ်ညကလေ၊ ယံယံ ဂစ်တာတီးတဲ့ည"

မခ၏ ပင့်သက်ရှိုက်သံကို ဖုန်းထဲမှ ပီပီသသ ကြားလိုက်ရသည်။

"ငါတို့ ဘယ်မှာ တွေ့မှာလဲ"

"နင်…အခု… East Point တာဝါမှာ ကျူရှင်လာတက်နေတာ ဟုတ်"





"အင်း…ဟုတ်တယ်၊ အတန်းပြီးတော့မယ်"

"ဒါဆို နင် အတန်းပြီးတာနဲ့ ရှစ်လွှာကလှေခါး ထောင့်နားမှာ စောင့်ပါလား"

"လှေခါးမှာ ဟုတ်…နင်က ဘယ်မှာလဲ"

"ငါ Ocean ထဲမှာ"

"အဲဒီထဲပဲ…ငါလာ"

"ဒီမှာ ရှောပင်(န်)ထွက်တဲ့လူတွေအများကြီးနဲ့ စကားအေးအေးဆေးဆေး ပြောလို့မရဘူးဟဲ့"

"ဒါဆိုလည်း…ကော်ဖီဆိုင် တစ်ခုခုထဲ"

"ငါ…ပြောတဲ့ နေရာမှာပဲ စောင့်ပါ မခရယ်၊ လူတွေကြားထဲပြောရင် လူတွေကို သတိထားနေရဦးမယ်၊ ငါပြောတဲ့နေရာမှာပဲစောင့်၊ ကွန်ဒိုရဲ့ ရိုးရိုးလှေခါးဆိုတော့ လူအတက်အဆင်းနည်း နည်းမယ်၊ အိုခေပြီနော်၊ Level- 8 မှာ နောက် ငါးမိနစ်အတွင်း"

ဘီဘီက ချိန်းဆိုမှုကို အဆုံးသတ်ပြီးမှ နောက်ထပ်ဖုန်းတစ်ကော(လ်) ထပ်ခေါ်သည်။ တဖက်က ဖုန်းထူးသံနားထောင်



www.burmeseclassic.com

www.burmeseclassic.com



နေ၏။

"အင်း…ချိန်းပြီးပြီ၊ ပြောထားတဲ့အတိုင်း တိတိကျ
ဖြစ်ပါစေနော်၊ အို…ခေ"

ဖုန်းကိုပိတ်ပြီး ခြင်းလှည်းတစ်ခုလှမ်းဆွဲသည်။ နော
ထပ်နာရီဝက်လောက်သူမ ဒီထဲမှာ အချိန်ဖြုန်းရဦးမည်ထင်သည်

'ဆောရီ…အန်တီယု'လို့ စိတ်ထဲမှ ယံယံအခေ
တောင်းပန်တာ စိတ်ရင်းနဲ့ရော လှောင်ပြောင်တာပါ ရောထွေး
သည်။ မခ ကို တောင်းရမ်းသည့်နေ့ နှစ်ဖက်မိဘတွေ နားဖော
ကြည့်နေမှာပဲ မခ က ပြတ်သားစွာ ငြင်းခဲ့သည်။

"ယံယံမှာ ချစ်သူရှိတယ်လို့ ထင်ပါတယ်"

"အဲဒီ ချစ်သူက သမီးမဟုတ်ဘူးလား"

အန်တီယုက ချက်လောက်ထိရှည်သော စိန်လော့ကတ
ပလက်တီနမ်ကြိုးကြီးခါအောင် တအံ့တသြ မေးသည်။ မခ
တော့ မျက်လွှာချသည်။

"မဟုတ်ဘူး…အန်တီယု၊ ယံယံကို သေချာမေးကြ
ပါ"





တစ်ခွန်းတည်းပြောပြီး ဧည့်ခန်းထဲမှ ပြေးထွက်သွားတုံးက
သို့ ယံယံမှာ ဝုန်းခနဲပြေးလိုက်မလို့ ဟန်ပြင်ခဲ့သေးတာပင်။ ဧည့်ခန်း
တစ်ခုလုံး ဘီဘီတို့ သားအမိမှလွဲ၍ ကျန်သူတွေအားလုံး လှုပ်လှုပ်
ရှားရှား ပြေးပြေးလွှားလွှား။ အန်တီဒေဝီက အန်တီယုကို တောင်း
ပန်သည်။

"တောင်းပန်စရာကိစ္စ မဟုတ်ဘူး ဒေဝီ၊ ယံယံ တကယ်
ချစ်တာ မခမှန်း ယုသိပြီးသား၊ သားနဲ့ မခ ကြား အထင်လွဲစရာ
တခုခုရှိပြီထင်တယ်၊ ဘာပဲဖြစ်ဖြစ် တို့ကတော့ သားကို မခနဲ့ပဲ
သဘောတူတယ်"

ဘယ်သူ့ကို ရည်ရွယ်ပြောခဲ့မှန်းမသိပေမဲ့ အဲဒီနေ့ကစ၍
မေမေနှင့် အန်တီယု ဆက်ဆံရေးခပ်တန်းတန်း ဖြစ်သွားခဲ့သည်။
ဘီဘီကို အခေါ်အပြောမပျက်ပေမဲ့ အရင်လို တလှိုက်တလှဲကြီး
မဟုတ်တော့။

"ဒါတောင် ဒီအိမ်မှာ တစ်ညအိပ်သွားတဲ့အဖြစ်ကို
မသိလို့၊ သိများသိရင် မခ တို့ ငယ်ထိပ်သွေးတက်ပြီး သေသွား
လောက်ပဲ၊ နေစမ်းပါဦး၊ မခမှ မခဖြစ်နေရအောင် ညည်းသူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



မြေမခပန်းက ရွှေထွက်နေလို့လား၊ အံ့ပါရဲ့ တကယ်''

မမေ့မှာ နေ့ရှိသ၍ ဒေါသတွေနဲ့ နပန်းလုံးသည်။

''ငါ့သမီး သိက္ခာကျမှာမို့လို့၊ ဟွန်း…နို့မို့ဆို ငါ့သမီး အခန်းမှာ အိပ်သွားတဲ့ ဒင်းကို အားမလိုအားမရရှိကာ အံကြိတ် မဲ့ရွဲ့ပစ်တာလည်း ရှိသည်။ ထို့နောက် ထိုင်နေသော ဘီဘီအနား ရောက်လာပြီး သူမ ပခုံးကိုဖက်သည်။

''ဒီနေ့ကစပြီး အဲဒီနှစ်ယောက်ကို ငယ်စားရင်းက ထုတ် ပစ်တော့သမီး၊ မိုးယံထက် ပြည့်စုံချမ်းသာတဲ့ နောက်ထပ် သင့် သားလောင်း မေမေထပ်ရှာမယ်၊ ဂမ္ဘီကျော်ဇောရဲ့ အနာဂတ် အဲဒီနှစ်ယောက်ထက် တိုးတက်ရမယ်၊ မြင့်မားရမယ်''

ဘီဘီက မေမေ့ပခုံးမှာ မှီချသည်။

''အချစ်မှာ ပြည့်စုံချမ်းသာတာတွေ မလိုဘူးထင်တာ မေမေ''

''အချစ်မှာ…ဟုတ်လား…ဘီဘီ''

ဒေါ်ခင်ကျော်ဇောက သမီးကို ဆတ်ခနဲ တွန်းထုတ်ရင်း မျက်နှာချင်းဆိုင်ဖြစ်အောင် ပြင်ထိုင်ကာ ဘီဘီကို မမြင်ဖူးသည့်





နှစေ့ကြည့်သည်။

''ဘာဖြစ်လို့လဲ…မေမေ''

''အချစ်လို့ ပြောလိုက်တာလား၊ ညည်း မိုးယံကို ချစ်နေ တာလား''

''ချစ်နေလို့ မခ အပေါ်''

''ရပြီ…သမီး၊ မေမေက သူငယ်ချင်းသုံးယောက်ဆို ဒီလို ထူးမခြားနားဇာတ်လမ်းလေးတွေ ထွက်လာတတ်တယ် ထင် ထားတာ၊ ဘီဘီက ရိုးရိုးဇာတ်လမ်းမှ မဟုတ်တာ၊ အချစ် ဆိုတာ ကိုတော့ မေမေသဘောကျတယ်၊ သူက ကမ္ဘာ့လောက ကြီးမှာ အနိုင်းမဲ့အင်အားရှင်ပဲ၊ အချစ်ကြောင့် တိုးတက်တဲ့လူ တွေရှိသလို နိမ့်ကျသွားတဲ့ လူတွေအများကြီးပဲ၊ ဒါပေမဲ့ ချစ်တတ်လာပြီဆိုရင် ပိုင်ဆိုင်ဖို့ ကြိုးစား…မေမေအားပေးတယ်''

ဘီဘီကို လက်ဝါးတွေ ဘာတွေထောင်ပေးပြီး လက်ဝါးချင်းဖြောင်းခနဲ ရိုက်ခဲ့ကြသည်။ မေမေနဲ့ ဘီဘီက ထိုမျှအထိ အတွဲညီသော သားအမိဖြစ်သည်။

ကိုယ့်အတွေးနဲ့ ကိုယ်မို့ ဘာမှမဝယ်ဖြစ်သေးပဲခြင်းလှည်း



www.burmeseclassic.com

www.burmeseclassic.com



ကို တွန်းပြီးအထွက် တစ်ဖက်ထောင့်ချိုးမှ ကွေ့ထွက်လာသော အရိပ်ကြောင့် ဘီဘီက ဖျတ်ခနဲ မော့ကြည့်သည်။

"ဟယ်...ကိုမင်းမိန့်"

ကိုယ့်နာမည်ခေါ်လိုက်၍ မိန့်က ဖျတ်ခနဲ ငုံ့ကြည့်သည် အနီရဲရဲဂါဝန်တိုနှင့် ဆံပင်တွေကို ပခုံးတဖက်ပေါ် ဆွဲချထား က နှုတ်ခမ်းရဲရဲနှင့် သူမကို မိန့်က ကြည့်သည်။

"ဪ...ပလာဇာမှာ ဆုံခဲ့တဲ့"

"ဘီဘီပါ၊ အဟွန်း...ဘီဘီ နာမည်က အဲဒီလော အထိ မှတ်ရခက်လားလို့"

BURMESE CLASSIC .com

"ဆောရီးဗျာ"

"ရပါတယ်...ရှော့ပင်(န်)ပဲလား ကိုမင်းမိန့်၊ အဖေ မပါဘူးလား"

လည့်ဆန့်ပြီး ဟိုဟိုဒီဒီကြည့်ကာ မေးတော့ ပခုံးထော သည့် ခရေစေ့တယ်နှားဆွဲက ဖျိုးဖျိုးဖျက်ဖျက် လှုပ်ခါသွားသည် မိန့်က ခေါင်းညိတ်ပြသည်။

"လိုအပ်တာနည်းနည်း ဝယ်တာပါ၊ တစ်ယောက်တည





ပါပဲ"

"အဖော်မရှိရင် ဘီဘီ လိုက်ခဲ့ပေးရမလား၊ ဘီဘီလည်း တယောက်တည်းဆိုတော့ ပျင်းနေတာနဲ့"

တီရှပ်အဖြူ ကာကီရောင် ဘောင်းဘီတိုက အိတ်တွေ ပွနှင့်ဖြစ်ကာ ရိုးရိုးခြေညပ်ဖိနပ်စီးထားသည်။ ရွှေရောင်သမ်း သော ဆံပင်တွေအားလုံး စုစည်းထားသော စိမ်းညို့သော မျက်ခုံး နှင့် နိုင်ကျည်သော မေးရိုးတွေက သူ့စတိုင်(လ်)ကို ပိုမိုက်သွား အောင် အားဖြည့်ပေးတာလားလို့ ဘီဘီက တွေးမိသေးသည်။ ဘယ်ကတော့ တွေ့တာနှင့် လူချောလေးလို့ သတ်မှတ်ရသလောက် မင်းမိန့်ဆိုသူကျတော့ ခပ်မိုမို မိုက်မိုက် စတိုင်(လ်) အပြည့်နှင့်လူ ဖြစ်သည်။ မိန့်ကတော့ တိုလီမိုလီ တွေဝယ်ထည့်ထားတဲ့ လက်ဆွဲ ခြင်းကို ငုံ့ကြည့်သည်။

"လိုတာတွေဝယ်ပြီးသလောက် ဖြစ်သွားပြီဗျ၊ ငွေရှင်း တော့မှာ၊ ကျေးဇူးပါပဲ၊ ကျွန်တော်ကို ခွင့်ပြုပါဦး"

တစ်ခါတည်းနှုတ်ဆက်ပြီး သူမအပါးမှ တစ်ခါတည်း ထွက်လာခဲ့သည်။ Seaey ကျလွန်းသော အလုတာရားတွေရှိသည့်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမမျိုးနှင့် မိန့်က သိပ် မပတ်သက်ချင်။ လှပြီးသားကို ပိုေ
အောင် မွမ်းမံနေတတ်သော မိန်းမတွေကိုလဲ…မိန့်က သဘော
မကျတတ်။သဘာဝကပေးသော အလှတရားများနှင့် ရိုးသားပွ
လင်းမှုရှိရင်တော်ပြီဟု မိန့်ကယူဆတတ်သည်။ နေရင်းထိုင်ရ
မာနကြီး တခွဲသားနဲ့ မိန်းမတွေများ ကျတော့လဲ။ အတွေးသ
ဟိုတယောက်ပုံရိပ်က ဝင်ရောက်လာတော့ မိန့်က ပခုံးတွန့်က
ခေါင်းထဲက ထုတ်ပစ်၏။ ကောင်းကင်မှာ မျက်နှာတက်ခိုင်
ထားသော အဲဒီတယောက်က အလှအပ သိပ်မကြိုက်မှန်းသိသည်

"ဟာ…သွားပြီ"

အတွေးနယ်ကျွံပြီး ခာတ်လှေခါးရှေ့ရပ်မိကာမှ မီးပြ
တာနှင့် သွားကြဲ၏။ မိန့်က ဒီကွန်ဒိုမှာ တစ်ယောက်တည်
သီးသန့်နေတာမို့ ဘာပဲလိုလို မြေညီထပ်က ရှော့ပင်း(န်)ေ
ဆင်းတာနဲ့ လိုချင်တာ။ အကုန်ရ၏။ မီးပြတ်သွား၍ ကွန်ဒိုအတွ
သီးသန့်မီးစက်မောင်းပေးမှာဖြစ်သည်။

"အဲဒီ ကောင်မလေးအကြောင်း တွေးမိရင် ငါ့ပါေ
ပြီး ကံမကောင်းတော့ဘူး။ ကံတွေးမိတဲ့အတွက် ကိုယ့်ကိုကို





အပြစ်ပေးမှ"

ခြေဦးတည်ရာသည် သူ့အခန်းဆီသို့ ဖြစ်ပေမဲ့…လမ်းကြောင်း ပြောင်းခဲ့ခြင်းဖြစ်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"အယ်...ဘာဖြစ်သွားတာလဲ"

လှေခါးအောနံရံတလျှောက် ထွန်းထားတဲ့ နံရံကပ်မီးတွေ ဖျတ်ခနဲ ငြိမ်းကျသွားသည်။ ပြင်ပအလင်းရောင်က လှေခါးအဆစ်ချိုးရှိမှန်တွေရှိ၍ မှောင်မသွားပေမဲ့ မီးထွန်းထားတာလောက် သင်းလင်းချင်းချင်း မရှိတော့။ မခင့်က နံရံ၌ ရေးထားသော နံပါတ် ၃ ဆိုတာကို ကြည့်လိုက်ပြီးမှ နာရီကို တချက်ကြည့်လိုက် သည်။

"ချိန်းထားတဲ့အချိန်ရောက်နေပြီ။ သူက ဘာလို့ နောက်ကျနေရတာလဲ"

"နောက်မကျပါဘူး။ ရောက်လာပါပြီ"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

အပေါ်ထပ်လှေခါးမှ ဆင်းလာတဲ့လူလေးယောက် ကြည့်ညိုစရာလဲမရှိ။ လေးစားစရာ မကောင်းသော မျက်နှာ တွေနဲ့ ဖြစ်သည်။

"မင်းက အောက်လှေခါးထစ်ကစောင့်…မင်းတို့ နှစ်ယောက်က အပေါ်ကစောင့်"

လှူခဲ့ပြီး တာဝန်ပေးပုံက ဝိုဏ်းစတားလား။ မကောင်း သော ဒုစရိုက်မှုလုပ်မလို့လားမသိပေမဲ့။ မခ,က ကြောက်စိတ် တော့ဝင်လာသည်။

"ရှင်က ဘယ်သူလဲ။ ရုတ်ရုတ်ရုတ်ရုတ်တော့ မလုပ် နော်။ ခဏနေရင်မခ,စောင့်နေတဲ့လူ လာတော့မှာ"

"အင်း…သနားစရာပဲ၊ ကျွတ်…ကျွတ် ကြည့်စမ်း… မင်းက လှသလောက် အယုံသိပ်လွယ်တဲ့သူပဲကိုး"

ကုတ်အင်္ကျီခါးစပ်ကို လက်နှစ်ဖက်နှင့် ခွဲကာ။ သူမ မလှုပ်တလှုပ် လျှောက်လာတာကြည့်ပြီး အခြေအနေမကောင်း တော့ဘူးဆိုတာ။ တပ်အပ်သိလိုက်သည်။ ထို့ကြောင့် မခ,





အောက်ထပ်ဆင်းသည်။ လှေခါးတစ်တွေဆီ ခြေလှမ်းရွှေ့တယ် ဆိုရင်ပဲ ထိုလူက လက်တဖက်ဆန့်ကာ သူမကိုတားၡ။

"မသွားပါနဲ့ဦး…မင်း…စိတ်ညစ်အောင် ဘာမှမလုပ် ဘူး။ ဒါပေမဲ့…ငါနိုင်းတဲ့အတိုင်း ငြိမ်ငြိမ်လေးပဲ မင်းနေ၊ အားလုံး အဆင်ပြေသွားစေရမယ်"

မခ,မှာ မျက်လုံးတွေဘာတွေ ပြူးထွက်သွားပြီး ကြောက် စိတ်ကြောင့် နှလုံးအိမ်တဆတ်ဆတ်ခုန်လာသည်။ သူ နိုင်းတဲ့ အတိုင်းဆိုတော့။ ဘုရား…ဘုရား ဘာတွေ နိုင်းမှာပါလိမ့်လို့ ဆွေးပြီး လက်ဖျားခြေဖျားတွေလဲ အေးစက်လာသည်။

"ဟေ့…ကျော်စွာ အဆင်သင့်ပဲလား"

"အဆင့်သင့်ပဲ…ဆရာ"

အပေါ်ကလူလဲ့ည်း ဘာတွေအဆင်သင့်နေလဲမသိ မခ,က တော့ ဟစ်၍သာ အော်ဝိုပစ်ချင်စိတ်နှင့် ရှေ့မှ လူ့အားငေးကြောင်း ကြောင်ကြည့်နေမိ၏။

"ဆရာ…လူတယောက်တက်လာတယ်…ဆရာ"

အောက်ထပ်လှေခါးမှာ စောင့်နိုင်းထားသူက ကသောက



www.burmeseclassic.com

www.burmeseclassic.com



မျှောပြောဖွယ်ရာမရှိ ဟိုလူတွေကလဲ···ဘာလုပ်လို့ လုပ်ရမှန်းမ
ဖြစ်နေချိန်တွင် မခနကတော့ တဖျတ်ဖျတ်အသံပေး၍ နီးကပ်လာ
သော ခြေသံကိုယ့်နားစွင့်နေမိတာ ဝမ်းသာအားရပါ။ အရင်ဆုံ
ခြေသံနှင့်အတူ လေချွန်သံသဲ့သဲ့ပါ ကြားရပြီး အဖြူရောင်အင်
တစ်ရိပ် လှေကားထိပ်မှာပေါ်လာသည်။

"ဟင်"

မိန့်···မှာ မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် လှေခါးထ
လာရတဲ့ အမောတွေ ညောင်းညာမှုတွေ ဘယ်ရောက်သွားမှ
မသိတော့။ ကိုယ့်ကိုကိုယ်လဲ ဆဋ္ဌမအာရုံတွေ ဘာတွေရနေ
လားလို့ အထင်ကြီးရမလိုဖြစ်သွားသည်။ အခုတင် သူမအကြော
တွေးနေခဲ့သည်။ ဟော···ယခု···သူမက သူ့မျက်စိရှေ့ရော
လာသောအဖြစ်က ဆန်းတော့အဆန်းသား။ ကောင်းကင်
မျက်နှာတက်ချိတ်မည့်သူမကတော့ မိန့်ကိုမြင်တာနှင့် မျက်
တွေအရောင်တောက်သွားတာ ဝပ်တစ်ရာလောက်နီးနီး။ ပြီးတော
သူမရှေ့ရှိ လူကို လှမ်းကြည့်၏။

"တွေ့လား။ မခနစောင့်နေတဲ့လူလာပြီ"





ရုပ်တည်ကြီးနှင့် ပြောတဲ့အခါ မိန့်တောင်အူကြောင်ကြောင်
ဖြစ်သွားရ၏။ သူမကတော့ ခပ်တည်တည်ပါပဲ။ မိန့်အနား
လျှောက်လာကာ မိန့်လက်မောင်းကို ချိတ်သည်။

"ရှင် တယောက်တည်းလား။ ဟိုအုပ်စုတွေရော"

"ဟင်···ဘယ်အုပ်စုလဲ"

ယောင်တိယောင်ကန်းနှင့် ပြန်မေးသော သူ့ကို သူမက
မျက်တောင်တွေကော့ထွက်လာအောင် မျက်လုံးပြူးပြသည်။

"ရှင့်···သူငယ်ချင်းတွေပြောတာလေ။ သြော်အောက်မှာ
ငယ်နေကြတုံးလား။ အဲ့ဒါဆိုလဲ မခနတို့အပေါ်ကနေသွားစောင့်
မယ်လေ။ လာ လာ···သွားကြရအောင်"

မခနကသူ့လက်ကို ဆွဲပြီး ဟိုလူတွေကို ဖြတ်ကျော်တက်
သည်။ ထိုအခါ···အပေါ်ဆင့်လှေခါး၌ ကင်မရာတလုံးကိုင်ပြီး
စောင့်နေသူကလဲ ယောင်နနနှင့် မခနတို့ကို လိုက်ကြည့်ရုံသာ
တတ်နိုင်သည်။ လှေခါးတဆစ်ချိုးကို တက်ပြီးတဲ့အထိ မြေမခပန်း
ဆိုသူက သူ့လက်မောင်းကို ချိတ်ထားတာ မဖြုတ်သေးတာမို့ မိန့်က
ရှုန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း…ဘယ်အချိန်ထိ ဆွဲထားမှာလဲ"

"ကဲ…ရှင်"

မခ့က လက်မောင်းကို ပိုတိုးဖက်ကာ မော့ကြည့်သည်။

"ဒီမယ်…ရှင် သိပ်ပြီးအဖြစ်မသည်းစမ်းပါနဲ့။ နောက်မှာ လိုက်လာတယ်။ ရှင်ဘာသိလဲ"

"မင်းကရော…ဘာတွေသိလို ငါမြင်တိုင်းဒီလိုပုံစံ ဖြစ်နေရတာလဲ"

"ဘာ…ရှင်…ရှင် ဘာစကားပြောတာလဲ"

"ငါ မြင်တာငါပြောတာလေ။ ရောက်ရာနေရာမှာ မင်းကလျှပ်စီးကို လက်နေတာမျိုး"

ရှင်ကလဲ မခ့လက်သမျှ လိုက်ကြည့်နေတာကိုး"

နှစ်ယောက်သား ပူးကပ်လျှောက်ပေမဲ့ ရန်ကတော့ဖြ နေစမြဲ။ သူက…နောက်တထစ်လှေခါးကို ဆက်မတက်တော့ တဆစ်ချိုးတံခါးကို ဆွဲဖွင့်ဝင်လိုက်တာနှင့် ကွန်ဒိုရဲ့ စင်္ကြံနံလ ဆီရောက်သွားပြီဖြစ်၏။ အစိမ်းနုရောင် ခါးပေါ်တက်စကင် နီဂျင်း(န်)နှင့် အဝါတောက်တောက်ချိုင်းပြတ် အင်္ကျီပေါ် ချို





အောက်ရောက် ဂျက်ကက်က အနက်ရောင်နှင့် တွဲဝတ်ထားသည်။ အဖြူရောင် ကြိုးသိုင်းဟိုက်ဟီး(လ်) ကြိုးစီးထားတာတောင် သူ့ ခုံးစွန်းနား အထိလောက်သာရှည်လာသော အရပ်ကိုကြည့်ပြီး နဲ့မှာ ရယ်ချင်စိတ်ကို မြိုသိပ်ထားရသည်။ သူမကတော့ နောက် ကို လှည့်ကြည့် လှည့်ကြည့်နှင့် သူခြေလှမ်းအတိုင်း အမှီလျှောက် သည်။

"ရှင်…ဘာလို့ ဒီဘက်အထိ ကွေ့ဝင်လာရတာလဲ ဘက်ကလဲ မျက်ခြေပြတ်လို့ မရအောင် တကောက်ကောက် ပါလာတာလို့"

"မကွေ့လို့မရဘူးလေ။ ဒီမှာ…ငါ့အခန်းရောက်ပြီ"

မိန့်က ဒိုးလော့(ခ်)ကို အွန်ရင်း လျှို့ဝှက်နံပါတ်ကို တောက်တီနှိပ်သည်။

"ကဲ…မင်း…ဘယ်လိုလုပ်မလဲ…အမိ"

"ဟမ်…ဘာကိုလဲ"

နောက်သို့ လှည့်အကြည့်မှာ ဟိုလေးယောက်က အခန်း ထောင့်ကွယ်တခုသို့ ဖျတ်ခနဲပုန်းကပ်လိုက်တာတွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဝင်လေ…ရှင့်အခန်းကို"

"မင်းကရော"

"မခ,ပါ ခဏဝင်မယ်"

ပြောပြီး သူ့ကို တွန်းတွန်းတိုးတိုးနှင့်အခန်းဆီ ဝင်ခဲ့တော
နှစ်ယောက်အတူတူ…မိန့်…ကြားဖူးသော…မဖိတ်ခေါ်
ညှို့သည်ဆိုတာ…ဒါမျိုးပဲလား။

■ ■ ■



## အခန်း (၁၆)

"ဘယ်လို…မညီတော့ဘူး…ဟုတ်လား…မိုးယံ
င်ဟာက ဘာလဲဟယ်။ အခုဆီထမင်း။ အခုစာကလေးကြော်
…ငါဖြင့် အံ့ဩလို့ မဆုံးဘူး" နင်ပဲ…မခကို မရရင် သေတော့
မယ်ဆိုပြီး အသည်းအသန်ဖြစ်နေတာကို အခုဘယ်လိုဖြစ်လို့
စက်စက်ဖြစ်သွားရပြန်တာတုံး။

ဒေါ်ယုက ပေါ်တီကိုအောက်အထိ ဆင်းလိုက်ရင်းမေး
ည်။ ယံယံက သုန်သုန်မှုန်မှုန်မျက်နှာ ဆံပင်တွေကို ထိုးဖွ
ည်။

"မအေးစက်လို့ မဖြစ်တဲ့ အခြေအနေမို့ပါ မေမေ။



www.burmeseclassic.com

www.burmeseclassic.com



ပြန်စဉ်းစားရပြီလေ။ သူအဲဒီလောက်ငြင်းနေတာ သားနဲ့ တကယ်
မစေ့စပ်ချင်လို့နေမှာပါ ဆိုပြီး''

''မင်းနဲ့ ဘီဘီအကြောင်းတွေကို သိထားတာမျိုးဆို
ရင်ကော''

သူ…မေမေ့ကို စွေစောင်းစောင်းလှည့်ကြည့်သည်
အဲဒါပါပဲ အဖြစ်လဲကိုယ့်ဘက်မှာရှိထားတော့ ထင်တိုင်းကြ
မရတဲ့ သဘောမျိုးတွေဖြစ်နေသည်။

''အဲဒါကြောင့် မေမေပြောတာပေါ့။ တကယ်ချစ်တ
မှန်ရင်…အားလုံးရှင်းပြသင့်တယ် တော်ကြာ…ဘီဘီက အ
သွားပြောလိုက်မှဖြင့်…မေမေဖြင့် သားတို့မြန်းတဲ့ နေ့က မခ
တာကို မြင်တဲ့ကျော် ရုပ်ကိုသိပ်တောင်မသက်ာဘူး။ ဝမ်းမြော
ဝမ်းသာဖြစ်တဲ့ရုပ်နဲ့''

တကယ်ဆို။ စေ့စပ်ပွဲပျက်တဲ့ သဘောပဲလေ။ သူ
ဝင်နှစ်သိမ့်ပေး။ ဖျန်ဖြေပေးတာမျိုးလုပ်သင့်တာကို…မခ
တောင်…အားပေးအားမြှောက်လုပ်ခဲ့သည်။

''ဟုတ်တာပေါ့…သူငယ်ချင်းသံယောဇဉ်က





ပြောင်းဖို့ဆိုတာ လွယ်တာမှ မဟုတ်တာ''

ထို့ကြောင့် ယုကလဲ ဇွတ်အတင်းနှစ်ပြောခဲ့တာ

''သားကို မခနဲ့ပဲ သဘောတူတယ်''

တမင်သက်သက်ကြီး ပြောခဲ့တာဖြစ်၏။ မိုးယံကတော့
ကွင်းသွားဖို့ပြင်ဆင်ပြီးသားမို့ ကားပေါ်တက်ထိုင်ကာ စက်နှိုး
သည်။

''မခ့ကို မေးစရာတွေတော့ရှိလာပြီ မေမေ''

မေးစရာဘာတွေများလဲလို့ ကိုယ်ထပ်မမေးခင်ပဲ ကိုယ်
တ်ချောရဲ့ကားက လျှောခနဲ မောင်းထွက်သွားပြီး ဘီဘီခြံရှေ့
ရပ်သည်။ တတီတီနှင့်ဟွန်းသံနှစ်ချက်လောက်ပေးလိုက်သည်
…ဘီဘီက ပြေးထွက်လာ၏။

''အန်တီယု…ဘီဘီ…သွားပြီ''

မြင်သာအောင် လှမ်းအော်လက်လှမ်းပြသွားသေး၏။
ကားရဲ့ နောက်မှာ တဖ္ဖုစီဘုတ်တင်ထားသည့် ကားလေးထဲ
…ယုက ဒီမြင်ကွင်းတွေကို စိတ်မသက်မသာကြည့်ပြီး
ပြင်းချရုံမှတပါး တခြားဘာမှ မတတ်နိုင်ခဲ့။ တကယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဖြစ်စေချင်တာ ဒီလိုမဟုတ်ပေမဲ့ ကလေးတွေက သူ့စိတ်
နဲ့သူကိုယ်။

■ ■ ■



## အခန်း (၁၇)

"ဘာတွေလဲ"

ပေါ်ပေါ်ဖြုတ်ခနဲပြုတ်ကျလာသည့် စက္ကူအိတ်ကိုကြည့်ပြီး မခ,က ခေါင်းမော့ကာပြန်မေးသည်။

"မေးစရာရှိတယ်"

ဖုန်းဆက်ချိန်းတာကြောင့်…မခ,က မိုးယံနှင့် တွေ့နေကျ နေရာကို ရောက်ခဲ့တာဖြစ်သည်။ အခု ဒီရောက်မှာ…တာတာတန် တေတွေ့လာလုပ်နေတာဖို့ နားမလည်နိုင်ခြင်းများစွာနဲ့ မေးတာကိုယ် ကတော့ စိတ်မရှည်သလို။ ခေါင်းရှုပ်တွေးသလို ရုပ်မျိုးနဲ့…ပြန်စိုက် ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်…မဖွင့်ကြည့်ရဲဘူး…မဟုတ်လား"

"ဘာ"

"ဖွင့်ကြည့်လေ။ နင်…သတ္တိရမှာပေါ့။ အဲဒီထဲမှာ…နင်နဲ့ပတ်သက်တာတွေချည်းပဲ"

မခ့က စာအိတ်ကို ပေါင်ပေါ်မှောက်သွန်ချတဲ့အ
ထွက်လာတာက ကာလာစုံဓါတ်ပုံများ။

"ဟင်"

အံ့အားသင့်ခြင်းကြောင့် ဘာဆိုဘာမှ မပြောနိုင်။ ငေ
နေမြင်နေရသောဓါတ်ပုံကို မျက်လုံးအပြူးသားနဲ့ ကြည့်ရ
တကိုယ်လုံးဆူဝေလာတာရှက်စိတ်သွေးများကြောင့် ဖြစ်သည
မခနှင့် ဟိုပုဂ္ဂိုလ် ဝတ်ထားတဲ့ အရောင်တောက်တောက်တွေကြေ
ဓါတ်ပုံထဲမှာ ထင်းနေသည်။ ပုံတွေက သားဆောင်းပုံ။ ကျော
လှျက်သားတွေပဲပါပေမဲ့။ မခနှင့်သူ လက်ချင်းချိတ်ထားတယ်
တာ…အသိသာကြီး။ လက်တဖက်က City Mar။ အိတ်ကို
လူက ဆွဲထားပြီး မခ့က သူ့လက်မောင်းကို ဆွဲချိတ်ထား
ခေါင်းငဲ့ပြီး စကားတွေပြောနေပုံက ချစ်သူတွေလိုဂ္ဂိ ဘာလိ





နောက်ဆုံးတပုံကတော့ မခ့ကို နေရာတင်ပုံရက်သား လဲကျချင်လောက်တဲ့အထိ စိတ်ဓာတ်ကျခြင်းကို ပေးလေသည်။ မခ့က သူ့နောက်ကျောကိုတွန်းပြီး သူ့အခန်းထဲသို့ ဝင်သွားသောပုံ။၏

"မဟုတ်ဘူး…ဒါက"

"နင်…ငါ့ကို လက်မထပ်ချင်တာ…ဒီလူကြောင့်လား …မခ"

"ဘာ"

ဒေါသနှင့်ရှက်စိတ်ကပေါင်းစည်းကာ သွေးထဲဘယ်နှစ်ကြိမ်လောက်ဖြတ်စီးသွားသလဲမသိ။ ယံယံကို မော့ကြည့်ခြင်း၊ ဝှန်းခနဲထရပ်ခြင်းတို့ကလဲ ဒေါသအလျောက်ဖြစ်သည်။

"နင်…စကာကို ဆင်ခြင်ပြီးပြော ယံယံ။ ငါ့စိတ်ဘယ်လိုရှိတယ်ဆိုတာ။ နင်အသိဆုံး ငါ လျှို့ဝှက်တာတွေ မကြိုက်ဘူး။ တွေဝေတယ်။ ဝေခွဲမရတာတွေငါ့မှာ မရှိဘူး။ ပြီးတော့ငါ… မဖုံးကွယ်တတ်ဘူး။ နင့်လိုလဲ ဟန်မဆောင်တတ်ဘူး"

"အေး…စွပ်စွဲပါ…ရတယ်။ ဒါပေမဲ့…ငါက ဓါတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေနဲ့ သက်သေအတိအကျတော့ ထွက်မလာဘူး လေ။ နင်ပြောတဲ့ နင့်စရိုက်တွေကြောင့်ပဲ။ နင် ငါ့ကို လက်ထပ်ဖို့ ငြင်းတယ်။ ချစ်သူအဖြစ်က ပြတ်စဲတယ်"

"နင့်အပြစ်ကို ငါ့အပြစ်အဖြစ်လာမရောနဲ့"

ကြောက်မက်ဖွယ်ရာ ဒေါသကြီးက မခ…တကိုယ်လုံး မှာယိမ်းထိုးလျက်ရှိလေပြီ။ မိုးယံကတော့ မခနှင့်ဆန့်ကျင်ဘက်။ အေးစက်စွာပြုံးသော နှုတ်ခမ်းတွေမှာ သံမှုန်သံစတွေလွင့်ပျံလာ သလို ခံစားရကာ ချစ်စဖွယ် မိုးယံမျက်နှာက ချက်ချင်းကြောက် မက်ဖွယ်ရာ သတ္တဝါကြီးအဖြစ် ပြောင်းလဲသွားသည်။

"ငါက နင့်အချစ်ကို ရချင်လွန်းတော့…နင့်ကို သိပ်ချစ်လွန်းတော့ ဘာကိုမှ မမြင်ဘူးဖြစ်သွားတယ်။ မခ။ ဒီဓါတ်ပုံထဲမှာ နင်ဝတ်သွားတဲ့ အဝတ်အစားနဲ့။ သူ့ဒိတ်တွေက အတိအကျပဲ။ ဒါကြောင့် ဖန်တီးပြုပြင် ထားတဲ့ပုံ မဟုတ်ဘူးဆိုတာလုံးဝသေချာတယ်။ ဒီတော့ နင့် သဘောအတိုင်းပါပဲ။ နင်နဲ့ငါ…လမ်းခွဲကြတာပေါ့။ လူကို ကစားတာထက်…ချစ်တတ်တဲ့ ငါ့နှလုံးသားကို





နင်…ကစားသွားတာ…ငါ… စိတ်အနာဆုံးပဲ"

"ဘာ…ချစ်တတ်တဲ့ နင့်နှလုံးသား။ ဟာ…ဟ ဟား…ဟား… တကယ်ရယ်ရတယ်"

ရင်ထဲကြည်နူးသာယာခြင်းမရှိပေမဲ့ မခ က နာကျည်းခြင်းနှင့်ရအောင်ရယ်သည်။

"ချစ်တတ်တာတွေ။ ပေးဆပ်တာတွေနဲ့ လူ…အထင်ကြီးအောင် မပြောနဲ့ ယံယံ။ ငါ့နားက နင့်စကားကြားရတာတောင်ရှက်တယ်။ ငါ…သိထားတဲ့ အချစ်ဆိုတာ တယောက်ကို တယောက်နားလည်မှုနဲ့ လက်တွဲခြင်းမျိုးပဲ။ နင်… ကျင့်သုံးတဲ့ အချစ်ဆိုတာက အဟွန်း…ညီတူညီမျှ ခွဲဝေ…ခံစားခြင်းလေ"

လပြည့်ညရဲ့ မြင်ကွင်းက မခ အာရုံထဲ ပြတ်ပြတ်သား သားပုံရိပ်ပြန်ထင်လာခဲ့သည်။ ရင်ချင်းအပ်ပြီး အနမ်းချင်းဖလှယ် ခဲ့သူက အခု မခ ကို ချစ်ပါတယ်လို့ ကြွေးကြော်နေတဲ့ အချစ် သူရဲကောင်းကြီးပဲ မဟုတ်လား။ မခ သည် ထစ်ခနဲ့ရှိ…အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



သစ္စာမဲ့စွာ ဝေ့သီချင်နေသော မျက်ရည်တွေကို မျက်တောင်နှင့် ပုတ်ခတ်သည်။

"နင်နဲ့ငါ ဒီမှာပဲ။ ပြတ်ကြပြီ မိုးယံ။

ဒါပေမဲ့ ဒီဓါတ်ပုံရဲ့ အကြောင်းရင်းကို ငါ နှုတ်ဆောင်လိုက်ရှာမယ်။ တွေ့တဲ့နေ့ကျရင်တော့ နင်နဲ့ငါ။ ဒုတိယအကြိမ် ပြန်တွေ့ကြတာပေါ့။ နင်နဲ့ ပြန်စဖို့တော့ မဟုတ်ဘူးနော် ငါ့သိက္ခာ…ငါ့ မာနအတွက် ပြန်တွေ့မှာ နင်…စိတ်ကူးယဉ်နေမှာစိုးလို့…သတိပေးတာ"

ပြောချင်တာကို အနိုင်နှင့် ပိုင်းပြော၍ သူ့ပခုံးတဖက်ကို ဖြတ်ချိတ်တွန်းတိုက်ကာ ထွက်သွားခဲ့ပြီဖြစ်သည်။ မိုးယံက ကျောခိုင်းသွားတဲ့ ချစ်သူကို ခေါင်းငုံ့ကြည့်ရင် ရင်ထဲတဆစ်ဆစ် တိုးဆောင့် လာတာကအသည်းကွဲခြင်းဝေဒနာပဲဖြစ်၏။ မချစ်ဖူး၍ အရူးအမူးဆိုတာထက် သံယောဇဉ်ပေါ် အသစ်ဖြစ်သော အချစ်တွေ သွန်းလောင်းခဲ့တာ…ခိုင်ခိုင်ခံခံ။ နိုင်ခဲ့သော အရာတခု ကို ဖျက်ဆီးဖို့ ခက်သလောက် မေ့ဖျောက်ရန် မလွယ်ကူ။

"ယံယံ"





သူ့လက်ဖဝါးထဲ နောက်ထပ်နူးညံ့ခြင်း လက်တဖက် က တိုးဝင်ဆုပ်ကိုင်လာ၏။ ယံယံငုံ့ကြည့်တော့ နားလည်ခြင်း မျက်ဝန်းတွေနှင့် ဘီဘီက သူ့ဘေးမှာ ယှဉ်တွဲရပ်သည်။

နင်…ခံစားရမယ်ဆို။ ငါသိတယ် ယံယံ။

ဒါပေမဲ့ အသည်းကွဲခြင်းဆိုတာ တမြေ့မြေ့ခံစားနေရင် ပို နာကျင်တယ်ဟ။ ဒုန်းဒိုင်းဆိုပြီး အမြင့်ဆုံးအထိ ခံစားလိုက်… အဲ့ဒါဆို အရှိန်ပြန်ကျဖို့ပဲရှိတယ်။ နောက်ထပ်မြင့် ဖို့ ဒီဂရီမရှိတော့။ နင်…ခံစားရ သက်သာမှာပါ"

အားပေးစကားပြောလာတဲ့ ဘီဘီကို သူက ငုံ့ကြည့်ပြီး အားတင်းပြုံးသည်။

"အံ့သြလွန်းလို့ ရှော့(ခ်)ရသွားတာမျိုးပါ။

ငါ…အဲဒီ့လောက်အထိ အသည်းမနုဘူး"

မာနနဲ့ အံကြိတ်ပြောရပေမဲ့ ရင်ထဲဗလောင်ဆူနေသည် ဆုံးရှုံးခြင်းကို နှမြောသည့်စိတ်တို့ကြောင့် ရင်ထဲပူနေ၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ဟော့…ဟော့ကောင်"

ရှေ့မှသွားနေတဲ့ လေလင်းနှင့် ဧကြီးက သူ့ကိုနောက်လှည့်ပြီးခေါ်သည်။ မိန့်က ဖုန်းဖွင့်ပြီး မစ်(စ်)ကော(လ်)စစ်နေတာမို့ အဲဒီနှစ်ကောင်ကို မော့မကြည့်။

"အေး…ပြော"

"ပြောလို့ မရဘူး…မင်း…ကြည့်ရမှာ"

မကြည့်ချင်ပါဘူးကွာ။ ရင်ခုန်စရာမကောင်းပဲနဲ့"

ပြောတာက…ဧကြီးတို့ကို ဖြစ်သည်။

"ရှင်…ဘာပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘွားခနဲ ပေါ်လာတာက အသံခပ်စွာစွာနှင့်မို့…သူ့ဘေး ကြည့်တော့…သူမက မိန့်ရှေ့တည့်တည့်မှာ မီးဖွင့်ထွက်တော့ မတတ်အကြည့်စူးရဲရဲတွေနှင့် တည့်တည့်ဝင်တိုးသည်။

"ရှင်…ဘာစကားပြောတာလဲ"

"ဆောရီး။ မင်းကို ပြောတာမဟုတ်ဘူး"

ဖြေရှင်းပြီး…မခဘေးနားမှ ရှောင်ထွက်သွားတာ အသည်းယားစရာ။ မခ က သူ့ရဲ့အင်္ကျီလက်မောင်းစကို လှမ်းဆွဲသည်။

"ဒီမှာ…ရှင်နဲ့ ရှင်းစရာရှိတယ်"

"လာပြန်ပြီလား…မင်း"

"ဘာ အခုမှ မသိချင်ယောင်ဆောင်နေတာလဲ"။

ရှင် မခကို သိက္ခာချထားတဲ့ကိစ္စလေ"

ဘေးနားကပ်ရပ်ကာ ဝေးဝေးလဲ မသွားပဲ သူတို့ အခြေအနေကို စောင့်ကြည့်နေသော လေလင်းတို့ စိတ်ဝင်စားခြင်းကြောင့် မျက်လုံးတွေ ပြူးထွက်လာသည်။

"မင်း…ဘာတွေလာပြောနေတာလဲ"





"သိချင်ရင်…ဒီမှာကြည့်။ ဒါ…ကြည့်ပြီးမှ ရှင်နဲ့ မခ…စာရင်းဆက်ရှင်းမယ်"

ရင်ခွင်ထဲ ပစ်ပေါက်ပေးသော အညိုရောင် စက္ကူအိတ် ကြောင့် ဘေးကပ်ရပ်နေသော ဟိုနှစ်ကောင်က လေ၏ လျှင်မြန်ခြင်းမျိုးဖြင့် သူ့အနားသို့ ဖျတ်ခနဲ ပြေးကပ်သည်။ အိတ်ထဲက ဆွဲထုတ်တော့ သူတွေ့လိုက်ရတာ ဓါတ်ပုံတွေ။

"ဟင်…မိန့်…မင်းနဲ့…မြေမခယန်းနဲ့"

"ဟေ့ကောင်…မင်းက ငါတို့ကို နှစ်ကျပ်ကွက် နင်းသွားတာပေါ့လေ။ ငါတို့ကို ခင်သလို ဘာလို့နဲ့…ငါတို့ ကျောင်းကိုလား"

"ငါတို့ကွင်းကို သုတ်"

"အကြံယုတ်တဲ့…ငပုတ်"

အရေးထဲ ကာရန်နဘောတွေစပ်ပြီး တဟီးဟီးတဟဲဟဲ ရယ်နေသူတွေကို…မခ က ခပ်တည်တည် စိုက်ကြည့်မှ မျက်စပိုး အရှိန်သတ်လိုက်၏။

"အဟဲ…ကျွန်တော်တို့က မြေမခယန်း



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သထွက်နေမှန်း သိလို့စိတ်ပြေအောင် စတာပါ''

''ဟုတ်တယ်ဗျ…ဒါပေမဲ့…မြေမခပန်းနဲ့ ကျွန်တော်

တို့ရဲ့ ဆရာဝန်လောင်းလျာကြီးက ဘယ်ကဘယ်လို

ပတ်သက်သွားလဲဆိုတာ''

''ဆရာဝန်…လောင်းလျာ''

မခ က နှာခေါင်းရှုံးရင်း ခြေဆုံးခေါင်းဆုံး ကြည့်

ရှုံ့ချခြင်းတွေနဲ့ပါ။ ဒီလိုဆရာဝန်မျိုး ဘယ်လူနာက ကြည်ညို

တဲ့လဲ။ လက်ဖျံတွေမှာ တက်တူးတွေအပြည့် ဆံပင်ကျ

ဘုတ်သိုက်ကိုမှ နားမှာ စိန်တပွင့်တပ်ထားသေးသည်။

ဆရာဝန်ရုပ်တော့ မပေါက်ပဲ…သူပုန်လိုလို ဝါးမြလိုလို ရု

စိတ်ထဲက ပျစ်ပျစ်နှစ်နှစ် ကဲ့ရဲ့၏။ မင်းမိန့်ကတော့ ခါတ်ပုံ

ကို စိမ်ပြေနပြေကြည့်သည်။

''အဲဒါ မင်းကငါ့ကို သိက္ခာချထားတာ''

''ဘာရှင့်''

''ငါ့…ရာဇဝင်တလျှောက် ဘယ်မိန်းမနဲ့မှ ပတ်

သတ်သတ်ရှိဖူးတာ မဟုတ်ဘူး'' မင်းနဲ့ကျမှ လ



ခံရ။ ဘာညာလိုလို ဟန်ဆောင်ပေးရနဲ့''

ဒီမှာ…အဲဒါ တမင်လုပ်တာမဟုတ်ဘူး။ မခ

အခက်အခဲတွေသွားလို့ ရှင့်ကို အကူအညီတောင်းတာ

လေ။ ရှင်ကမှ ယောက်ျားတန်မဲ့နဲ့ ရိုးရိုးသားသား

အကူအညီတောင်းတာကို ဓါတ်ပုံရိုက်ပြီး အသားယူ

တာ။''

လူပုသလောက် ဒေါ်သကတော့ တော်တော်ကြီးမားပုံ

သည်။ တွေ့လိုက်တိုင်း ဂျင်းစကပ်(န်)နီ အဖြူကိုမှ အော်တာ

ချပ် အနီရဲရဲနှင့်တွဲဝတ်ထားသည့် သူမက အကျီအရောင်ကြောင့်

လား။ ဒေါ်သအရှိန်ကြောင့်လား မသိ။ မျက်နှာမှာပါ ရဲရဲတွတ်

နီနေ၏။

''မင်း…မဟုတ်လာမပြောနဲ့နော်''

''ဒါဆို…ရှင်လဲ ဟုတ်တာပဲလုပ်လေ''

''အေး…လုပ်နေတာပဲ။ အဲ့ဒီနေ့က မင်းဟာ မင်း

လက်လာချိတ်တာ။ မင်းပဲ ဟိုလူတွေရန်က လွတ်ချင်

လို့ ငါ့အခန်းထဲဝင်ပုန်းတာလေ။ ငါက ဓါတ်ပုံရိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အသားယူရအောင် မင်းပုံစံပြန်ကြည့်ဦး။ ပေးစ
အသားရှိရဲ့လားဆိုပြီး။ ဟွန်း··

လူက ပုတက်တက်နဲ့။

"ရှင်···မဆိုင်တာတွေ မပြောပါနဲ့။ ဒါဆို ဒီခါတ
တွေဘယ်က ရောက်လာတာလဲ"

" မင်းပြလို့ ငါတွေ့တာလေ။ တကယ်တမ်း သိ
ချချင်ပါသဖြင့်ဆို ကျောခိုင်းထားတဲ့ ပုံရိုက်မလား
မင်းမျက်နှာတည့်တည့်ကို ရိုက်မှာပေါ့။ နည်းနည်း
ပါးစဉ်းစားဦး"

ဒေါ်သက ဖျတ်ခနဲ ငြိမ်ကျသွားတာနှင့် အရောင်ရ
သော မျက်နှာလေးပါ ပန်းရောင်ဖျော့ဖျော့လေး ထင်ကျ
မခ့က တည်ငြိမ်တဲ့ သူ့မျက်နှာနှင့် သူ့စကားသံတွေကို လေ
သလို တချက်စိုက်ကြည့်သည်။

"ဒါဆို···ဟို လူတွေက···ရှင့်လူတွေ မဟုတ်
ပေါ့"

"တခါမှ···မမြင်ဖူးတဲ့သူတွေ"

"အဲဒါဆို···တိုက်တိုက်ဆိုင်ဆိုင်···ရှင်က မခတို့နား
ဘာလို့ရောက်လာတာလဲ။"

"ရော်···ခက်ပြီ···ကလေးမ"

ဘောင်းဘီအိတ်ထဲ လက်စုံနှိုက်ပြီး ခေါင်းယမ်းကာ
ကို စိုက်ကြည့်ပုံက တကယ့်စိတ်ပျက်လက်ပျက်ဖြစ်သွား၏။

"မီးပျက်နေလို့ ဓါတ်လှေခါးမစောင့်ပဲ ငါ အဲဒီက
တက်တာဟေ့။ ကဲ···ရှင်းပြီးလား။ မင်းတို့ရှိနေမှန်း
လဲ ငါမသိဘူး။

မင်း···ဘာကိစ္စကြောင့် အဲဒီနားရောက်နေလဲ ပြန်စဉ်း
စားကြည့်···ဒီ အရှုပ်တွေထဲ ငါ မပါတာတော့ သေချာ
တယ်"

ဒီတော့မှ မခ့မှတ်ဉာဏ်ထဲ အသိတရားတွေဖျတ်ခနဲ
လက်သွား၏။

"ရှစ်လွှာမှာ···တွေ့ကြမယ်"

ချိန်းခဲ့တာလဲ ဘီဘီ

"လှေခါးထောင့်ချိုး"လို့ နေရာရွေးပေးခဲ့တာလဲ ဘီဘီ



www.burmeseclassic.com

www.burmeseclassic.com



ပဲဖြစ်သည်။

"မင်းက လှသလောက် အယုံလွယ်တာကိုး"

"ဘီ...ဘီ"

မခ,က အခုမှ အဖြေထွက်သွားသလို...ချက်ချင်း

ထုတ်ကာ...နံပါတ်တွေကို တရစပ်နှိပ်ရင်း ပြေးထွက်သွား

ခါတ်လှေခါးဆီ။

"ဟော့...ဟော့...ဒီမှာ ခါတ်ပုံတွေ"

မိန့်က လှမ်းအော်ပေမဲ့...တချက်လေးတောင်ငဲ့မကြည့်

"မီးပုံရှို့ပစ်လိုက်"

လေင်းနှင့်ဖေကြီးကတော့ သူမ ပါသွားသည့် ခါတ်

ခါးကိုတလှည့် သူ့ကို တလှည့်ကြည့်သည်။

"ငါတို့ကို နည်းနည်းလောက်ရှင်းပြစမ်းပါဦး။

မင်းနဲ့ သူနဲ့...နောက်...ဂမ္ဘီကျော်ဇောနဲ့"

မိန့်က ယိုနေ့က ဖြစ်ပျက်ခဲ့သမျှအကြောင်းတွေကို

ပြသည်။

"ငါတောင်...အံ့သြသွားတာ။ သူ့ကို လှေခါး





ချိုးမှာ တွေ့လိုက်ရတော့။ ပြီးတော့ အဲဒီနေ့က

သူတကယ် ဟိုလူတွေကို ကြောက်နေတာလဲ...ငါ့

မျက်မြင်ပဲ"

"မင်းနဲ့ပါသွားတော့ရော...အဲဒီလူတွေက ကွိုင်မရှာ

ဘူးလား"

လေင်းမေးတာကို သူ ခေါင်းခါပြသည်။

"ဒါပေမဲ့ နောက်ကလိုက်ချောင်း"။

မိန့်စကားက အဲ့ဒီမှာ ပြတ်ပြီး...ဟာခနဲ ထအော်သည်။

"ဘာလဲ"

"ဘာဖြစ်တာလဲ"

"ငါ သတိရပြီ...အဲဒီလူရဲ့ လက်ထဲမှာ ကင်မရာတလုံး

တွေ့တယ်။ ပြီးတော့ သူတို့နောက်ကနေ လိုက်ချောင်း

တာကွ။ နောက်ကနေ ဒီပုံတွေကို ရိုက်ထားတာပဲနေ

မှာ"

"ရည်ရွယ်ချက်က ဘာလဲ...ဟော့ကောင်။

မင်းနဲ့...မြေမခပန်းကို သိက္ခာချစေချင်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်တယ်ကွ။ ဒီပုံဆို တမျိုးတမည်မြင်သွားစေ နိုင်တာမျိုးလေ။ ဒီမှာကြည့်ပါလား။

ငါတို့တောင် ဘာဘာညာညာထင်သွားသေးတာပဲ"

ဖေကြီးက သူ့ကျောပြင်ကို တွန်းပြီး သူ့အခန်းသ လိုက်ဝင်လာသော မခပုံကို ပြကာပြောသည်။ မိန့်ကတော့ ခါတ လွတွေကို သူ့လက်ဖဝါးမှာ တဖျတ်ဖျတ်ရိုက်ရင်း အကြာကြီး ငေး စားနေ၏။

"မင်းတို့ကျောင်းမှာ မြေမခပန်းနဲ့ ပတ်သက်ပြီးအ တလော့…ထူးခြားတဲ့ သတင်းမျိုးရှိလား"

"မရှိ…အင်း…ရှိတယ်"

ဖေကြီးက ခေါင်းခါခေါင်းညိတ်နှစ်ခုလုံးလုပ်သည်။

"ဟိုးတပတ်ကတော့ မြေမခနပန်းနဲ့ မိုးယံစေ့စပ်တော့ ဆိုပြီး မိုးယံတို့ အသိုင်းအဝိုင်းက ကြားတယ်ကွ။ နောက်…မြေ ပန်းက ငြင်းဟာလား။ မိုးယံက ဆက်ကြိုးစားတာလားမသိ ဒါပေမဲ့ မိုးယံနဲ့ မြေမခပန်းရဲ့ အဲဒီသတင်းမဟုတ်ပါဘူးလို့ ဘ ကတော့ ရှင်းထားတာပဲ"





"ဘီဘီ"

ထိုအမည်ကို ကြားမှ ရဲရဲတောက်အပြုံး။ ညို့သော အကြည့်တွေနှင့်ဂျွတ်ကျော်ဖေအနဲ့ သူ အဲဒီ တနေ့တည်း တရက် တည်း City Mart ထဲမှာ ဆုံခဲ့ကြသည်ပဲ။ ဆက်စပ်လို့ မရပေမဲ့ တိုက်ဆိုင်မှုတွေက အံ့ဩဖို့ကောင်းအောင် ထူးဆန်းဖြစ်ခဲ့သည်။

"မြေမခပန်းရဲ့ ဖုန်းနံပါတ်ကိုသိလား"

"ငါ…သိတယ်"

ဝမ်းသာအားရထအော်သည်။

"မင်း…ဘာလုပ်မလို့လဲ"

"ဖုန်းနံပါတ်မေးတာ…ဖုန်းဆက်မလို့ပေါ့ ကဲ…ပြောစမ်းပါ"

ငလင်းကရွတ်ပြသည်။ ပြီးတော့နှစ်ကောင်သား မကြား တကြားနဲ့ အတင်းအုပ်နေပုံရ၏။ မိန့်ကတော့ ဖုန်းဆက်ပြီးတာနှင့် ဒီဘက်ပြန်လှည့်သည်။

"ငါ…ခဏလိုက်သွားဦးမယ်"

"မင်းက ဘယ်ကို လိုက်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ…မဆိုင်ရင်…သေးဖယ်နေ"

"မရဘူးကွ။ ဒီမှာငါ့ပုံကြီးပါလာတာမတွေ့ဘူးလား။ သူနစ်နာသလို ငါလဲထိခိုက်မှုတော့ရှိတာပဲ။ ပြီးတော့ ခါတ်ပုံဆိုတာ ကော်ပီပွားလို့ရတာတွေ အများကြီး။ နေရင်းထိုင်ရင်းနဲ့ပါတ်အချိတ် မခံနိုင်ဘူး ဟော့ကောင် တွေ။ နေခဲ့ကြ"

ဖွင့်မဝင်ရသေးတဲ့ အခန်းတံခါးရှေ့မှသူ လှည့်ထွက်တော့ နှစ်ကောင်သား အူယားဖားယားနှင့် ပြေးလိုက်လာကြသည်။

"သယ်ရင်းရယ်…သယ်ရင်း ပြသနာ ကိုယ့်ပြသနာ ပေါ့"

ဧကြီးက ပြောပြီး လေင်းကို မျက်စိမှိတ်ပြသည်။

"ငါတော့…မျက်ခုံးတွေ ခပ်လှုပ်လှုပ်ပဲ"

လေင်းက ပခုံးတွန့်ပြီးပြောဓ၏။ အခါတိုင်းဆို…သူက ထိုငပေါနှစ်ယောက်ကြား လွတ်လပ်ပေါ့ပါးစွာ ရယ်ပစ်မည်ဖြစ် ပေမဲ့…ဒီတကြိမ်တော့ ရယ်သံတွေရင်ထဲ ပျောက်ဆုံးနေခဲ့သည်။ ပိရိစွာ လုပ်ကြံခံရသူထဲမှာ ကိုယ်တိုင်ပါဝင်ရပေမဲ့…မိန့် စိတ်ပူဆေး





နေတာ တခြားတယောက်အတွက်ဖြစ်သည်။

ဘာမှ မဆိုင်ဘူးလို့ တွေးမိကာမှ စိတ်ထဲမှာ သက်ဆိုင် ချင်လာတာ…ဘာကြောင့်လဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"မိုးယံရော"

ဆိုင်ထဲ သူမဝင်တာနဲ့ လှုပ်လှုပ်ရှားရှားဖြစ်သွားသော ခန္ဓာကို ဘီဘီက ပြုံးပြကာ ရှေ့ခုံမှာ ဝင်ထိုင်သည်။ လိမ္မော်ရောင်တောက်နေသော ဂါဝန်တိုက လည်ပင်းကနေ ရင်ဘတ်နားအထိ ကော်လံဝိုင်းအိလေးကျနေကာ ခါးနားမှာ ခါးပတ်အနက်ရောင်တပ်ထားသည်။ အသားကပ်ခြေအိတ်ဟာ အနက်ရောင်ဇာအပေါက်တွေမို့ ဘီဘီ အလှကထင်းနေအောင် ပေါ်လွင်သလို သူတကာလည်းပြန်ငေးချင်အောင် ဖမ်းစားထားနိုင်တာတော့ ကာယ်လက်ဖျားခါလောက်သည်။ ဘီဘီက မခ ရှေ့မှာ ခြေ



www.burmeseclassic.com

www.burmeseclassic.com



ချိတ်ထိုင်သည်။

"ယံယံက နင်နဲ့ မတွေ့ချင်ဘူးတဲ့…နင်ပြောတဲ့စကား တွေကို ငါပဲနားထောင်လာပါတဲ့။ ဒါတောင် သူ့ကို ပြန်မပြောပါ နဲ့တဲ့"

ထိုင်ခုံကို ကျောမှီပြောပုံက သက်တောင့်သက်သာ။

"ငါ…နင့်စကားတွေကို ဘာတခုမှ မယုံတော့ဘူး။ ဘိဘိ။ ဒီဓါတ်ပုံတွေကိစ္စ ကိုမိုးယံရှေ့မှာ ငါရှင်းမှ ရမယ်"

"ဘာလဲ…အဖြစ်မှန်တွေ သိသွားရင် ယံယံ နင့်အပေါ် စိတ်ပြန်လည်လာအောင်လို့လား"

"နင့်…ပါးစပ်ကိုပိတ်ထား…ဘိဘိ"

မခေက စားပွဲကို လက်ဝါးနှင့်ပုတ်ချရင်း အော်ပေမဲ့ အသံ ကျိတ်မနိုင်ခဲမရစွာ အေးစက်စက်သာ ထွက်လာခဲ့သည်။

"နင့်ကိုငါ…ခင်ခဲ့သမျှ… နင့်ကို ဦးစားပေးခဲ့သ အလကားပဲ။ ငါက…သူငယ်ချင်းချင်း အခင်မင်ပျက်ပြီးမှ ရမဲ့ ဘဝမျိုး ဘယ်တော့မှ မလိုချင်ခဲ့ဘူး။ ရလဲမယူဘူး။





အဲ့ဒါကို…နင်မြဲမြဲ မှတ်ထား"

"အေးပါ မှတ်ထားပါမယ်။ နင်…အခုယံယံကိုခေါ် ဦးမှာလား"

"မလိုတော့ပါဘူး။ နင့်စိတ်ဓါတ်တွေ ဒီမှာ အားလုံး ပေါ်သွားပြီပဲ။ နင့်ကို လက်ညှိုးထိုးပြီး အပြစ်တွေဖော် ကောင်လုပ်ရင် ငါက မိုးယံကို မျှော်လင့်နေတယ် ဖြစ်ဦးမယ်။ ကိုယ်ပိုင် အတွေးအခေါ်လဲမရှိ။ သူများ ပြောတိုင်း ယုံတတ်တဲ့ယောကျာ်းကို ငါ မျက်လုံးချင်း တောင် စဆုံချင်တော့ဘူး။ သူ့ အကြည့်က အဆိပ်ဖြစ် လို့"

ခေက နာနာကြည်းကြည်းပြောသလောက် ဘိဘိကတော့ ခပ် ပြုံးပြုံးရှိဆဲ။

"ဒီနေရာမှာ နင်နဲ့ ငါက အတွေးအခေါ်ချင်း ဆန့်ကျင် ဘက်ပဲ" ငါကတော့ ဘာပြောပြော ခေါင်းညိတ်နာခံတဲ့ သူကိုပဲ ချစ်ချင်တာမျိုးပေါ့…နင်…ယံယံကို စွန့်လွှတ် တာတော့ သေချာပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဘာမှပြန်မဖြေပဲ မခ-က မီးပွင့်မတတ်မျက်လုံးတွေ နဲ့ စိုက်ကြည့်သည် ဘီဘီကတော့ ခေါင်းမော့သည်။

"ဝိုး…နင်…တော်တော်ဒေါသထွက်နေတာပဲ။ ငါ့ လိုက်တဲ့ ဓါတ်ပုံတွေရဲ့ ရီဆတ်(ထ်)ကကောင်းသား ဟ… နင် ကံကောင်းတယ်မှတ်။ နို့မို့ရင် ဟိုနှတ်ခ မွေးစစ။ ကုတ်အင်္ကျီဖားဖားလူကြီးနဲ့ တွဲရိုက်ရမှာ၊ အဟွန်း မင်းမိန့်နဲ့ ဆိုတော့ နည်းနည်းကြည့်ပျော် ၄ ပျော်ဖြစ်သွားတယ်။ ပြီးတော့ ယံယံကလဲ ပိုယုံသွား တယ်လေ။ ဟာ··ဟာ… နင်တို့နှစ်ယောက်က အတွဲ တာကိုး"

ရယ်မောပြီး ပြောနေပုံက…တကယ်ပျော်နေတာအ သာကြီး…မခ-က ဝုန်းခနဲ မတ်တပ်ထရပ်တော့ ဘီ ကမော့ကြည့်သည်။

"ငါ…ဟိုးငယ်ငယ်လေးကတည်းက နင့်ကို နံပါ တစ်နေရာပေးခဲ့တဲ့ ယံယံကို ဒေါသလဲထွက်တယ် မုန်းလဲမုန်းတယ်။ ဒါပေမဲ့ မခေါ်ပဲလဲ မနေနိုင်ဘူး





မခရဲ့…။ တဖြည်းဖြည်း အရွယ်ရောက်လာမှ အဲဒီ စိတ်ကအချစ်ကြောင့် ဝန်တိုတာလို့ ငါသိလာရတာ…။ နင်တို့နှစ်ယောက်ချစ်သူဖြစ်တယ်လို့ စသိတဲ့နေ့ကလေ ငါ…ရူးတောင်ရူးသွားချင်တယ်သိလား"

"ရူးချင်တာမဟုတ်ဘူး။ နင်…ရူးနေတာ ဘီဘီ။ အခု လို ငါနဲ့ မိုးယံကို နင်ခွဲလို့ရပြီပဲထား မိုးယံအချစ်က နင်အပေါ်ရောက်လာမတဲ့လား။ သစ်ပင်တောင် ဒီနေရာ ကနှုတ်ပြီး တခြားနေရာ ပြောင်းစိုက်ရင် ရှင်ချင်မှ ရှင် တဲ့အမျိုး။ ဒါအချစ်ဟာ။ ပေါ့ပေါ့လေးတွေးပြီး လွယ် လွယ်လေးပိုင်ဆိုင်လို့ မရဘူး"

"မဆိုးဘူးပဲ။ နင်…ရည်းစားလေးတယောက်ထား လိုက်တာနဲ့တင် ဒဿနတွေ ဘာတွေဖွင့်တတ်လာပြီ ပေါ့လေ။ ငါ့အတွက် အချစ်ဆိုတာကတော့ ရွက်ကျ ပင်ပေါက်လိုပဲဟ… အရွက်ကျရာ…အပင်ပေါက် တယ်။ အဟွန်း ရှင်သန်ကြီးပြင်းဖို့ ဆိုတာတော့…သူ ကို ထိန်းသိမ်းတဲ့ ဥယျာဉ်မှူးရဲ့ အရည်အချင်းပေါ့။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချပါဟာ…နှင့်ရဲ့ အသည်းကွဲနေတဲ့ ယံယံကို ငါ အကောင်းဆုံးပြုစုစောင့်ရှောက်ပေးပါ့မယ်''

''လိုက်ပါတယ်။ လိမ်ညာတတ်တဲ့သူနဲ့ ပြောတိုင်းယုံတဲ့သူ။ မိုးယံက နှင့်အတွက်ပဲဆိုတာ နင် စိတ်ချထားလိုက်တော့ တခုတော့ ငါတောင်းဆိုချင်တယ်''

''အေး…ပြောလေ။ ယံသူငယ်ချင်းတွေပဲဥစ္စာ။ ငါ…တကယ့်စိတ်ရင်းနဲ့ ကူညီပါ့မယ်''

ရယ်မြူးရိပ်သန်းသော မျက်ဝန်းတွေနဲ့ အောင်နိုင်သူတယောက်ရဲ့မာန်မျိုး ဘီဘီမျက်နှာမှာ မြင်နေရသည်။ ဘယ်ဘက်ပါးပြင်ပေါ်က အမာရွတ်လေးကို လှစ်ခနဲတွေ့တော့ မခ ရင်ထဲက ဒေါသမီးတွေ အတော်အတန်လျော့ကျသွားခဲ့၏။ ထိုအမာရွတ်ကလေးကြောင့် အမြင့်ညာခဲ့သည်။ အမြဲဦးစားပေးခဲ့သည်။ ကြီးပြင်းခဲ့သည့်သက်တမ်းတလျှောက် သူမစိတ်နဲ့ ကိုယ့်ကိုနေထိုင်ခဲ့သည်။ အရာရာဦးစားပေးခဲ့သမျှထဲမှာ အသည်းနှလုံးတွေ မာနနဲ့ သိက္ခာတွေပါ အဆစ်ထည့်ပေးလိုက်ရမည်ဟု ဘယ်သောအခါမှ…မခ မတွေးခဲ့။ လောကကြီးက တွေးထင်မထားသော အ





ဖြစ်လာတတ်တယ်ဆိုတာ။ ဘီဘီနှင့်မှ လက်တွေ့သိလိုက်သလို။ မခ က ရယ်ဟာဟာနှင့် ကြည့်နေသော ဘီဘီအား နောက်အနေနှင့် ကြည့်လိုက်သည်။

''နောက်တခါ…ငါ့ သိက္ခာကျမဲ့ အဖြစ်မျိုး ငါ အရှက်တကွဲဖြစ်မဲ့ကိစ္စမျိုး…နင်ထပ်မဖန်တီးပါနဲ့… ဘီဘီ''

''အို…ခေ…။ နင့်ဘက်က ကတိတည်ရင်…ငါလဲ သစ္စာရှိမှာပါ''

မခ က ဆတ်ခနဲ မျက်နှာလွှဲကာ ကျောခိုင်းပြီး ထွက်လာသည်။ ရင်ထဲမှာ တသောသော ပြုဆင်းနေခဲ့တာ တွယ်ငင်တတ်တတ်သော သံယောဇဉ်အဆောက်အဦးဖြစ်သည်။

''ဆောရီးပါ။ မြေမခပန်း''

''ရှင်''

ကိုယ့်နာမည်ကိုခေါ်၍ တောင်းပန်စကားကြောင့် ခြေလှမ်းတွေကို ရပ်ပြီး မျက်နှာငံ့ကြည့်သည်။

''ကျွန်တော်…ဇေယျပါ''

''ကျွန်တော်က လင်းထက်''



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ကြီး မိတ်ဆက်လာတာက ဟိုပုဂ္ဂိုလ်[illegible] ဘော်ဒါနှစ်ယောက်။ ဓါတ်ပုံတွေပေးပြီး ကွန်ဒိုက အထွက်[illegible] မင်းမိန့်ဆိုသူ ဖုန်းဆက်ကာ မခဲ့ဘယ်နေရာမှာရှိလဲ မေးပေမဲ့ [illegible] အထိပါလာလိမ့်မည်လို့ ထင်မထားခဲ့။ မခဲ့က လူမှုရေးအ[illegible] ခေါင်းညိတ်သည်။

"တကျောင်းတည်းသားတွေပဲ။ မိတ်ဆက်စရာ မလို[illegible] ဘူး"

"ဟို ကျွန်တော်တို့က အစက...ဘီဘီ စကားတွေ ကြားပြီး...မြေမခပန်းကို အထင်လွဲခဲ့တာ"

"ဟို...ဂမ္ဘီကျော်ဇောလာခေါ်တိုင်း မိုးယံကပါ ပါသ[illegible] တော့...သူတို့နှစ်ယောက်ကို ချစ်သူတွေလို့ ထင်ပြီး"

"ရှင်တို့...မမှားပါဘူး"

မခဲ့က ကျောပိုးအိတ်ကို ပခုံးတဖက်ခဲ့ လွယ်ထား[illegible] အား နေရာပြင်ပြန်လွယ်သည်။ ပြီးမှ ဧကြီးတို့ နှစ်ယောက်[illegible] ကြည့်သည်။

"သူတို့နှစ်ယောက်က...ချစ်သူတွေဖြစ်ကြတော့ မှ[illegible]





အသံရဲ့အဖျားခတ်တိုးတိမ်ဝင်သွားတာလဲ။ မိန့်ကြားရ[illegible]သည်။ ဖျတ်ခနဲ မျက်နှာလွှဲပြီး ထွက်သွားတော့ မျက်ရည်စက်[illegible]ကြွသွားတာလဲ...သူ...မြင်ရ၏။ လိုက်လာတာက အကြောင်း[illegible]သိဖို့ထက် ဒီဓါတ်ပုံပို ဖန်တီးသူအား သိချင်ရုံသက်သက်ပါ။ [illegible]င်မှတ်မထားသော စကားတွေကြားမှာ သူမက အမြဲတမ်းရှုံး[illegible]သူအဖြစ်ရပ်တည်ခဲ့ရတာ သိရတော့ ရင်ထဲစိတ်မကောင်းဖြစ်[illegible]တာ...သပ်သပ်။ သူမကို သနားကြင်နာတာ သပ်သပ်နှင့်။ [illegible]မြေမခပန်း..ဆိုတာ။ တကယ့် ပင်ယံအမြင့်မှာရှိပြီး မကြွေနိုင်တဲ့[illegible]န်းတပွင့်လားလို...သူ...သိချင်လာ၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဘယ်လိုလဲ…ဖြေနိုင်ကြလား"

"မင်း…ငါတို့ စာမေးပွဲဖြေနိုင်…မဖြေနိုင် လာမေးတာလား"

လင်းထက်က တွေ့လျှင် တွေ့ချင်း လူကိုရိသည်။ ဖေကြီးက ဘောင်းဘီအိတ်ထဲ လက်နှိုက်ရင်း ခေါင်းတဆတ်ဆတ် ညိတ်ကာ

"ဖြေနိုင်လားသာ မေးတယ်။ ငါတို့ ဆီမှာမျက်လုံးက မရှိဘူး…မင်းမျက်လုံးတွေ ဂဏာမငြိမ်ဘူးနော်…မိန့်။ မင်းကြည့်ရတာ တယောက်ယောက်ကို"



www.burmeseclassic.com

www.burmeseclassic.com

"အေးကွ…ငါ မြေမခယန်းကို တွေ့ချင်တာ"

ဂျင်းရှပ်အပြာဖျော့မှာ စကောင်(န်)နီ အနက်ကို အညိုရော

ထိပ်ချွန်ရှူးဖိနပ်စီးထားသည်။ ရွှေညိုရောင်ဆံပင်တွေကိုမြင့်မြ

စည်းထားတဲ့ မိန့်ကို ကောင်မလေးတွေက လှည့်ကြည့်လှ

ကြည့်လုပ်သွားကြသည်။ လင်းထက်ကတော့ မိန့်လက်မောင်း ဆ

လှမ်းတိုးသည်။

"မေးတော့လဲ ဒီကောင်ဟန်မဆောင်နိုင်ဘူး ဖြေတာ…

တခါတည်း အမှန်အတိုင်း"

"ဟေ့ကောင်…မင်းတို့ကို ရှိန်းပြီး မုသာဝါဒ ငါကျ

လွှန်စရာမရှိဘူး။ မင်းတို့ရုပ်တွေ ပြန်ကြည့်ဦး…။

ဟွန်း…။ လာတွေ့ချင်စရာ တစက်မှ မရှိဘူး"

နှစ်ယောက်ကြားက ဖြတ်ထွက်သွားတဲ့ မိန့်နော

ပြေးလိုက်သည်။

"ခွေးကောင်…ဒီတွေ့ချင်စရာမရှိတဲ့ ရုပ်တွေကိုလ

ကြည့်ရင်းနဲ့ပဲ…ငါတို့ ကွင်း(န်) အကြောင်းသိသွားတာကိုး"

"မင်း…အခု ဘယ်လိမ့်မှာလဲ"





ပခုံးချင်းယှဉ်လာတာနဲ့ ဧကြီးကမေးသည်။

"မြေမခယန်းကို သွားရှာမလို့"

"ဝိုး…ရဲရင့်လှချည်လား"

လင်းထက်က ထအော်တော့…မိန့်က ခပ်တည်တည်။

"ပေါကြောင်ကြောင်မလုပ်နဲ့"

ဆုံးမသလိုကပ်ဖွဲ့သည်။ ဧကြီးကတော့ အတူယှဉ်

လျှောက်ရင်း မိန့်မျက်နှာကို အကဲခတ်သလိုကြည့်သည်။

"မိန့်…မင်းအတည်ပြောနေတာလား"

"ဘာကိုလဲ"

"ကြည့်…မင်းပဲ ပြောပြီး ငါမေးတာပြန်မေးနေရသေး

တယ်"

"မင်း…မေးတာလဲ အဆက်အစပ်မရှိလေ"

စကားကို အဆက်မပြတ်အောင် ပြောရင်း ခေါင်း

ာလည်လည် မျက်လုံးတဝေ့ဝေ့နဲ့။ မြေမခယန်းကိုရှာတဲ့ အလုပ်ပါ။

လုပ်နေရသည်။

"ငါ မေးတာ မကြွေးယန်းကို မင်းအတည်လားလို့"



www.burmeseclassic.com

www.burmeseclassic.com



မြေမခယန်းကို သူတို့သုံးယောက်က မကြွေသော

ဘာညာနဲ့ နစ်(ခ်)နိမ်းပေးထားတာမို့ နာမည်ငှက်သုံးပြီး မေး

ဖြစ်သည်။ မိန့်က ချက်ချင်းဆိုသလို ဇေကြီးကို လှည့်ကြည့်

"ငါ့ရုပ်က… ပြောင်ချော်ချော်ဖြစ်နေလို့လား"

"အဲဒီလိုတော့ မဟုတ်ပါဘူး။ ဟိုကွာ…မင်းက မိ
တွေ ဘာတွေနဲ့ မတွဲခဲ့ဖူးတော့"

"ရင်ဘက်ထဲမရောက်ပဲ…တွဲတာမျိုး ငါစိတ်မဝင်
ဘူး"

"ဒါဆို…မကြွေသောယန်းက မင်းရင်ဘတ်ထဲရော
သွားပြီပေါ့"

လင်းထက်ကပါ ဝင်မေးပေမဲ့ အဖြေ မဖြေသေး
မိန့်…ဖုန်းက အသံမြည်လာခဲ့သည်။ မိန်းက ဖုန်းကိုဖွင့်လိုက်

"ဟဲလို"

"ကိုမင်းမိန့်"

"ဟုတ်ကဲ့…နားထောင်နေပါတယ်..ခင်ဗျာ"

အောင်မာ ဖုန်းဖြေသံက ပျူပျူငှာငှာရှိလှချည်





ကိုဇေကြီးနဲ့ လင်းထက်က အသံတိတ် အချက်ပေးသည်။

"မြေမခယန်းပါ။ ကိုမင်းမိန့်ကို တွေ့ချင်လို့။ အတွေ့
အထူးတော့မဟုတ်ပါဘူး။ တောင်းပန်စကားလေး ပြော
ချင်လို့ပါ။ ကိုမင်းမိန့်…အားတဲ့ တနေ့နေ့"

"ကိုယ်…အခု…အားနေပါတယ်"

"ရှင်…"

"ပြီးတော့…မင်းတို့ကျောင်းထဲရောက်နေတယ်"

ပြောလေ…မင်း…အခု ဘယ်မှာရှိနေလဲ"

အင်း…သိပြီ…ကိုယ်ငါးမိနစ်အတွင်းရောက်မယ်"

ဖုန်းပိတ်ပြီး ဘောင်းဘီအိတ်ထဲ ထည့်တာနှင့် ဟိုနှစ်
ကောင်က အမောတကောဝိုင်းပြီးမေးသည်။

"ဘယ်သူလဲ"

"မိန့်က နှစ်ယောက်စလုံးကို ပခုံးဖက်သည်။"

"မင်းတို့ သိစရာမလိုဘူး။ ပြီးတော့လိုက်လာစရာလဲ
မလိုဘူး။ သိပြီနော်။

ပြောပြီးပြေးထွက်ခဲ့သည်။ စိတ်ချင်းဆက်နွယ်တာတို့



www.burmeseclassic.com

www.burmeseclassic.com



ဆဋ္ဌမအာရုံတို့ဆိုတာ ဒါမျိုးပဲလား။ ကိုယ်သတိရချိန် သူမနဲ့ တွေ့ရပြီး ကိုယ်လွမ်းနေချိန်မှာ သူမအနားရှိခွင့်ရလျှင် သူက တိုင်းရင်းသားအဆိုတော်ရဲ့သီချင်းကို အကျယ်ကြီး အော်ဆိုပစ် ချင်သည်။ အတူနေခွင့်ရှိရင်···မိန့်အတွက် တကယ်···အတိုင်း ထက်အလွန်။

■ ● ■



## အခန်း (၂၁)

"ဟိုရက်ပိုင်းတွေက···မခကိုယ်တိုင် စိတ်တွေထွေ နေတာလေ။ ပြီးတော့ စာမေးပွဲက ရှိသွားတာနဲ့ စာတွေ ကျက်ရပြန်ရော။ စိတ်ထဲမှာရှိနေတာတော့ ကြာပါပြီ။ ဒါပေမဲ့···အဲဒီအကြောင်းကြောင်းတွေကြောင့် မခ ဆက်သွယ်ဖြစ်တာပါ။ တောင်းပန်ပါတယ်နော် ကိုမင်းမိန့်"

ဒီလိုကျတော့လဲ မာနကြီးသော၊ ခက်ထန်သောဆိုတဲ့ မြမခပန်းရဲ့ ဂုဏ်ပုဒ်တွေ မရှိတော့တဲ့အတိုင်း။ နူးညံ့ခြင်းတမျိုး နှင့် မျက်နှာလေးက အလင်းဖျော့နေသည်။ မရယ်မပြုံးရှိတတ်



www.burmeseclassic.com

www.burmeseclassic.com



တာကိုက သူမစတိုင်(လ်)လို့ လင်းထက်တို့ ပြောတာကြားဖူးသည်။ ဒါပေမဲ့အခုအချိန်မှာတော့ သူမရယ်ပြုံးလိုက်လျှင် တကမ္ဘာလုံး ပန်းတွေဖူးပွင့်ပြီး အသွေးအရောင်ပိုစုံသွားမည်ဟု မိန့်မျှော်လင့်ချင်ပါသည်။ ထို့ကြောင့် ရှေးလူကြီးတွေက စာတွေ ကဗျာတွေဖွဲ့ခဲ့တာဖြစ်မည်။ ချစ်သော မျက်စိနှင့် ကြည့်လျှင် ချစ်စရာတွေချည်းဆိုတာ။ မိန့်က ပန်းဆီရောင်တီရှပ်မှာ ဂျင်းအကျပ်တထည်နှင့်တွဲဝတ်ကာ ချိုင်းပြတ်အင်္ကျီအနက် ခါးရှည်လေး ထပ်ဝတ်ထားသည့် သူမကို ငေးကြည့်သည်။

"စာမေးပွဲ… ဖြေနိုင်လား"

"ဟုတ်…ဖြေနိုင်ပါတယ်။ ကိုမင်းမိန့်"

မိန့်ကပင်စည်ကိုကျောမှီရပ်နေရာမှ ကန်ရေပြင်ဘက်မျက်နှာမူသည်။

မိန့်လို့ ခေါ်လဲဖြစ်တယ်နော်။ ကြားနေကျ မဟုတ်တော့ နားထဲထောင့်နေလို့

"ဟို…မခ တောင်းပန်တာ အသိအမှတ်မပြုချင်လို့ စကားတွေ လမ်းကြောင်းလွဲနေတာ မဟုတ်ပါဘူးနော်"





သူက…မခကို ငုံကြည့်သည်။ မျက်ခုံးထူခြင်း၊ နှာတံ…ခြင်းတွေကို နိုင်ကြည်သော မေးရိုးက ဘောင်ခတ်ပေးသော …ါ သူ့မျက်နှာက ဆွဲဖြစ်သည်အထဲမပါ။ ခေတ်စကားနှင့် …ာရလျှင် လူရှိန်ချင်စရာ ရုပ်မျိုးဖြစ်သည်။

"ကိုယ်က အဲဒီလို ဝေ့လည်တာတွေမလုပ်တတ်ဘူး"

"ဒါဆို"

"မင်း…ဘာကို တောင်းပန်တာလဲ။ ကိုယ်မသိတော့တာ"

"ဟို… မခကို ကိုမင်း…အဲ…မိန့်က အမြဲကူညီခဲ့တာလေ။ အဲဒါတောင် မဟုတ်တာတွေ စွပ်စွဲပြီး ရန်တွေ့ခဲ့သေးတာ။ ပြန်တွေးတိုင်း အားနာတာနဲ့"

"တောင်းပန်တာပေါ့"

နှုတ်ခမ်းတွေဖွင့်တော့မရယ်။ ဒါပေမဲ့ သူ့မျက်ဝန်းတွေ…ရယ်မြူးရိပ်သမ်းနေတာကို မခက ကြည့်ရင်း နှမ်းရိနေသော …တ်တွေက ခေါင်းထောင်လာသလို ခံစားရသည်။ မခက …ါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အပွန်း…သူတော်ကောင်းကို စော်ကားသလို ဖိုသလို ဖြစ်သွားတယ်"

"အင်း…အဖြစ်မှန်ကို မင်း…သိရင်တော်ပါပြီ။ ကိုယ်ကဇွဲမယူတတ်ပါဘူး"

"အပွန်း…မိန့်က နောက်တတ်သားပဲ"

ဟက်ဟက်ပက်ပက် မဟုတ်ပေမဲ့ သွားတန်းတွေပေါ် အောင်ရယ်တော့ ပါးမို့ပလေးတွေနီမြန်းရဲတက်သွားသည်။ ကြည်လဲ့သည် မျက်ဝန်းလေးတွေက မျက်တောင့်ကော့တွေ ဘောင်ခတ်လျက် ရယ်လိုက်မှ ပိုချစ်စရာကောင်းသွားတာဖြစ်၏။ မိန့်က အဲဒီအရယ်မျက်နှာလေးကို တခဏလေးတွေ့ရတာ တင်း တိမ်ခြင်းမရှိဟု နှလုံးသားက အချက်ပေးသည်။ ထို့ကြောင့် သူမဘေးနား ခုံတန်းမှာ ဝင်ထိုင်သည်။

"စာမေးပွဲပြီးပြီ။ ဘာအစီအစဉ်ရှိလဲ'

မခ,က ခေါင်းခါပြသည်။

"ဟိုး အရင်ကဆိုရင်တော့ ရှော့ပင်ထွက်တာတို့။ ကစားကွင်းသွားတာတို့နဲ့ လျှောက်လည်တာပဲ။ ဒါပေ





အခုတော့ အစီအစဉ်မရှိပါဘူး။ မခ,က သူငယ်ချင်းရှားတယ် မိန့်ရဲ့။ ရှိတဲ့နှစ်ယောက်တောင် တည့်အောင်မပေါင်းနိုင်တာ ကြည့်ပါလား။ ဆက်ဆံရေးညံ့တယ်ပြောရမှာပေါ့။ မိန့်နဲ့ ဒီလောက်လေးပေးဖြောင့်နေတာတောင် ကိုယ့်ကို ကိုယ်ထူးဆန်းနေတာ…သိလား"

"ဟားဟား…ကိုယ်လဲ လူထူးလူဆန်းနဲ့ လာတွေ့နေသလိုဖြစ်နေပြီ။ သူငယ်ချင်းမရှိပေမဲ့ ကိုယ်ရှိပါတယ်။ မင်း…သွားချင်တဲ့ နေရာရှိရင်"

"ဟင့်အင်း…ဒီနေ့တော့… မခ…နားချင်ပြီ။ စိတ်လေးစရာတွေ ဘာမှမရှိတော့ဘူးဆိုတော့။ စာမေးပွဲလဲပြီးသွားပြီ။ မိန့်ကိုလဲ…တောင်းပန်ပြီးပြီဆိုတော့လေ။ ကိုမက်(စ်)မိသား"

မခ,က ခါးလေးညွှတ်ကာ ကိုရိုးယားလိုပြောသည်။ ဖိခ, ပြန်တော့မယ်"

"ကိုယ်…လိုက်ပို့ပေးမယ်လေ"

"ရတယ်…ဒီအချိန်ဆို…အိမ်ပြန်တဲ့ဘတ်(စ်)တွေ



www.burmeseclassic.com

www.burmeseclassic.com



ချောင်တယ်”

“ဟား…ဘယ်လိုလဲ…။ မင်းက တကယ့်ခွစာ

ပြောသမျှအားလုံးငြင်းနေတာ”

သူက မခနှင့် ပခုံးချင်းယှဉ်လျှောက်ရင်းပြောသ

မခကပြုံးစေ့စေ့နှင့် မော့ကြည့်သည်။၏

“အဲဒါကြောင့် ပြောတာ။ မခက ဆက်ဆံရေးညံ့

လို့”

“သတင်းကြားစက မယုံဘူး”

“အခုရော”

“ကြားထားတာထက် ဆိုးတယ်”

သူက နှာခေါင်းတွန့်ပြီး မချိုမချဉ်ပြောတော့

ရယ်ရင်း အရှေ့လမ်းဘက်ဆီ အကြည့်ရောက်သွားသည်။ ထို

မှာတင် မခ မျက်နှာပေါ်က အရယ်အပြုံးတွေ ဖျတ်ခနဲပျော

သည်။ မျက်နှာလေးက ချက်ချင်းညှိုတက်လာ၏။

“တခြားလမ်းက သွားရအောင်နော်…မိန့်”

မော့မော့လေး ပြောလာတဲ့ မျက်ဝန်းထဲ မျက်ရည်





ကပြည့်နေ၏။ မိန့်က ရှေ့တူရူမှသူတို့ထံ ဦးတည်လျှောက်လာတဲ့ မိုးယံနဲ့ ဂမ္ဘီကျော်ဇောကို တချက်လှမ်းကြည့်သည်။ ပြီးမှ မခ၏ မျက်နှာလေးဆီပြန်ကြည့်တော့ သနားကရုဏာသက်ခြင်းက နှလုံးသားမှာ တထိုင်တည်းအမြစ်တွယ်သည်။

“မခ သူတို့ကို ရင်ဆိုင်ဖို့ အဆင့်သင့်မဖြစ်သေးဘူး။

မိန့်…ပြီးတော့…သူတို့ရှေ့မှာ…မခ အားငယ်တာ

တွေ ဝမ်းနည်းတာတွေ ဖြစ်တာကို ရိပ်မိသွားမှာလဲ

စိုး…တယ်”

အတုန်တုန်အလှုပ်လှုပ်ပြောနေတဲ့ နှုတ်ခမ်းဖူးလေးတွေကို ကြည့်ပြီး သူ့ရင်ထဲကတုန်ကယင်ဖြစ်နေတာကို ဆုံးမရခက်နေ၏။ သူ့မစိတ်အတိုင်း လိုက်လျောခြင်းသည်သာအကောင်းဆုံးလို့ သူ…ဆုံးဖြတ်ချက်ချလိုက်၏။

“ကို…မင်း…မိန့်”

ခေါ်သံနှင့်အတူ ဂမ္ဘီကျော်ဇောက အနားသို့ရောက်လာသည်။ မိုးယံလက်မောင်းတဖက်ကို တွယ်ချိတ်လျက် အစွမ်းကုန်ဝံ့ကြွားခြင်းတွေက မျက်နှာမှာ ရောင်ပြန်ဟပ်



www.burmeseclassic.com

www.burmeseclassic.com



နေ၏။

"လာလည်တာလား။ ဓေကြီးတို့နဲ့တွေ့လား"

မေးပုံက မိန့်ကပဲ ဓေကြီးတို့ဆီလာရင်း မခနှင့် လမ်း

လို့ တွေ့သလိုမျိုး။ မိုးယံက နှုတ်ဆိပ်ကာ မခနှင့် မိန့်ကို

စူးစူးရဲရဲ ကြည့်နေ၏။

"ကျွန်တော်...မခ...ဆီလာတာ"

ပြောရင်းက အေးစက်နေသော လက်လေးတဖက်

မိန့်ကလှမ်းဆွဲသည်။ အလိုက်သင့်ပါလာသော လက်ဖဝါးလေး

သူ့ဖျစ်ညှစ်ဆုပ်ကိုင်မှ သတိဝင်သွားသလို ပြန်ရုန်းပေမဲ့...

ကလွှတ်မပေး။

"စာမေးပွဲပြီးသွားပြီ ဆိုတော့။

ဘယ်သွားမလဲလို့...မေးနေတာ။

မခ့က ကစားကွင်းနဲ့ ရုပ်ရှင်...ရွေးနေတာနဲ့"...

ကလေးမ...ရွေးပြီးသွားပြီလား။ ဒါမှမဟုတ် နှစ်ခု

ပဲလုပ်ကြည့်မလား။ ဘယ်လိုသဘောရလဲ"

တရင်းတနှီးကြီးငုံ့မေးကာ လက်လဲဆွဲထားသေး။





င်းတိုက်ပစ်ကာ...မခ့မျက်နှာဆီ လေနဲ့ရှူးခနဲ မှုတ်ပစ်တော့။

ခမှာ အံ့သြတကြီးနှင့် မျက်လုံးဝိုင်းသွားရတဲ့အထိ။ ဒီလူရဲ့

ရုပ်ဆောင်ကောင်းပုံက တကယ်လား။ ဟန်ဆောင်နေတာလား။

ခတောင် မခွဲခြားတတ်တော့။ ထူးဆန်းလွန်း၍ စောစောကရှိ

သော ရင်မဆိုင်ရဲတာတွေ။ ငိုချင်တာတွေလဲ အစရှာမရအောင်

ပျောက်ကွယ်ကုန်သည်။

"ဟိတ်...ဖြေလေ"

"မခ့က...ဟို"

"မခ"

မိုးယံက ကြားဖြတ်ခေါ်ကာအသံရော မျက်နှာကတင်း

င်းမာမာ

"ငါတို့နဲ့ အိမ်ပြန်လိုက်ခဲ့"

"အို...ယံယံကလဲ။ ဘီဘီတို့လဲသွားစရာရှိသေးတဲ့

ဥစ္စာ"

"ငါကလဲ...မလိုက်ပါဘူး"

မခ့က ဘီဘီကို စိုက်ကြည့်ပြီးပြောသည်။ မခ့ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့တာနဲ့ စိုးရိမ်တကြီးဖြစ်နေပုံကို ကြည့်ပြီး ဟားတိုက်၍သ[ား] ရယ်ပစ်ချင်သည်။ ဖြစ်ရလေ…လုယက်သူက ငါ့ပစ္စည်းကြ[ီး] ရွှေ့ဖိုက်ပြီး အော်နေတာနဲ့တင် အလုပ်ရှုသူက ငိုရမလို။ ရယ်[ရ] မလို။ မခ…က တရားကျသွားသလို ဘီဘီကို ခပ်စိုက်စိုက်ကြည့် သည်။

"သွားမယ်လေ မိန့်။ ကစားကွင်းအရင်သွားပြီးမှ… ရုပ်ရှင်သွားကြည့်တာပေါ့။

မိန့်ကိုဖုန်းဆက်ခေါ်မှ သူမရှိလောက်ပါဘူးနော်။

တော်ကြာ မခ…တယောက်တည်း ပြန်နေရမှာစိုးလို့"

မိန့်…ကဘောင်းဘီအိတ်ထဲမှ ဖုန်းကို ထုတ်ပြီး…မခ[…] လက်ထဲထည့်ပေးသည်။

"မခ…လက်ထဲအပ်လိုက်ပြီ။ စိတ်တိုင်းကျ စီမံလို့ရတယ်[…] ကဲ…ဒါဆို အဆင်ပြေပြီလား"

"[illegible]…ခေ။ သွားကြစို့…မိန့်…"

လက်ချင်းမြဲမြဲတွဲ၍ ထိုနှစ်ယောက်သားမှ ဖြတ်ထွ[က်] လာခဲ့သည်။ ကားပေါ်ကင်နားရောက်တဲ့အထိ မိန့်က မလွှတ်သေ[း]

သူမကို ကားတံခါးဖွင့်ပေးသည်။

"တက်လေး"

"မိန့်…ဟိုလေ…အဲဒါက…မခ…ဟန်ဆောင်တာ"

"တက်ပါ…ဂမ္ဘီကျော်ဇောအကြောင်းမေ့သွားပြီလား နောက်ကနေရှုံ့ဒိုးလိုက်နေရင်…ဘယ်လိုလုပ်မလဲ"

"ဟို…အဲဒါက"

ကိုယ်တို့ကို ခါတ်ပုံရိုက်နိုင်းသလို လိုက်ချောင်းနေရင် ပိုခက်မှာပေါ့။မင်းအတွက်ပြောတာ နော်…တော်ကြာ ဟန်ဆောင်တာမှန်းသိသွားရင်…မင်းကို ပြောစရာပို ရသွားလိမ့်မယ်"

ဒီလိုဆိုတော့လဲ…သူမက တွေတွေဝေဝေလေးဖြစ်သွား[း] မိန့်…ဖွင့်ပေးထားသော ကားထဲဝင်ထိုင်၏။ မိန့်က မောင်း[…] [...]ရာဝင်ထိုင်သည်။

"ကဲ…မထူးပါဘူး…ဟန်ဆောင်လက်စနဲ့ ဆက်… ဟန်ဆောင်တာပေါ့။ ကိုယ်တို့ ကစားကွင်းသွားမလား။ ဒါမှမဟုတ် ရုပ်ရှင်ကြည့်မလား"



www.burmeseclassic.com

www.burmeseclassic.com



“ရုပ်ရှင်တော့ မကြည့်ချင်တော့ဘူး”

“အိုခေ ဒါဆို…ကစားကွင်းပေါ့”

ငွေမှင်ရောင်ဒက်ဘယ်(လ်)ကပ်ကြီး ကျောင်းဝင်းထဲမှ ထွက်ခွာသွားတာကြည့်ရင်း…သစ်ပင်အကွယ်မှ ကုပ်ချော[…] ချောင်းနှင့်ထွက်လာသော် လင်းထက်တို့နှစ်ယောက်မှာ တယော[…] မျက်နှာတယောက်ကြည့်သည်။

“ဟော့ကောင်…ဒါ…တကယ်ကြီးလား”

“တကယ်ပေါ့ကွ။ လက်ချင်းတွဲသွားတာ။ ကားတံခါ[…] ဖွင့်ပေးတာ…မင်း မမြင်ဘူးလား”

“ဒါဆို…သူတို့သွားတာ ဘယ်လဲ”

“ငါလဲ သိမလားဟ။ သိချင်ရင်ဖုန်းဆက်မေးကြည့် လိုက်”

ဖေကြီးက ဒီတကြိမ်တော့ လင်းထက်နှင့်အငြင်းမပွား[…] တော့ပဲ ဖုန်းဆုတ်ကာ တတီတီနှိပ်သည်။ တဖက်က ဖုန်း[…] တာနှင့်ဟဲလိုတွေ ဘာတွေ မစောင့်တော့။

“ဟော့ကောင်…မင်း…နှစ်ကျပ်ကွက်နင်းသွားပြန်ပြ[…]





ပေါ့…ဟုတ်လား။ ပြောစမ်းပါဦး။

မင်းတို့ဇာတ်လမ်းဘယ်တုံးကစလဲဆိုတာ”

“ပြီးတော့…မင်းတို့ အခု ဘယ်သွားတာလဲ”

ဒိုင်လျှိုဖို့ မကြိုးစားနဲ့ ကောင်လေး။ ငါတို့စပိုင်တွေ နေရာအနှံ့မှာ ရှိတယ်။ ဂန္တီကျော်ဇောထက်…ဆိုးသွား မယ်။ မှန်မှန်ဖြေ… ကောင်လေး”

နှစ်ယောက်အပြိုင်ဖုန်းတလုံး အလယ်ထားပြီး အော်နေ တာHip Hop သမားတွေထက် ဆိုးသည်။ တဖက်က အသံထွက်လာ၏။

“ဟို…မိန့်…မဟုတ်ပါဘူး။ မခပါ”

“ဗျာ”

လင်းထက်က အကျယ်ကြီးအော်ပြီးဖေကြီးက သူ့ဖုန်း[…] နံပါတ်ကို ပြန်ကြည့်သည်။

“ဒါ… မိန့်ရဲ့ နံပါတ်ပါ။ ငါလဲမမှားပါဘူး။ ဟဲလို

“ဟုတ်… မိန့်က…မှာစရာရှိမှာခဲ့ပါတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူကားမောင်းနေလို့ ဖုန်းမကိုင်အားဘူးတဲ့

"ဩော်...မမှာတော့ပါဘူး။ အိမ်မှာဆုံကြမယ်ပဲ။

ပြောပေးပါခင်ဗျာ။

ဧကြီးက ရိုရိုသေသေပြောပြီးမှ ဖုန်းပိတ်လိုက်၏။

"ခွေးကောင်"

"ဝံစား"

တယောက်တခွန်းဆီ မေတ္တာပို့သလျက်ရှိကာ... တကယ်ဆို ဒီကောင်နိုင်လှို့အထာတွေနဲ့ ကွက်ကျော်ရိုက်သွားသမျှ သူတို့က ငုတ်တုတ်ထား၏။

■ ■ ■



## အခန်း (၂၂)

"အဆင်ပြေသွားပြီးလား"

အိမ်ရှေ့မှာကားထိုးရပ်ပြီး သူက မျက်ခုံးတပင့်နှင့် ပြုံးစစ အားသည်။ မခ.က စလင်းဘတ်(ထိ)အိတ်ကြီးကို ပခုံးမှာတင် ငံး သွားတန်းတွေပေါ်အောင်ရယ်သည်။

"အခုမှ တကယ်...အဆင်ပြေသွားတာ။ ဟား...ဟား တူနဲ့ ထုတဲ့အရုပ်တွေကို ဘီဘီလို့ သဘောထားပြီး ထုခဲ့တယ်။ လက်ဝှေ့ထိုးပွဲမှာလဲ ပြိုင်ဘက်ကို မိုးယံ လို့ သဘောထားပြီး ဆက်တိုက်ထိုးခဲ့တာ။ မိုက်တယ် ပျော်စရာကြီး...အပျော်ဆုံးက ရိုလာကိုစတာစီးတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အရင်တုံးက စီးဖူးပေမဲ့ အခုစီးရတာနဲ့ မတူဘူး။ ဘယ်လို ပြောရမလဲဆိုတော့ အခု ရင်ထဲမှာရှိတဲ့ မွှန်းကြပ်တာ တွေ။ ဝမ်းနည်းတာတွေ အကုန်ဖွင့်ထုတ် အော်ပစ်လိုက် သလိုပဲ။ ရင်ထဲမှာ ပေါ့ပြီးရှင်းသွားတာ...ဘာနဲ့တူလဲ ဆိုတော့ မလိုအပ်တဲ့ အမှိုက်တွေ လွှင့်ပစ်လိုက်တဲ့ ခံစားမှုမျိုးနဲ့ တူတယ်''

စကားအရှည်ကြီးပြောပြီး လက်ကျန်ရေဗူးကို မော့ သောက်သည်။ မိန့်က စတီယာရင်ပေါ် လက်တင်ရင်း သူမကို တစောင်းထိုင်၍ ငေးကြည့်နေ၏။

''လူ့ဘဝဆိုတာ...အဲဒါပဲ...အတိတ်ကိုမမေ့ရဘူး ဆိုပေမဲ့ မလိုလားတဲ့ အရိပ်တွေကို ထုပ်ပိုးပြီး သယ် နေရင် မလိုအပ်ပဲ လေးတာပဲ အဖတ်တင်တာပေါ့။ စိတ်လေးလံပြီး နေ့ရက်တွေကို ကျော်ဖြတ်တာထက်စာ ရင် ပေါ့ပေါ့ပါးပါးစိတ်ထားလေးနဲ့ ကိုယ့်အလုပ်တွေ ကို တခုချင်းလုပ်သွားတဲ့လူက အောင်မြင်တာလွယ် တယ်လို့...ကိုယ်...ဖတ်ဖူးတယ်''





''ဝိုး...ဒီလိုဆိုတော့လဲ မိန့်က...ဆေးကျောင်းသားနဲ့ မတူပဲ ဖီလော်သမားလိုလိုနဲ့''

''ကိုယ်က...ဆေးကျောင်းသားနဲ့ရော တကယ်တူလို့ လား''

''နိုး''

မခ႔က လက်ဝါးခါပြသည်။

''တကယ်...တူတာပြောရမလား''

''အင်း..ပြောကြည့်လေ။ စိတ်မဆိုးမိဖို့ ကြိုတင်ပြင် ဆင်ထားပါ့မယ်''

မခ႔က နှုတ်ခမ်းကို လက်ဝါးနဲ့ အုပ်ရပ်သည်။

''အဟွန်း...အားလဲနာတယ်...ခင်လဲ ခင်တယ်။ ဒါပေမဲ့...ဒုစရိုက်ဂိုဏ်းခေါင်းဆောင်နဲ့တူတယ်''

ပြောပြီးကားတံခါးဖွင့်ဆင်းသည်။

''အိမ်ထဲခဏဝင်ပါဦးလား...မိန့်။ အလုပ်အားရင် ပြောတာပါ။ အိမ်မှာ ဖေဖေတော့ မရှိဘူး။ မေမေ တော့ရှိတယ်''



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ရင်းက အိမ်ရှေ့ခြံကို အကြည့်ရောက်သွားသည် အပေါ်ထပ်ဝရန်တာမှာ လက်ရန်းကို လက်ထောက်ပြီး သူမ ဘက်ကို ကြည့်နေတာက ရှုတင်းတင်း။ မခရင်ထဲမျက်ရှ တခုတော့ ဖြစ်ထွန်းသွားလေသည်။ ကိုယ်နဲ့ သူချစ်သူဘဝတုံး ဘယ်ကပြန်လာလာ။ ဘယ်ကိုပဲသွားသွား။ ဘိဘိခြံ ရှေ့ ကားရပ်။ ဘိဘိကို ဦးအောင်ပို့ပြီးမှ ကိုယ်အိမ်ကိုယ်ပြန်ရတာ မို့ ချစ်သူရယ်အမည်ခံပြီး ချစ်သူတို့ အခွင့်အရေးဆိုတာ ဘယ်မှာရှိခဲ့လို့လဲ။ မခက တွေးရင်း မပြယ်နိုင်သော ဝမ်းနည် စိတ်က တစ်ကပြန်စရန် ခေါင်းထောင်လာ၏။

“ဟေး…အိမ်ထဲခေါ်ပြီး…ဘာတွေစဉ်းစားနေတာ ထဲ ကိုယ်…ကို ညှော်ခံရမှာတွေးကြောက်နေတာလား”

“မဟုတ်ပါဘူး…မိန့်ရဲ့။

သတိဝင်လာတဲ့အချိန် မိန့်က ကားအောက်ဆင်းသည်

“လာ…မိန့်…ဒါ…မခတို့အိမ်ပဲ”

“အိမ်နှစ်အိမ်က ဆင်တူပဲနော်။ အလယ်ကခြံခတ်ထား တာလား”





မိန့်က သူမနှင့် အတူ ယှဉ်တွဲဝင်ရင်း မေးသည်။ မခက တဖက်အိမ်ဆီ လှမ်းမကြည့်မိအောင် သတိထားသည်။

“အဲဒါ ဘိဘိတို့အိမ်လေ။ အလယ်မှာ မလွယ်တံခါး လေးရှိတယ်။ အရင်တုံးကတော့ အချိန်မရွေး ဟိုခြံ ဒီခြံကူးနေကြတာပါပဲ။ အခုတော့ မခခြံဘက် သိပ်မ လာဖြစ်တော့ဘူး မိန့်ရဲ့။ အိမ်ရှေ့ခြံပဲ သွားတာများ တယ်”

“သြော်…သြော်”

မိန့်ကဘောင်းဘီအိတ်ထဲ လက်နှိုက်ကာ သဘောပေါက် ဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်သည်။ မခကတော့ ပေါ်တီ ကိုအောက်ရောက်လာ၏။

“မေမေရေ…ဒီမှာ…ဧည့်သည်ပါလာတယ်။ တခုခု ဧည့်ခံဖို့ အမြန်ဆုံးလုပ်ပေးပါဗျို့”

သမီးရဲ့ အသံက မကြားရတာကြာပြီဖြစ်တဲ့ မြူးကြွ ကြွအသံမို့ ဒေါ်ဒေဝီက နောက်ဖေးဆောင်ရှိ သစ်ခွအိုးတွေ ရေ လောင်းနေရာမှ ကသောကမျောထွက်လာခဲ့သည်။ ဒီနေ့စာမေး



www.burmeseclassic.com

www.burmeseclassic.com



ပွဲနောက်ဆုံးနေမို့ သမီးကို မျှော်နေတုံးနေခိုက်တော့ မခ.ကရောက် မလာပဲ…အခု အချိန်အတော်ကြီးလွန်မှ ပြီးတော့ညှို့သည်ပ ပါသေးသည်။

ဒေါ်ဒေဝီ…ညှို့ခန်းထဲရောက်တော့ သမီးက အရင် လှမ်းမြင်ကာ…မအေလက်ကို လာဆွဲခေါ်သည်။

"နောက်ကျနေလို့ စိတ်ပူနေလား…မေမေ"

"ပူတာပေါ့အေ… ဘိဘိနဲ့ ယံယံလေးတောင်ပြန် ရောက်ပြီ။ သမီးပါမလာတော့"

"မခ.သူတို့နဲ့ လိုက်မပြန်ဘူးလို့ ပြောထားတဲ့ဥစ္စာ"

"အေးပါ။ မေမေကလဲ အတူမပြန်နိုင်းပါဘူး။ ဒါပေ ရှေ့ဆင့်နောက်ဆင့်ရောက်မယ်ထင်ထားတာပေါ့။"

"ဒါနဲ့ညှို့သည်ဆိုတာ"

"မေမေ့ကို မခ.ပြောပြထားတဲ့…မခ.ရဲ့ ရုပါမင်း(န်) ဆိုတာလေ"

မိန့်က မခ.ရဲ့ တထူးတဆန်းအခေါ်အဝေါ်ကြောင့် အံ့ သွားသလို မျက်ခုံးတွေ ဆတ်ခနဲ ပင့်တက်သွားရ၏။ မခ.မေ





ဆိုသူအား မတ်တပ်ရပ်ခေါင်းညွှတ်ကြိုသည်။

"ကျွန်တော်က"

"မောင်မင်းမိန့်လို့ အန်တီ သိထားပြီးသားပါ။ လူချင်းတော့ အခုမှ တွေ့ဖူးတော့တယ်။ အန်တီတို့ သားအမိက မောင်မင်းမိန့်ကို ရုပါမင်း(န်)လို့ နာမည် ပေးထားကြတာ"

"ဗျာ"

"မခ.အခက်အခဲဖြစ်တဲ့အချိတ်ဆို ကူညီဖို့ရောက် ရောက် လာလို့လေ။ အဲဒါကြောင့် အဲဒီနာမည်ဝှက်ပေးထား တာ"

သူက ဆံပင်တချက်သပ်ရင်းရယ်သည်။ ဒေါ်ဒေဝီက တော့ သမီးရဲ့စိတ်ခံစားမှုတွေကို သိထားသူဝိဝိ…ဒီ…မင်းမိန့် ဆို သူကြောင့်မခ.လေးရယ်နိုင် ပြုံးနိုင်လာတာကိုပဲ ကျေနပ်မ ဆုံးရှိ

"အစစအရာရာအတွက်…ကျေးဇူးတင်ပါတယ်… သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



လှိုက်လှိုက်လှဲလှဲပြောခြင်းဖြစ်၏။ သမီးရဲ့ နေ့ရက်
က ပျော်ရွှင်ခြင်းတွေ ဆိတ်သုဉ်းကာ လေးလံထိုင်းမှိုင်းခြင်း
ကို မိခင်တယောက်အနေနှင့် မလိုလားခဲ့။ ထို့ကြောင့် ပျော်
ခြင်း။ အသစ်တဖန်နိုးထခြင်းတွေကို ဆောင်ယူလာပေး
မင်းမြို့ဆိုသူအား ဒေါ်ဒေဝီက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရ

• • •



## အခန်း (၂၃)

"ဖိတ်စာ…လာပို့ပေးတာ…ဒေဝီရေ"

ကပ်ပေးလာတဲ့ ပန်းနုရောင်ဖိတ်စာကိုယူပြီး ဒေါ်ဒေဝီ
က ဟန်မပျက်ပြုံးပြရသေမဲ့ ရင်ထဲမှာတော့ မကောင်းလှ။ သားအမိ
နှစ်ယောက်လက်ချင်းချိတ်ကာ ဒီဘက်ခြံကူးကတည်းက ယုက
သူမထံ ဖုန်းဆက်ပြီးသား

"ကြားထဲက ယုပဲတောင်းပန်ပါတယ်။ ဒေဝီ။
ဒီလောက်အထိလုပ်ပေးလို့ ယုပါစိတ်ပါသွားတယ်။
မထင်ပါနဲ့ကွယ်။ သားမျက်နှာရယ် နောက်ပြီး သူ့တို့
အိမ်မှာ…သား တည္အိပ်ခဲ့တဲ့ အပြစ်တွေကရှိနေတော့



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ဆိုင်ပြောကြစတမ်း ဆို တို့က ကျော်လိုစကားရေး မကြွယ်ဘူး။ နောက်အဲ့ဒီလို လူသိရှင်ကြားပြောဆိုရမှာ ရှက်တယ်။ ဒေဝီရယ် တကယ်တော့ တို့သားဒီလို ဖြစ်ရတာ။ ယု…အထိန်းအသိမ်းညံ့လို့ပါ''

''ဖိတ်စာတော့ သူတို့လာကမ်းလိမ့်မယ်။ ဒေဝီတို့ လ သင့်မခံလဲဖြစ်တယ်နော်။ မခလေးကိုလဲ ပြောပြပေး ပါဦး။ ယုအတွက်တော့ မခက အမြဲတမ်း သမီးလေ ပါပဲလို့''

မှားပါတယ်လို့ ထပ်တလဲလဲပြောကာ။ တောင်းပန် နေ သူကိုလဲ။ အပေါ်စီးမှ လက်ညှိုးထိုးကာ အပြစ်မတင် ချင်တော ပြောတိုင်း ယုံ၍ လိမ်တိုင်းရတဲ့ သူနှင့်မခဝေးသွား တာကို ကြုံဖန်ပြီး ဝမ်းသာရမလိုဖြစ်နေခဲ့ရသည်။ အဖြစ်အပျ တွေအားလုံးပြီးကာ သွေးအေးသွားမှ မခက မအေကိုရင်ဖွ ပြခဲ့၏။

''ရုပ်ရှင်ကြည့်တဲ့ညကတည်းက မခသဘောပေါက် တာ…မေမေ။ မခရဲ့ကျွဲပြီးသားခြေလှမ်းကိုပြန်မနုတ်

ခင် သူနဲ့ အကျေအလည် ညှိခဲ့ကြသေးတယ်။ ဒါပေမဲ့ သူက ဘီဘီအပေါ်သနားတာတွေတောင် ပုံထုပုံဖြစ်နေ တော့…။ နေပါစေ။ မေမေ။ မခလဲ အတွေ့ကြုံးတတ် ပါတယ်။ သူဟာ မခအတွက် အမြဲဦးစားပေးဖြစ်ခဲ့ ပေမဲ့…မခကျတော့ နောက်နည်းနည်းဆုတ်ပါလို့ သည်းခံပေးပါတို့နဲ့ မနှစ်သိမ့်နဲ့…မခခွင့်မလွှတ်ချင် တော့ဘူးမေမေ။ ချစ်တာနဲ့ပ နောက်ချန်ရစ်ခဲ့တာက ဘယ်လိုမှ တသားတည်းကျမနေနိုင်ဘူး။ ချစ်တဲ့သူမို့ ကျန်တဲ့အခွင့်အရေးတွေကို အားနည်းတဲ့သူဆီ လက်လွှဲ ပြောင်းပေးမယ်ဆိုရင်…အဟွန်း ရှိမိယို ဂျူးလိယက် တောင် ရာဇဝင်တွင်ကျန်ခဲ့မှာ မဟုတ်ဘူး''

''မျက်ရည်တွေဝေနေသည့်ကြားမှ အံတင်းတင်းကျိတ် ပြီးပြောခဲ့တဲ့ သမီးခံစားချက်တွေ ပြန်ကြားယောင်တော့ ဒေါ်ဒေဝီ ရင်ထဲ ကျင်ခနဲ ဖြစ်သွားသည်။

''မခရော အန်တီ။ ကျောင်းတွေပိတ်ထားတာပဲ။ မရှိ ဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ်။ ဖုန်းပြောနေတယ်နဲ့တူတယ်''

သမီးအခန်းဆီ လည်ပင်းရှည်မျှော်ကြည့်ရင်း မေးလာတဲ့ ဘီဘီကို စကားပိတ်ပြောလိုက်၏။ ကိုယ့်သမီးက ဒီအချိန်မှာ ဘီဘီကို မတွေ့ချင်သေးဘူးဆိုတာ မိခင်တယောက်အနေနှင့် ဒေါ်ဒေဝီ ရာနှုန်းပြည့် ယုံကြည်သည်။ ဘီဘီကတော့ ဖုန်းပြော နေသည်ဆိုတာနှင့်ပင် အရေးတကြီးဖြစ်သွားပုံနှင့် ကိုယ်ကိုရှေ့သို့ ကိုင်းပစ်သည်။

''မင်းမိန့်ဆိုတဲ့လူနဲ့လား…အန်တီ''

''ဟုတ်မယ်ထင်တာပဲ။ သမီးရဲ့ သူငယ်ချင်းအသစ် လေ''

''အန်တီ…သတိလဲထားပြီး ပေါင်းနိုင်းဦးနော်။'' ဆေးကျောင်းသားလဲဆိုသေး။ တက်တူးနဲ့ ဆံပင်ရှည် ကြီးနဲ့ ပြီးတော့ မိဘတွေမရှိကြတော့ဘူးနဲ့တူတယ်။ ကျွန်ုပ်မှာ တယောက်တည်းနေတယ်ဆိုကတည်းက ရှ ချင်တိုင်းရှုပ်ဖို့ အခွင့်အရေးရနေတာမျိုးပေါ့''

''နင်…သူများအတင်းပြောတာ တော်တော်ဝါသနာ





တဲ့ပုံပဲနော်…ဘီဘီ''

လှေခါးမှ တထစ်ချင်းဆင်းလာတဲ့ မခဟာ အိမ်နေရင်း ဆင်သည်။ အဖြူခံပေါ်အနီအပြာ အစိမ်းရောင်စုံ ဘောလုံး းတွေပါသော လည်ပင်းပြဲပြဲ အင်္ကျီက လက်ပြတ်ခါးရှည် ဖားလေးကို ဒူးကျဘောင်းဘီအစိမ်းနုနှင့် တွဲဝတ်ထားသည်။ ထဲမှာ ear phone တဖက်တပ်ထားတာမို့ i- pod နှင့်သီချင်း ထောင်နေဟန်တူသည်။ အရင်ကတွေ့နေကျလို ခက်ထန် သည့် ာ်နှာမှာ အရောင်တမျိုးစိုပြေစွာ လင်းလဲ့နေတာမြင်တော့ တွေ့ရတဲ့ရက်အတွင်း မခ ပိုချောလာတာလားလို့ ဇဝေဇဝါတွေး တဲ့အထိ။ သို့ပေမဲ့ ထိုအတွေးက ဘီဘီကိုခေတ္တခဏသာ အငိုက် ငြိမ်သက်သွားစေသည်။ ဒေါ်ဒေဝီအနားမှိုထိုင်တဲ့ မခ ထံ ဖိတ် ကမ်းပေးသည်။

ဖြစ်နိုင်ရင် နင့်ဘတ်(ထ်)ဒေးမှာ မင်္ဂလာဆောင်ချင်တာ။ ငါ့သူငယ်ချင်းကို မင်္ဂလာရှိတဲ့ မွေးနေ့လက်ဆောင်ပေး ချင်လို့။ ဒါပေမဲ့ ဟိုတယ်ဒိတ်မရတာနဲ့ပဲ နောက်နေ့ လုပ်လိုက်ရတာ။ ဒါပေမဲ့ ယံယံနဲ့ ငါကစိတ်ဖြေထား



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ နှင့်မွေးလထဲမှာ မင်္ဂလာဆောင်ရလို့လေ။ နှင် လာခဲ့ရမယ်နော် မခ''

မခ က ဖိတ်စာကိုဖွင့်ဖတ်ပြီး ခေါင်းပြန်မော့လာတေ လဲ…တည်တည်ငြိမ်ငြိမ်။

''ငါ့အတွက်…မင်္ဂလာရှိတဲ့လက်ဆောင်လို့ နှင်တို့ ထင်ချင်ထင်ပေမဲ့ ငါက မင်္ဂလာမရှိဘူးလို့ သတ်မှတ် ချင် သတ်မှတ်မှာပဲ။ အဓိကကျတာ ငါ့စိတ် ငါ့ သဘောလေ''

''ငါ..ပြေလည်ချင်လို့ တကူတကလာဖိတ်တာ… မခ''

''ငါကလဲ…ရန်မဖြစ်ချင်ပါဘူး။ ဒါပေမဲ့ ဝမ်းမြောက် ဝမ်းသာ လက်ခုပ်တီးအားပေးဖို့ကျတော့လဲ… လုယက် မှုတွေကို အားပေးအားမြှောက်ဖြစ်နေမှာစိုးတာနဲ့ပဲ''

''မခ…နှင်''

ဘီဘီက ဒေါသနှင့် ထရပ်တော့ ဒေါ်ခင်ကျော်ဖော က သမီးနှင့်အတူ ရပ်သည်။





''ဒေဝီတို့က ညှော်သည်ကို ဒီလိုညှော်ဝတ်ပြုတာတော့ မကောင်းဘူးထင်တယ်။ ဖူးစာဆိုတာ ဦးရာလူဆိုပေမဲ့ တကယ့်ထိုက်တဲ့သူနဲ့မှ ဆုံဆည်းခွင့်ရတာမျိုးပါ။ ဒါကို ဒေဝီက ကလေးနားလည်အောင် မဆုံးမထားဘူးနဲ့တူ တယ်'' ''အန်တီလဲ…ဘီဘီကို နားလည်အောင် မဆုံး မထားဘူးနဲ့တူကယ်။ ပိုင်ရှင်ရှိသော ပစ္စည်းကို ခိုးမယူရ တို့… မုသာဝါဒမပြောရတို့လေ။ အထူးသဖြင့် သူများ ချောက်တွန်းပြီးမှ ရလာမဲ့အခွင့်အရေးကို ယစ်မူးသာယာ မနေဖို့''

''နှင်…ယံယံဒေပေါ် စိတ်မပြတ်သေးတာလား။ မခ။ ဒါမှမဟုတ်…ငါ့ကို ဂျေဝင်နေတာလား''

ဒေါ်ဒေဝီကတော့ ကြားထဲမှ ဘာတခွန်းမှ ဝင်မပြော အား။ ရှေ့က သားအမိနှစ်ယောက်ရန်စွာတာ။ စကားတတ်တာ တွေတော့ သိပြီးသားမို့ ထူးဆန်းမနေတော့ပေမဲ့ ဝက်ဝုဏ္ဏ်တွေ ဝါသနာမပါသော ကိုယ့်သမီး မြဲစိစိ အေးစက်စက် ကိုယ့်သမီ ကို ဒီလိုအပြုံးမပျက် စကားတွေဆိုတတ်တာ မမြင်ဖူး မကြားဖူး



www.burmeseclassic.com

www.burmeseclassic.com



တာကြောင့် သမီးမျက်နှာကိုသာ အထူးအဆန်းကြီးငေးကြည့်လို့။ ဒီကြားထဲ သမီးပြောလိုက်တိုင်း တဖက်သားအမိ ဆွေ့ဆွေ့ခုန် သွားတာကို ကြည့်ပြီး နှစ်ထောင်းအားရတွေဖြစ်ကာ ဒါမှ မခ႔လို စိတ်ထဲမှ ကျိတ်ပြီး ဘရာဇိုလုပ်နေရတဲ့အဖြစ် မခ႔ကတော့ သတို့ သမီးလောင်း…ဘီဘီနှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် မတ်တပ် ရပ်ရင်း လက်ထဲက ဖိတ်စာကို စားပွဲပေါ်ပစ်ချသည်။ ပြီးမှ… ဘီဘီကို…စေ့ကြည့်သည်။

"ဂျေဝင်ရအောင် နင်နဲ့ငါ ဘယ်နေရာတူသလဲ။ ယှဉ် ရတဲ့အထိ တန်လို့လား ဘီဘီ"

"မ…ခ"

ကြုံးအော်သော ဘီဘီအဖြစ်ကု မခ႔က ဂရုမစိုက်။ ယံယံကို စိတ်မပြတ်ရအောင်… သူ့ကငါ့အတွက် အဖိုး တန်ယောက်ျားမှ မဟုတ်တာ ဦးမဆောင်နိုင်ဘူး။ တွေ့ဝေတယ်။ ပျော့ညံ့တယ်။ အဲဒီလို ယောက်ျားက နင့်လို မာယာများတဲ့ မိန်းမမျိုးနဲ့မှ အဆင်ပြေမှာလေ နင်က လိပ်ကို ကမ္ဘာ့အပြေးသန်ဆုံး သတ္တဝါလို စီကာ





ပတ်ကုန်းပြောလဲ ယုံတာပဲ။ ကြွက်တွင်းကို နောက် တကမ္ဘာလို့ ပြောလဲအံ့ညြပြီး ခေါင်းညိတ်မှာပဲ။ ကိုယ်…ဦးမဆောင်ချင်လို့ အိမ်ထောင်ပြုတာလေ။ ကိုယ်အိမ်ထောင်ဦးစီးက ကိုယ့်မိန်းမတောင် ခေါင်း ဆောင်မလုပ်နိုင်ရင်တော့။ ကျွတ်…ကျွတ်…သနား စရာပဲ…ဘီဘီ"

ဘီဘီမျက်နှာက ဆေးနီနှင့်ဇုန်းခနဲ ပက်လိုက်သလို ရဲနီစွေးလျက်။ မျက်ဝန်းထောင့်နှင့် နှာသီးများတွေ မကျေနိုင်ရဲနေကာ မခ႔ကို မမှိတ်မသုန် စိုက်ကြည့်သည်။

"နင့်ကို ဦးဆောင်နိုင်တဲ့ ယောက်ျားပေါ်ပါစေလို့ငါ ဆုတောင်းပေးတယ်မခ"

"နင် ဆုမတောင်းလဲ။ ငါ့အတွက် အဲဒီဆုက ပြည့် ပြီးသားပါ"

ဘီဘီက တအိမ်လုံးတုန်ခါသွားစေမည့် အရှိန်ပြင်းသော တက်ခေါက်သံ တချက်နှင့် ဝုန်းခနဲ လှည့်ထွက်သွားခဲ့ပြီး။ မခ႔က ဒေါသကြီးစွာ လှည့်ထွက်သွားတဲ့ ကျောပြင်တွေ အိမ်တံခါးမှ



www.burmeseclassic.com

www.burmeseclassic.com



ကွယ်ပျောက်သွားသည်။

"ဝိုး...နိုင်ပြီ...နိုင်ပြီ မခနိုင်သွားပြီသိလားမေမေ။ ဟဲလို မိန့်...ကြားရလား"

မအေပါးကို ရှုတ်ခနဲ တချက်နမ်းပြီးဘောင်းဘီအိတ်ထဲ ကဖုန်းကိုထုတ်ကာအော်သည်။

"မိန့်ဆီကဖုန်းလား...သမီး"

"ဟုတ်တယ်...မေမေရဲ့။ ဒီစကားတွေကိုလဲ မိန့်... ဖုန်းထဲကနေ သင်ပေးနေတာ"

"ဟော..."

ဒေါ်ဒေဝီမှာ ရင်ဘတ်ဖိပြီး မျက်လုံးမပြူးနိုင်အောင် တအံ့တသြဖြစ်သွားရသည်။ မခကတော့ သူမနားမှာ တပ်ထားသည့် ear phone ကို ဒေါ်ဒေဝီနားထဲပြောင်းတပ်ပေးသည်။

"မိန့်...မေမေ့ကို နှုတ်ဆက်လိုက်ပါဦး"

ထိုအခါ နားကျပ်အတွင်းစီးမျောလာသည့် မိန့်ရဲ့အသံက ခပ်ရှုရှုပေမဲ့ ရိုသေကိုင်းရှိုင်းမှုအပြည့်။

"အန်တီ...မင်္ဂလာပါ"





ဒေါ်ဒေဝီမှာ ဟိုနာမည်ကြီးအဆိုတော် အော်သလို အော်ပစ်ချင်သည်။

"မ...ဂ်...လာ...ပါ"

ဒီလိုလာ သံရှည်ဆွဲအော်ပစ်ရရင်တော့ မကောင်းပဲရှိတော့မည်ဟုတွေးရင်...ဒီကလေးနှစ်ယောက်က တကယ့်ကို အတွဲညီပြီး ပေါက်တက်ကရလုပ်သည့်နေရာမှာ သူ့ထက်ကဲ ရှေ့ပြည်စိုးတွေချည်းလို ဆိုရမည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ဓါတ်ပုံတွေကို…တပုံချင်းသူ…သေသေချာချာပြန်ကြည့်ပြီးမှ မခင်ကာ မျက်ခုံးတွန့်၏။

"ဓါတ်ပုံတွေကို မီးပုံရှို့လိုက်"လို့ အမိန့်ပေးသွားပေမဲ့ သူ…မလုပ်ရက်ခဲ့…ကိုယ့်လက်မောင်းကို သူ့မလက်ချောင်းများနှင့် အားကိုးတကြီး တွယ်ချိတ်ထားတာကို ပြန်ကြည့်တော့ ရင်ထဲ အေးသလို နွေးသလိုနှင့် မှုမမှန်သော ရင်ခုန်သံက လှုကို နှိပ်စက်သည်။

"အချစ်နဲ့ တွေ့ရင် လူတွေက အလိုလိုပျော့ညံ့သွားကြတာ တကယ်ကွ။ နဂိုက do or die ဆိုတဲ့ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကြီး…ကြည့်…ချစ်မိပြီလဲဆိုရော…ဒူးမခိုင်ရတာနဲ့။

သူ့ကိုဖေကြီးက ဝေဖန်ဖူးသည်။

"အဲဒါ နူးညံ့သွားတာကွ နဂိုက ကြမ်းတောကြီး။

ကြဲ့တိုင်းနှိပ်ကွပ်ခံရပေမဲ့ မိန့်မှာ မအီမလည်အပြုံးနှင့်ခေါင်းငုံ့နေခဲ့သည်။ သည်းမခံနိုင်သည့်အခါလဲ ဒီကောင်တွေကိုပိတ်ကန်ပေါ့။ ချစ်တတ်လာပြီဆို ပေးဆပ်ချင်တာတွေ ဖြည့်ဆည်းချင်တာတွေသာများလာတတ်ကြောင်း။ အခု…သူတကယ်ခံစားမိခဲ့ပြီ။ လူမရယ်သံက ကိုယ့်အတွက် ဂီတ… သူမအပြုံးက ကိုယ့်အတွက် အင်အားဖြစ်ပြီး သူမ အချစ်က ကိုယ့်အတွက် အသက်ရှည်ဆေးတပါးဖြစ်ခဲ့သည်။

"တီး…တောင်"

လူခေါ်ဘဲ(လ်)သံအရင်မြည်လာသည်။ မိန့်တံခါးပေါက်နားဆီ လျှောက်သွားပြီး CCTV က ရင်ထဲမှာ ကြည့်တော့ သူ့ရဲ့ရှေ့နေကြီး ဦးသော်က…. မိန့်…တံခါးဖွင့်ပေးလိုက်တာနှင့် ဦးသော်က က အိမ်ထဲတောက်လျှောက်ဝင်သွားရင်း…ဆိုဖာမှာ





ရင်ထိုင်သည်။ လက်ဆွဲအိတ်ထဲက ဖိုင်တထပ်ကြီးဆွဲထုတ် ကာ အပွဲပေါ်တင်ရင်း…ဓါတ်ပုံတွေဆီ အကြည့်ရောက်သွား သည်။

"ဒါက"

မိန့်က ဘာမှပြန်မဖြေပဲ ရယ်ကျဲကျဲနှင့် ဓါတ်ပုံတွေအရင် ကောက်သိမ်းသည်။ ဦးသော်က.က တနားမလည်နိုင်သလို စော့ကြည့်သည်။

"ထူးဆန်းလွန်းလို့ပါကွ…ကန့်ကွက်တာတွေ တားဆီးတွေ မရှိမှန်း လူလေးလဲ သိသိကြီးနဲ့ ဘာလို့ ပုံတွေ သိမ်းလိုက်ရတာလဲ။ မင်းကငါ့ကိုတောင် တွန့်တိုနေတယ်ပေါ့"

"မဟုတ်ပါဘူးဗျာ"

မိန့်က မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်သည်။

"မျက်နှာပုံမှ မပါသေးတာ။ အေးဆေးပေါ့"

"အောင်မာ"

ဦးသော်က.က မျက်လုံးကြီးပြူးကြည့်သည်။

"ငါတွေ့လိုက်ရသလောက်တော့ အရုပ်ပုတယ်ကွ"



www.burmeseclassic.com

ရှိသဲ့သဲ့ တမင်ပြောတော့ မိန့်က ခေါင်းမော့ကာ ဟက်ဟပက်ပက်ပက် ရယ်သည်။

"ပုတာလေးကိုချစ်လို့ မနည်းရွေးထားရတာ"

"အေး…မင်းပဲအပြောကောင်း၊ ကဲ…ထားပါကွာ၊ ဒီမှာ မင်းလုပ်ခိုင်းထားတဲ့အတိုင်း အားလုံးစီစဥ်ပြီးပြီ၊ မင်း ချက်ချင်း လုပ်လို့ရအောင် ကြိုပြီးလာပေးထားတာ၊ မင်းပြောထားတဲ့ ပလန် တွေအတိုင်းပဲ၊ လိုတာရှိရင်ထပ်ပြော"

မိန့်က ဖိုင်ကို တစ်ချက်လှန်ကြည့်သည်။

"တခြား မန်ဘာဝင်တွေနဲ့ရော အဆင်ပြေရဲ့လား ကျွန်တော့်စိတ်ကြိုက်ကြီးပဲ လုပ်ပစ်လိုက်သလို ဖြစ်သွားလားလို့"

"အငြင်းအခုံမရှိပါဘူး၊ ရှယ်ယာဝင်တွေအားလုံး ကျေနပ် တယ်ပြောရမှာပဲ၊ ဈေးကွက်အသစ်ကို ထိုးဖောက်ဖို့ အဲဒီအ အိုင်ဒီယာရှိရမှာလေ၊ ဒါမှ ကက်စတမ်မာတွေကို စိတ်ဝင်စား အောင် ခေါ်လို့ရမှာပေါ့၊ မင်း စိတ်မပူပါနဲ့၊ တစ်ခုခု ကွန်ပလိန်း ရှိတဲ့အခါ ငါ မင်းကိုပြောပါ့မယ်၊ ဟော့ကောင်လေး…စီးပွားရေး နဲ့ အချစ်ရေးဘက်ဆီ အာရုံသိပ်မထားနေနဲ့ဦး၊ မင်းပညာရေးဘက် လည်း နည်းနည်းအလေးထားဦး၊ ဒီနှစ်က နောက်ဆုံးနှစ်လေ"

"ကျွန်တော် ဘယ်တုန်းက ကျဖူးလဲ ဦးသော်က ကလည်း၊ ဘေးလူကြားရင် သိက္ခာကျအောင် လာလွှတ်နေပြန် ပါပြီ"

မိဘတွေမရှိတော့ကတည်းက သူ့ရဲ့အမွေထိန်းဆိုလည်း ဟုတ်သည်၊ ဦးလေးသားချင်းလိုလည်း အားကိုး၍ရကာ သူ့ရဲ့ လုပ်ငန်းပိုင်းဆိုင်ရာကိုလည်း အစစအရာရာ လွှဲအပ်ထား၍ရတာမို့ ဦးသော်က က မိန့်ရဲ့ ရဲဘော်ရဲဘက်ဆိုလည်း မမှား။

"အေးပါ…မင်းကိစ္စ မင်းနိုင်ရင် ပြီးတာပါပဲ၊ ငါသွား တော့မယ်၊ လိုအပ်တာရှိရင် ဖုန်းဆက်၊ ဟုတ်လား"

ဦးသော်ကကို ခေါင်းညိတ်ပြီး အခန်းဝထိ လိုက်အပို့မှာ ပဲ သူ့ဘောင်းဘီအိတ်ထဲက ဖုန်းသံမြည်လာခြင်းဖြစ်၏။ မိန့်က ဟဲလိုဟု ထူးသည်။

"အေး…မင်းဆရာ ငါ ဇော်ကြီး ဆက်နေတာ"

"ပြောလေ…ငါ့သားရွှေသွေး မောင်ဇောကလေး"

သူက ဖုန်းထဲမှ ပြန်နှက်လိုက်သောအခါ ဇော်ကြီးထံမှ



www.burmeseclassic.com

www.burmeseclassic.com



မပီမသ ဆဲရေးသံတစ်ချက် ထွက်လာ၏။

"မင်းကို သတင်းထူးပေးမလို့ဟာ၊ ပြေပြေလည်လည် မဆက်ဆံဘူးလား"

"ပြောကြည့်လေ၊ တကယ်ထူးရင် တကယ်ချီးမြှောက်မယ်"

"လဲသေလိုက်...ဝဲစား၊ ဒီမှာ ဂျန်းရှင်းစကွဲ(လ်)ထဲ မင်းမဒီကိုတွေ့လိုက်..."

"ဘာ...ဘာ..ဟော့ကောင်"

"ဖြည်းဖြည်းအော်ပါဟ၊ ရှော့ပင်(န်)လားမသိဘူး တစ်ဖွေတည်း"

"အေး...မျက်ခြည်မပြတ် ကြည့်ထားလိုက်၊ ငါအခု လာပြီ"

ချက်ချင်း ပျာယာခတ်ကာ ပိုက်ဆံအိတ်နှင့် ကားသော့ ပြေးဆွဲပြီး အခန်းထဲက ထွက်ဟန်ပြင်သော မိန့်ကြောင့် ဦးသော်က က တအံ့တသြကြည့်သည်။

"ဟ...ဘာဖြစ်တာလဲ မင်းက"





"အရေးကြီးတယ်ဗျ။ ကျွန်တော် ဒိုးတော့မယ်၊ ဦးသော်က က ဖြည်းဖြည်းလေးနဲ့ ငြိမ့်ငြိမ့်လေးလာပေါ့...အိုကေ"

မျက်စိတစ်ဖက်ပါ မှိတ်ပြပြီး ဓာတ်လှေကားဆီ တန်းပြေးသည်။ သူ့အရှိန်မှန်နှင့်သူ တအိအိဆင်းနေသော ဓာတ်လှေကားတောင် စိတ်က သိပ်မရှည်ချင်တော့။ ဖြစ်နိုင်လျှင် အသံ၏မြန်နှုန်းထက် ကြိမ်ဖန်များစွာ မြန်ပစ်လိုက်ချင်တာ။ သူမအနား ရောက်ရှိဖို့အရေးဖြစ်သည်။

အချစ်နှင့် အလျှင်လိုခြင်းက တိုက်ရိုက်အချိုးကျမှန်း မိန့်နားလည်ခဲ့ပြီ။ ထို့ကြောင့် ချစ်တတ်သူတိုင်း လျှင်မြန်သွက်လက်ဖို့တော့ လိုပါလိမ့်မည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

မခ က ဆိုင်းဘုတ်ကြီးမှာ စိန်ရောင်ရွှေရောင်တွေက ဖျတ်ဖျတ်လင်းလဲ့နေတာကို ဒီအတိုင်း မော့ငေးသည်။ ဆိုင်ထဲမှာလည်း လူတွေကျိတ်ကျိတ်တိုးနေတာကြည့်ပြီး ဘောဘုတ်တွေ ထောင်ထား၍သာ ရတနာအရောင်းဆိုင်မှန်းသိရသည်။ အကြောင်းသိသူတွေဆိုလျှင် ဘာတွေ အလကားပေးနေလဲလို့ ထင်နိုင်ဖွယ်ရာရှိသည်။ ဆိုင်ဝင်ပေါက်ရဲ့ ဘေးနှစ်ဖက်မှာ နာမည်ကျော် အနုပညာရှင်စုံတွဲက ခေတ်မီဆန်းသစ်သော စိန်ထည် ရွှေထည်တွေ ဝတ်ထားသည့် ဘောဘုတ်ကြီးတွေ ထောင်ထားတာကို အကြည့်ရောက်သွားချိန်မှာ ရင်ထဲ ကျင်ခနဲဖြစ်သွား၏။ ဒီဆိုင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com

ကို မခ ရောက်ဖူးပါသည်။ ပြီးတော့ ဒီလိုလည်း ငေးကြည့်ခဲ့သည်။ ဒါပေမဲ့ တစ်ယောက်တည်းမဟုတ်ခဲ့။

"ကြည့်ထား မခ၊ အဲဒီမင်းသမီးဝတ်တဲ့ စိန်လက်စွပ်ကြီးကို ကြိုက်လား"

"ကြိုက်တော့ကြိုက်တယ်၊ ဒါပေမဲ့ အကြီးကြီးပဲဟ"

"ကြီးတော့ ငါ့အချစ်ကို ကိုယ်စားပြုရာကျတာပေါ့၊ နင်နဲ့ ငါရဲ့ လက်ထပ်လက်စွပ်ကျရင် ဒီလို လက်စွပ်ကြီးဝယ်မှာ"

"ရှူးပါ့...ဘယ်တော့လက်ထပ်ရမှန်း မသိတာကို"

"အောင်မာ...နင်က ငါ့ကို အထင်သေးတာလား၊ ဒီမှာ အခုလက်ထပ်ချင်ရင် အခုရတယ်၊ နင့်ကိုသနားလို့၊ သူ့ခမျာ အသက်လေးက ငယ်သေးတယ်၊ အိမ်ထောင်ရှင်ဖြစ်ဖို့ သနားပါတယ်ဆိုပြီး ငါ လွတ်ငြိမ်းချမ်းသာခွင့်ပေးထားတာကို မစော်ကားနဲ့"

အဲဒီတုန်းကတော့ အနာဂတ်အတွက် တောက်ပသော မျှော်လင့်ခြင်းတွေနှင့်ဖြစ်သည်။ အချစ်စိတ်ရဲ့ ဒီရေလှိုင်းဟာ နှလုံးသားကို စည်းချက်ညီညီ ရိုက်ပုတ်နေစဉ်မို့ အမှားအမှန် မခွဲခြားတတ်ခဲ့။ အခုတော့..။





"မခ...တစ်ယောက်တည်းလား"

ခေါ်သံကြောင့် ရုတ်တရက် ဘေးသို့ငဲ့ကြည့်တော့ မခမျက်နှာ ပန်းသွေးရောင်ရဲတက်သွားသည်။ ယံယံ့လက်မောင်းကို ဟီးလေးခိုလျက် ခပ်နွဲ့နွဲ့ရပ်နေသော ဘီဘီ။

"ရှော့ပင်(န်)လား မခ"

ယံယံ့မေးသံက ခြောက်ကပ်ကပ်ပေမယ့် မျက်ဝန်းတွေထဲမှာ နောင်တ တရားကြောင့် စွတ်စိုနေတာ မခ တွေ့ရ၏။ မခက ငေးမောတွေဝေခြင်းတွေကို ဖျောက်ပစ်သည်။

"နင်တို့ ဘယ်လာတာလဲ"

"ဒီဆိုင်ကိုလာတာလေ"

ဘီဘီက ရတနာနန်းတော်ကို လက်ညှိုးထိုးပြသည်။

"လက်ထပ်လက်စွပ် လာရွေးတာ"

အားနာခြင်းအရောင်တွေ ဖြတ်ပြေးသွားတဲ့ ယံယံ၊ မျက်နှာက အိုးတိုးအမ်းတမ်း။ ယောကျ်ားတွေရဲ့ အချစ်က လျှာဖျားမှာတင်ရှိကြောင်း မခ လက်ခံလိုက်ရပြီဖြစ်သည်။ မခနှင့်တုန်းက ရည်ရွယ်ခဲ့သောဆိုင်ထဲမှာ အခုတော့ မခ မဟုတ်သည့် တခြား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှင့်။

"နင်ရော ဘယ်တော့လက်ထပ်မှာလဲ မခ"

"ဟင်"

မေးလာသော မေးခွန်းအတွက် မခမှာ စကားလုံးတို့ ရှားပါးဆွံ့အခြင်းသို့ ရောက်လေ၏။ မခံချင်စိတ်နှင့် ဟန်ဆောင်ထားသမျှက တကယ်မဟုတ်ခဲ့။

"ဩော်…ငါမေးတာ စိတ်မကောင်းလို့ပါ၊ အခု ငါတို့ သုံးယောက်ထဲမှာ နင်တစ်ယောက်တည်း ဘက်ပဲ့ကျန်ခဲ့တော့…"

"မခကို ကျန်ခဲ့တာလို့ ဘယ်သူပြောလဲ"

မခ လက်ထဲမှာ စက္ကူကြိုးတပ်အိတ်တွေ ဆွဲယူခြင်းခံလိုက်ရသည်။ လွတ်လပ်သွားသော သူမလက်ဖဝါးတစ်ဖက်သည် အလိုလို ဆွဲယူသိမ်းပိုက်ခြင်းပါ ခံလိုက်ရသည်။ အံ့သြတကြီး ငဲ့ကြည့်တော့ မခ အလိုရှိတိုင်း အနားရောက်လာသည့် မခရဲ့ တစ်ကိုယ်တော် စူပါမင်း(န်)။

"ကိုယ့်ကိုမစောင့်ဘဲ ဘာလို့ထွက်သွားရတာလဲ၊ မခ စိတ်ကြိုက် ရွေးပြီးပြီလား"





"ရှင်"

ဘာကိုစိတ်ကြိုက်မှန်း မသိ။ ဘာကိုရွေးနိုင်းမှန်းမသိ၍ မခက မျက်လုံးလေးဝိုင်းကာ မော့ကြည့်သည်။ မေးလိုက်တိုင်း အဖြေမပေးနိုင်ဘဲ မျက်တောင်တွေ မျက်ခုံးရိုးမှာ ကော့တက် ပြန့်ကားသွားတဲ့ အရိုးခံမျက်နှာလေးကိုကြည့်ရင်း မိန့်ရင်ထဲက ချစ်ခြင်းအစုအဝေးတွေ တဖြောဖြောနှင့် ပြိုကျစီဆင်းလာ၏။

"ကဲ…မရွေးရသေးလည်း ဆိုင်ထဲမှာ ကိုယ်နဲ့အတူ စိတ်ကြိုက်ရွေးမယ်…လာ"

လက်ဖျားလေး ဆွဲခေါ်သွားတာလည်း ကယုတယ။ မှင့်ချပ်ထိလျှင် ကြွေကျတော့မယ့်အတိုင်း ဖေးကူထိန်းသိမ်းခြင်းတွေက ဟန်ဆောင်ခြင်းမဟုတ်မှန်း သိသာလွန်းသည်။ ဒါဆို သူတို့က ဘာလဲ။ တကယ့်အတွဲတွေ ဖြစ်သွားကြတာလား။ ဟိုး အရင်တုန်းကတောင် ဘာမှမဟုတ်ခဲ့ဘဲနဲ့လို့တွေးရင်း ဘီဘီက သူတို့နောက်မှ လိုက်ဝင်ရန် ခြေလှမ်းပြင်ပေမယ့် တွဲထားသော ယံယံက သူမနှင့်အတူ ပါမလာခဲ့။

"လက်စွပ်ရွေးရမယ်လေ မောင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ခါနီးမှ အခေါ်အဝေါ်တွေ ပြောင်းလဲသွားခဲ့သည်။ စိတ်လိုတိုင်း မောင်လို့ခေါ်တတ်ပြီး စိတ်လက်မကြည်သာတဲ့အခါ နင်တွေ ငါတွေ ပြန်ဖြစ်သွားတတ်တာမို့ ယံယံကတော့ မှုမမှန်သော အသုံးအနှုန်းတွေကို ထူးပြီးမခံစားချင်တော့။

"နောက်နေ့မှလာရွေးလို့ ရတာပဲ၊ ပွဲရက်က လိုသေးတာကို"

"မောင် ဘာဖြစ်နေတာလဲ၊ မခကိုတွေ့တာနဲ့ ကိုယ့်ဦးတည်ရာ ဖျက်ပစ်ရတဲ့အထိ မခက အရေးပါနေတုန်းပဲလား မောင်၊ မောင့်ရင်ထဲမှာ ဘီဘီ့အတွက် နေရာတစ်နေရာစာတောင် မရှိဘူးလား"

"ကျစ်…နင်နဲ့တော့ခက်တာပဲ ဘီဘီ"

"မောင်က လွယ်တဲ့နည်းမှ မသုံးချင်တာ၊ ခက်မှာပေါ့၊ ကဲ…ဝင်မယ် မောင်၊ မောင့်ကိုပိုင်ဆိုင်ဖို့ ဒီလောက်စတေးခဲ့ပြီးမှ ဘီဘီ နောက်တစ်ကြိမ် ထပ်မရှုံးချင်တော့ဘူး၊ ဘီဘီတို့ လက်စွပ်ရွေးပြီးတာနဲ့ ချက်ချင်းပြန်ထွက်မယ်လေ မောင်ရဲ့…နော်"

လက်မောင်းမှာ ပါးအပ်ပြီးပြောလာတဲ့ ဘီဘီ့မျက်ဝန်းညို





တွေကို ရင်ဆိုင်ကြည့်မိတဲ့အခါ တင်းထားသမျှ ဆုံးဖြတ်ချက်က အရည်ပျော်ခြင်းသို့ ရောက်လေ၏။ ထို့ကြောင့် မခက သူ့ကို စွပ်စွဲခဲ့ခြင်းဖြစ်သည်။ တွေဝေတဲ့သူ၊ မပြတ်သားတဲ့သူတဲ့။ ဟုတ်တာပဲ…သူက ကိုယ့်နှလုံးသားကိုတောင် ရဲရဲဝံ့ဝံ့ ငုံ့ကြည့်အခြေမရှာရဲသူ။

ခွင့်လွှတ်ပါ မခရယ်၊ ငါက ပျော့ညံ့တဲ့သူပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၆)

"စိန်တစ်ပွင့်တည်းချည်းကို သိန်းနှစ်ဆယ်နီးပါးတန်တယ်၊ အလယ်က ပုလဲက ထိပ်တန်းပုလဲ၊ လက်စွပ်တစ်ကွင်းလုံးမှာ တပ်ထားတဲ့ စိန်နဲ့ ပုလဲရဲတန်ဖိုး တွက်ကြည့်ရင် ပလက်တီနမ်ဖိုးက ရယ်ချင်စရာ"

"တော်ရုံအချစ်တော့ မဟုတ်ဘူးနော်၊ လက်စွပ်တစ်ကွင်းထဲကို သိန်းရာချီတန်တာ"

"တော်ရုံချမ်းသာတာလည်း မဟုတ်လောက်ဘူးဆိုတာ ထည့်ပြောလေ၊ သိန်းထောင်ချီချမ်းသာရုံနဲ့ ဒီလောက်ပေးမလား"

"ဒါဆို သောင်းချီပြီးရှိတ ာလား၊ မြန်မာနိုင်ငံရဲ့ အချမ်း



www.burmeseclassic.com

www.burmeseclassic.com



သာဆုံး စာရင်းဝင်ထဲကလား"

"မိန်းမ…စိတ်ဝင်စားမနေနဲ့၊ ဟိုဘဲက သူ့မဒီမှ သူ့မဒီ ဟဲ့၊ ဘေးဘီတောင် မျက်လုံးဝေ့တာမဟုတ်ဘူး"

"အဲဒီကောင်မလေးလည်း ချောလိုက်တာဟယ်၊ အရုပ်လေး ချထားတဲ့အတိုင်းပဲ"

"အဲဒါကြောင့် ပွေ့ချီတော့မတတ်ဖြစ်နေတာ"

"ဟာ…ကျွစ်"

ဘီဘီက အခုပဲ နားထဲကြားယောင်လာတာကြောင့် မျက်ဝန်းစုံမှိတ်ပြီး ခေါင်းပါခါပစ်သည်။ တောက်…မြေမခပန်းက ဘယ်လိုကံထူးသူလဲ။ အရှုံးတွေကြားထဲမှာတောင် ပွေ့ယူကောက် ချီမည့်သူကို ဘီဘီက သူ့မရှေ့ပုံချပေးလိုက်သလို ဖြစ်သွားသည်။ ဘီဘီက မျက်လုံးပြန်ဖွင့်တော့ မရည်ရွယ်ဘဲ ကိုယ့်ဘယ်ဘက် လက်ဆီ အကြည့်ရောက်သွား၏။ ရွှေကွင်းလေးကိုလိမ်၍ စိန် တစ်ပွင့်တည်း ကလပ်လေးနှင့် ပင့်မြှောက်ထားသလိုရှိသော သူ့မ ရဲ့လက်ထပ်လက်စွပ်။ အော်ဒါပေးတုန်းက စိတ်တိုင်းကျအပ်ခဲ့ပေ မယ့် အခု မခ စိန်လက်စွပ်နှင့်ယှဉ်တော့ အလကားဖြစ်သွား၏။





"မေမေ"

ဘီဘီက ဘေးနားမှာထိုင်ပြီး တီဗီစီ အာရုံအပြည့်အဝ ရောက်နေသော မေမေ့ကို လှမ်းခေါ်ပေမယ့် ခေါင်းကျော်ဇောက ဘက်ကပြပြီး တီဗီပဲဆက်ကြည့်နေ၏။ ဘီဘီတို့ ကံဆိုးပုံများ ဂရုစိုက်မခံရတဲ့ ဘေးနားက အမေတောင် စိတ်ဝင်စားမခံရတဲ့ အဖြစ်။ ဘီဘီက သက်ပြင်းရှိုက်ရင်း မေမေကြည့်နေရာကို လိုက် ကြည့်သည်။ ပြည်တွင်းချန်နယ်(လ်)တစ်ခုက အင်တာဗျူးခန်း။

"ဒီရှော့ပင်းမော(လ်)ကြီးရဲ့ ဖွင့်ပွဲက တခြားရှော့ပင်း မော(လ်)တွေနဲ့မတူဘဲ ပြိုင်ပွဲလေးလုပ်မယ် သိရပါတယ်ရှင့်၊ အဲဒီ အကြောင်းအရာလေးကို ပရိသတ်သိအောင် ရှင်းပြပေးပါဦးလို့"

မေးကြားသူက အသက်ကြီးပိုင်း ယောက်ျားကြီးဖြစ်ကာ ဦးသော်ကဆိုပြီး စာတမ်းထိုးပေးထား၏။

"ပြိုင်ပွဲဆိုတာတော့ ပရိသတ်ကို ဒီရှော့ပင်းမော(လ်) ကြီးနဲ့ မိတ်ဆက်ပေးချင်တဲ့သဘောပါ၊ ရှော့ပင်းမော(လ်)ကြီးက ဆက်ဖြစ်ဖွင့်မှာပေမယ့် နာမည်မတပ်ရသေးပါဘူး။ ကျွန်တော်တို့ M.D မှာ ရွေးချယ်ထားတဲ့ နာမည်ရှိပေမယ့် ပရိသတ်က မှန်အောင်



www.burmeseclassic.com

www.burmeseclassic.com



ခန့်မှန်းပေးနိုင်လို့ M.D စိတ်ကူးနဲ့ တိုက်ဆိုင်မယ်ဆိုရင် အဲဒီ သိန်းရာချီတဲ့ ကွန်ဒိုတစ်ခန်း ချက်ချင်းဆုချမှာပါ''

''စိတ်ဝင်စားစရာ အစီအစဉ်လေးပါပဲ၊ သဲလွန်စ ပေးထားဦးမှာလားရှင့်''

''သဲလွန်စပေးထားမှာပါ၊ ရှော့ပင်းမော(လ်)ထဲဝင် နဲ့လည်း ကက်စတမ်မာတွေ ခန့်မှန်းလို့ရတဲ့ နိမိတ်ပုံလေး ပြထားမှာပါ''

''သဲလွန်စကို ဒီမှာ တီဗီကြည့်ပရိသတ်တွေသိအောင် ပြောပြပေးလို့ရမလားရှင့်''

ဘီဘီတောင် စိတ်ဝင်တစားဖြစ်သွားသည်။ ဒါမျိုး ခန့်မှန်း၍ မှန်ခဲ့ရင် ကွန်ဒိုတစ်ခန်းတဲ့။ မဆိုးလှ။ ဦးနှောက်လေး နည်းနည်းစားပေးရုံနှင့် ကွန်ဒိုတစ်ခန်းရလည်း နည်းလား။ ကိုယ် မကြည့်တဲ့ အန်တီယုတို့နဲ့ အတူနေစရာမလိုတော့ပြီ။ ယယ်ယုံး ကိုဆွဲပြီး ကွန်ဒိုမှာ အသင့်နေနိုင်သည်မှု

''နာမည်က လေးလုံးတွဲပါ၊ နူးညံ့သိမ်မွေ့ရမယ်၊ ပြီး ထည်ဝါရမယ်၊ ဒါပေမဲ့ ဖြူစင်ရိုးသားခြင်းလည်းရှိတဲ့





ဖြစ်ပါတယ်၊ အဖြေမှန်သူ တစ်ဦးထက်ပိုခဲ့ရင်လည်း ကွန်ဒို တစ်ခန်းစီပဲ ချီးမြှင့်မှာဖြစ်ပါတယ်''

ထိုအစီအစဉ်ပြီးတဲ့နောက်မှာ မေမေနှင့် ဘီဘီက စာရွက် တစ်ရွက်စီနှင့် ဘောပင်(န်)တစ်ချောင်းစီကိုင်ကာ ခေါင်းချင်းဆိုင် ပြီး နာမည်တွေရေးချသည်။

''ကိုယ့်ဟာကိုယ်ရွေးစမ်း ဘီဘီ၊ မေမေ့ထဲက လာကူး မချနဲ့၊ မေမေမှန်ရင် မေမေ တစ်ခန်း''

အရေးထဲ အခန်းလာလုနေသော မေမေ့အား ဘီဘီက မျက်စောင်းရွယ်သည်။

''ဘီဘီမှန်ခဲ့ရင်လည်း မေမေ လာမနေနဲ့''

''မနေပါဘူး၊ ညည်းသာ မှန်ပါစေ''

''မေမေလည်း မှန်ပါစေ''

သားအမိနှစ်ယောက် ပွစိစိနှင့် ရေရွတ်စောင်းမြောင်းရင်း နာမည်လေးလုံးကိုချရေးတာ မိုးလင်းလုနီးပါး။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"မင်းအတွက် မွေးနေ့လက်ဆောင်ပေးမလို့"

ခေါ်လာခဲ့တာက ဒီနေ့မှဖွင့်သော ရှော့ပင်းမော(လ်)ကြီးဆီ။ အဝင်ဝမှာကတည်းက အဖြူရောင်ပန်းပွင့်လှလှကြီးတွေက မျက်နှာကြက်တွေ ဘေးနံရံတွေမှာ ကပ်ထားပေးတာတစ်မျိုး၊ တွဲလောင်းကျနေတာတစ်မျိုးနှင့် လှလှပပရှိတာ ရင်သပ်ရှုမောစရာပါ။ အဝင်ဝမှာ လှူတိုင်းကို ကတ်လေးတစ်ကတ်ဆီပေးပြီး ခန့်မှန်းထားသောအမည်ရယ်၊ ကိုယ့်အမည်နှင့် ကိုယ့်လိပ်စာပါ ဖြည့်ကြသည်။

"မခလည်း ဝင်ပြိုင်မယ်"

ဝိုး:မိုး:ဝ၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



တန်းစီရပ်ရန် ရည်ရွယ်ပေမယ့် မရပ်ဖြစ်ခဲ့။

"မင်းနဲ့မဆိုင်ပါဘူး၊ မင်းနဲ့ဆိုင်တာ ကိုယ်ပြမယ်…လာ"

အခန်းကျယ်ကြီးတစ်ခုစီ။ တစ်ခန်းလုံး အပြာရောင်မှန်ချပ်ကြီးတွေ အပြည့်ရှိကာ မခက အခန်းအလယ်ရှိ ဆိုဖာထိုင်ခုံရှည်မှာ နေရာချထားပေးပြီး ရှေ့စားပွဲမှာ သစ်သီးစုံပန်းကန်လေးကို ချထားသည်။

"အဆာပြေစားထားနှင့်၊ ကိုယ် ခဏနေပြန်လာခဲ့မယ်"

သူက မခနဲ့ပတ်သက်ရင် အမြဲတမ်း ထူးဆန်းခြင်းတွေသာ မဲထားတတ်တာမို့ သူပြောတဲ့အတိုင်း ခဏစောင့်နေဖို့သာ စိတ်ကူးထားပါသည်။ ကြာတော့ ပျင်းလာတာနှင့် ဟိုဟိုဒီဒီကြည့်ရန် ထိုင်ရာမှအထ ဒိန်းခနဲမြည်သံနှင့်အတူ နံရံကမှန်ချပ်တွေမှာ မီးပန်းပွားတွေလို အရောင်တွေထွက်လာ၏။

"ဟေး"

အော်လိုက်သံတွေက အကျယ်ကြီး။ မခက အခန်းပတ်လည်အား ခေါင်းတစ်ခုလုံး ချာချာလည်အောင် လိုက်ကြည့်ရင်းက ထူးဆန်းအံ့ဩခြင်းတွေနှင့်အတူ လက်ဖျားခြေဖျားတွေ အေးစက်





သွားရသည်။ ထိုအခိုက်မှာပဲ တီဗီဖန်သားပြင်ချပ်ကြီးတွေမှ ဒိန်းခနဲ
ဒိန်းခနဲမြည်သံနှင့်အတူ။ 'မြေ··မ··ခ··ပန်း' ဆိုသည့် စာလုံးတွေ
တစ်လုံးစီပေါ်လာပြီးတဲ့နောက်မှာ ဟေးခနဲအော်သံကျယ်ကြီးတွေ
နှင့်အတူ ကင်မရာရိုက်ချက် ပြောင်းသွားခဲ့သည်။ ခန်းမကျယ်
ကြီးထဲက လူပရိသတ်များစွာ။ ပြီးတော့ နံရံတွေ မျက်နှာကျက်
တွေမှ အဖြူရောင်ပွင့်ချပ်ကားကြီးများနှင့်အတူ မီးရောင်စုံလင်းဖြာ
နေသည့် စတိတ်စင်ပေါ် နာမည်ကြီး ပရင်စင်(န်)တာတနစ်ဦး။

"မင်္ဂလာပါရှင်"

"မင်္ဂလာပါခင်ဗျာ…အခု ကျွန်တော်တို့ စောင့်မျှော်နေ
တဲ့ ရှော့ပင်းမောနာမည်ကြီး ပေါ်ထွက်ခဲ့ပါပြီ၊ ထူးခြားဆန်းပြားပြီး
ညည်ဝါမှုရှိရမယ်၊ ဒါပေမဲ့ ရိုးသားဖြူစင်တဲ့ မြေကြီးကို ကိုယ်စားပြု
တဲ့ နူးညံ့ခြင်းအမည်က မြေမခပန်းဖြစ်ပါတယ်၊ ဒီအမည် ရွေးချယ်
ပေးတဲ့ ကျွန်တော်တို့ရဲ့ MD ဦးမင်းမိန့်အား မြေမခပန်းအကြောင်း
ရှင်းလင်းပြောကြားပေးပါရန် ဖိတ်ကြားအပ်ပါသည်ခင်ဗျား"

နားထဲမှာ လက်ခုပ်သံတွေကြားနေရပေမယ့် ကျယ်လောင်
စွာ မြည်ဟီးနေသော မခ ရင်ခုန်သံတွေကို မီမယ်မထင်။ မခ



www.burmeseclassic.com

www.burmeseclassic.com



က အသက်ရှူရင်း ဝိညာဉ်နုတ်ခံရတဲ့သူလို။ မှန်သားပြင်ကို တ
တမော ငေးကြည့်နေမိ၏။

"မင်းအတွက် မွေးနေ့လက်ဆောင်ပေးမလို့"

နှားထဲမှာ သူ့အသံကိုသာ ထပ်တလဲလဲ ကြားယောင်
မိသည်။

"Happy Birthday...မြေမခယန်း"

မှန်သားပြင်ပေါ် သူ့အသွင် ပေါ်လာခဲ့သည်။ အဖြူ
ရှပ်ပေါ်က ဝေ့စ်ကုတ်အနက်ထပ်ဝတ်ကာ ဆံပင်တွေအား
နောက်ပြန်စည်းထားသော သူ့အား မခက မမြင်ဖူးတဲ့သူလို စိ
ကြည့်သည်။ မျက်တောင်မခတ် ကြည့်နေပေမယ့် နှလုံးသား
တော့ သူ့စိမ်းမဆန်ဘဲ စည်းချက်ညီညီ လှုပ်ရှားနေတာက အပြ
လကာခုပ်သံများနှင့်အပြိုင်။

"မြေမခယန်းဆိုတာ ကျွန်တော့်ဘဝမှာ တန်ဖိုးအထား
နဲ့ အမျှော်လင့်ရဆုံး ပန်းကလေးပါ"

"ဆေး...ပေး...ပေး"

လူအများက သဘောတကျ အော်ဟစ်အားပေးသည်





"ဒီနေ့က သူမွေးနေ့မို့ ဒီမြေမခယန်း ရှောပင်းမောကြီးကို
သူ့အတွက် ဘတ်ဒေးပရဲဆင့် ပေးအပ်မှာဖြစ်ပါတယ်၊ မခ..."

သူက ကင်မရာကိုစိုက်ကြည့်ပြီးခေါ်တော့ မခက ယောင်
လျက်..။

"ရှင်"

ခနဲထူးမိတဲ့အထိ။ သူက မခ နှလုံးသား ဟိုးအတွင်းပိုင်း
အထိ ထိုးဖောက်ဝင်ရောက်မည့် အကြည့်နက်များနှင့် စိုက်ကြည့်
သည်။

"မင်းအချစ်နဲ့ ကိုယ် သင့်မြတ်ချင်ပြီ မခ"

ပါးပြင်တွေ ထူပူဖိန်းရှိန်းသွားကာ မခက မျက်နှာလွှဲပစ်
ပေမယ့် သူ့ချစ်ခွင့်ပန်ခြင်းစက်ကွင်းမှ မလွတ်မြောက်နိုင်ဘဲ ဘယ်
နေရာကြည့်ကြည့် မြင်နေရ၏။

"မင်းရဲ့ စူပါမင်းကို မရက်စက်နဲ့နော်"

ထိုနောက်ဆုံးစကားကြောင့် မခမှာ ရှက်သွေးဖြာနေသည့်
ကြားမှ အသံထွက်အောင် ရယ်မောမိရှိန်မှာပဲ တစ်ခန်းလုံး မှောင်
အတိ ကျသွားသည်။ အလင်းထဲမှ အမှောင်ပြောင်းသွားတဲ့အခိုက်



www.burmeseclassic.com

www.burmeseclassic.com



အတန့်မှာပဲ မခ အနားသို့ နွေးထွေးမွှေးပျံ့သော ပန်းရနံ့က ချိုမွှေးစွာ ရောက်လာ၏။

"ပြန်ချစ်ပါတော့ မခ ရယ်"

ကြည့်စမ်း။ အပြာရောင် မီးပွင့်လေးထဲမှာ သူတစ်ယောက်တည်း ရပ်နေသည်။ မခ ရှိရာသို့ လှမ်းလာတိုင်း မီးပွင့်လေးက တရွေ့ရွေ့။

"မခ…"

"ဟို မခ၊ ဒီရှော့ပင်းမောကြီးကို မယူဘူး"

ရှက်စိတ်နှင့်အတူ ငြင်းဆန်လိုစိတ်က ကသောကမျော ထွက်ကျသွားသည်။ သူက မခ ရှေ့မှာရပ်တော့ ထုံးစံအတိုင်း မခကပဲ မော့ကြည့်ရကာ ရီဝေရွှန်းလဲ့သော သူ့အကြည့်တွေနဲ့လည်း ကြာကြာရင်မဆိုင်ရဲချေ။

"မခ‥ပြန်တော့မယ်"

"မရဘူး"

သူက ရှေ့မှ ပိတ်ရပ်ထားသည်။

"အားလုံး လူသိရှင်ကြား ကြော်ငြာပြီးသား မခ၊ ရုပ်ပါမင်းကို မရက်စက်နဲ့လို့လဲ ပြောထားပြီးသား"

"ဒါနဲ့ပဲ မခဆီက လွယ်လွယ် ခေါင်းညိတ်ရတော့မှာလား"

"ခေါင်းမညိတ်ချင်လည်း ရပါတယ်၊ ခေါင်းမခါရင်ပြီးတာပဲ"

"ခေါင်းမညိတ် ခေါင်းမခါဘဲ မခက ဘာလုပ်ရမှာလဲ"

"မျက်လုံးမှိတ်ပြီးနေ"

"မျက်လုံးမှိတ်နိုင်းပြီး ဘာလုပ်မလို့လဲ"

"နမ်း…မ…လို့"

"ဘာ"

မခက မျက်လုံးပြူးပြီး လက်သီးနှင့်ရွယ်တော့ သူက ထိုလက်သီးဆုပ်လေးကို ဖမ်းဆွဲပြီး ရင်ခွင်မှာအပ်သည်။

"တကယ်ချစ်တယ်၊ ဘယ်တော့မှ မပြောင်းလဲတဲ့အချစ်နဲ့ ချစ်မယ်၊ ဘယ်သူ့ကိုမှ ထပ်မချစ်တော့တဲ့အချစ်နဲ့ ချစ်မယ်၊ ပြီးတော့ ဘယ်သူ့ကိုမှ မနမ်းတဲ့…"

"ဟွန်း‥မခ အဖြေမပေးရသေးဘူးနော်"







www.burmeseclassic.com

www.burmeseclassic.com



"မဖြေလည်း သိပြီးပြီ၊ မခ မျက်လုံးတွေက ပြောနေတယ်၊ မိန့်ကို သိပ်ချစ်တာပဲတဲ့"

ထိုအခိုက်မျှာပဲ တစ်ပွင့်တည်းသော မီးပွင့်လေး ဝိတ်ကျသွားကာ တစ်ခန်းလုံးမှောင်အတိကျသွားကာ...

"ဟာ..သွားပြီ၊ ဘာမှ မမြင်ရတော့ဘူး"

"ရှိမှတ်ရှာလေ...ပြန်ဖွင့်"

အခန်းထောင့်တစ်နေရာက တီးတိုးစကားသံတွေကြောင့် မခက မျက်လုံးအဝိုင်းသားနှင့် အမှောင်ထဲလိုက်ရှာသည်။

"ရှိမှတ်က ငါ့လက်ထဲမှာ"

မိန့်က အမှောင်ထဲမှ ဖေကြီးတို့ကြားအောင် အော်သည်၊

"လာ...ကိုယ် ဖက်ထားမယ်"

"မလိုပါဘူး လွှတ်ပါ. မိန့်ရဲ့၊ မြင်သွားလိမ့်မယ်"

"မှောင်နေတာ ဘာမှမမြင်ရဘူး၊ လွှတ်စေချင်ရင် ချစ်တယ်လို့ပြော"

"မပြောဘူး"

"မပြောရင် မလွှတ်ဘူး"





သိမ်းကျုံးပွေ့ဖက်ခြင်းထဲမှာ သူမက မလူးမလွန့်သာ ရှိရင်းက တမ်းတမြတ်နိုးခြင်းများစွာဖြင့် ဖြန့်ခင်းသော အနမ်းဇာပဝါ ပါးသည် မခ မျက်နှာအနှံ့မှာ ခပ်ဖွဖွတင်ကျန်ရစ်သည်။

ဒီရင်ခွင်က မခအတွက် အလုံခြုံဆုံး နိုလှုံရာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ထင်မထားဘူး၊ ကြည့်စမ်း၊ မြေမခယန်းတို့က ငါတို့ကို အလဲထိုးပစ်တာ၊ ရွှေပင်းမောတစ်ခုလုံးကို မွှေးနေ့လက်ဆောင် ပေးသတဲ့၊ ရက်ရောတာလား၊ ချမ်းသာလွန်းတာလား၊ ဟွန်း… မိဘလည်း မရှိတော့ဘူးတဲ့၊ အမွေတွေ သိန်းများစွာကျန်ခဲ့တာတဲ့၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေတောင် ရှိတယ်ဆိုပဲ၊ ဘယ်နှယ့်ဘီဘီး ညည်းဆင်လိုက်တာက တကယ့်မင်းလောင်းရှေ့ မခကို ပစ်ချပေး လိုက်သလို ဖြစ်သွားပြီပေါ့"

မေမေ ပြောနေတာ တစ်ခုမှ နားထဲမဝင်။ ဘီဘီက ရွှေပင်းမောကြီးရဲ့ဆိုင်းဘုတ်မှာ LED မီးပွင့်များနှင့် စာတမ်းရေး



www.burmeseclassic.com

www.burmeseclassic.com

ထားသော 'ဖြမြမခယန်း' ဆိုတာကို မော့ကြည့်ပြီး ရင်ထဲ တဆစ်ဆစ်နာလာရသည်။

မင်းမိန့်ရဲ့ ချမ်းသာကြွယ်ဝမှုက မြင်းမိုရ်တောင်ဆိုလျှင် ယံယံက ဆီးစေ့သာသာရှိသော ပစ္စည်းဥစ္စာလောက်နှင့်။ ဘီဘီက မြေမခယန်း ကောင်းစားရေးအတွက် လမ်းကြောင်းခင်းပေးခဲ့တဲ့သူ အဖြစ်လား။ အတိတ်အကြောင်း ပြန်တွေးတဲ့အခါ။ မင်းမိန့်နှင့် နီးစပ်အောင် လုပ်ပေးခဲ့သော သူမအဖြစ်တွေက ဆူးချွန်တွေအလား ခန္ဓာကိုယ်အနှံ့အပြားကို တဆစ်ဆစ်ထိုးဆောင့်လာခဲ့သည်။

"ငါတို့ကိုက အမြင်မကျယ်တာပါ၊ လေ့လာရမယ်၊ ရှာရဖွေရမှာ၊ အခုတော့ ရွှေမင်းသားထင်တဲ့ဟာက ဒါမျိုးနဲ့ယှဉ်တော့ ရွှေမင်းသားနောက်လိုက်လောက်တောင် အဆင့်မရှိတော့ပါလား"

"ကဲ…တော်ပါတော့ မမေရာ"

ခေါင်းထဲ ရှုပ်ထွေးကာ နားထဲမှ လေတွေ တဝီဝီထွက်နေသလို ခံစားရသည်။ များပြားလှသော ကားတန်းကြီးကိုဖြတ်ကူးပြီးမှ တက္ကစီဂိတ်ထံရောက်မည်။ အမြင်အာရုံတွေမိုက်ခနဲ ဖြစ်သွားရတာလည်း သူမ သတိထားမိနေသည်။ နားထဲ ရယ်သံတွေလိုလို။





လူကို လက်ညှိုးထိုး ဟားတိုက်နေသော မျက်နှာကြီးတွေ နီးလာလိုက် ဝေးသွားလိုက်။ လက်ခုပ်သံတွေ၊ ဟေးခနဲ ဟားခနဲ အော်သံတွေကြားထဲ ကိုယ့်ရှေ့မှာ မီးလုံးကြီးတွေ တစ်လုံးပြီးတစ်လုံး ပေါက်ကွဲသွားသလို မြင်ရသည်။

"တီ"

ဟွန်းသံ စူးရှရှ။

"ဘီဘီ..ရှေ့မှာ ကား"

မေမေ့အော်သံကြောင့် နောက်သို့ ခြေတစ်လှမ်းဆုတ်မိသည်။

"တီ…ဝေါ"

ဟွန်းသံနှင့်အတူ သူမထံ ဝေါခနဲဝင်လာတဲ့ ကားဦးခေါင်းကြီး။ ဘီဘီ ကြောက်လန့်တကြား မျက်လုံးစုံမှိတ်ကာ အားခနဲ အော်ခြင်းသည် နောက်ဆုံးသိသော အသိဖြစ်သည်။

"ဒုံး"

"အမယ်လေး…ငါ့သမီးလေး သေပါပြီ"

မေမေ့အော်သံလည်း ကြားရသည်။ ဒါပေမဲ့ ဘီဘီ့ မျက်



www.burmeseclassic.com

www.burmeseclassic.com



လုံးထဲ နောက်ဆုံးအနေဖြင့် မြင်ယောင်သွားခဲ့တာက LED မီးသီးများနှင့် အလှဆင်ထားသော မြေမခပန်း ဆိုင်းဘုတ်ကြီးမှာပဲ အကြည့်စူးစိုက်လျက် အမှောင်အတိ ကျသွား၏။

■ ■ ■



BURMESE CLASSIC .com

## အခန်း (၂၄)

"ငါ့နာမည် မြေ..မ..ခ..ပန်း၊ ဟုတ်တယ်၊ မြေပေါ် မကြွေတဲ့ပန်းလေ၊ ဒီတော့ အမြင့်ကြီးမှာပဲ ပေါက်တာပေါ့၊ ဟမ်.. ဘယ်လို၊ ဟုတ်တာပေါ့၊ ငါက ဒီရှော့ပင်းမောကြီးကို ပိုင်တဲ့သူ၊ ငါ့ရည်းစားကလား၊ အင်း..သူ့နာမည်က မင်းမိုးယံတဲ့၊ ဟား..ဟား မင်းနဲ့ မိုးယံကို ပေါင်းထားတာ၊ အမယ်လေး...နင့်ကို မကြိုက်ဘူး၊ စိတ်ချ သူက မြေမခပန်းမှ မြေမခပန်း"

မခသည် သံတိုင်တွေကာထားသည့် အတွင်းခန်းထဲမှာ သနပ်ခါးပါးကွက်ကြားမှာ ဆံပင်က အတိုညှပ်ထားသည့် ဘိဘိုကို ကြည့်ပြီး စိတ်မကောင်းစွာ မျက်ရည်ဝဲလာခဲ့သည်။ ကိုယ့်ကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com



မတရားဘူးဟုလည်း ထင်လာခဲ့သည်။ မခက ရှေ့ပင်းမောကြီးထဲ ရှိနေချိန်တွင် ဘီဘီတစ်ယောက် ကားတိုက်ခံရသည်တဲ့။ မိန့်နှင့် အတူ နေ့လယ်စာစားချိန်မျှ မေမေဖုန်းဆက်၍ မခ သိရခြင်းဖြစ် သည်။

"သနားပါတယ် သမီးရယ်၊ ကျော်ဆိုတာလည်း ပရှာ ခြေလှူးပဲ၊ သူ့မျက်စိရှေ့မှာတင် သူ့သမီးကို ကားတိုက်ခံလိုက်တာ ဆိုတော့ ဘယ်မအေမျိုးက စိတ်နိုင်နိုင်မှာလဲ၊ သမီးကိစ္စပြီးရင် လိုက်လာခဲ့ပါလား၊ လိုက်လာခဲ့ပါလား၊ ဆေးရုံမှာ"

နာမည်ကြီး အပြင်ဆေးခန်းတစ်ခုရဲ့လိပ်စာကို မေမေ ရွတ် ပြ၍ မခ ရောက်သွားချိန်မှာ ဘီဘီက အောက်စီဂျင်ပိုက်တွေ၊ သွေးသွင်းပိုက်တွေ ရှုပ်ယှက်ခတ်နေကာ သတိ ပြန်မလည်လာတာ ရက်ပေါင်းတော်တော် ကြာပါသည်။ သတိ ပြန်ရလာတော့လည်း သူမကိုယ်သူမ မြေမခပန်းဟု တွင်တွင်ပြောနေ၏။

"မိုးနဲ့စတဲ့လူက ငါ့ကိုမချစ်ဘူး၊ မင်းမိန့်က ချစ်တတ်တဲ့ သူ၊ အဲဒါကြောင့် ငါ့ရည်စားနာမည်က မိုးမင်းမိန့်"

"အဲဒီစကားပဲ သူ ထပ်တလဲလဲပြောနေတာလေ"



BURMESE CLASSIC .com



"ဆံပင်တွေကရော ဘယ်လိုဖြစ်သွားလဲ ဆရာမ"

ကြွက်ကိုက်ထားသလို အတိုအရှည်မညီတဲ့ ဆံပင်တွေကို ကြည့်ပြီး မခက နာ့စ်ကိုမေးသည်။

"သူ့ဟာသူ ဆွဲညှပ်ပစ်တာလေ၊ ထမင်းစားချိန် ကျကွဲတဲ့ ဖန်ကွဲစကို ဖုက်ယူပြီး သူ့ဆံပင်ကို ဖြတ်ထားတာလေ၊ မြေမခပန်း ဆိုတာ ဆံပင်အတိုနဲ့တဲ့"

ဒီတစ်ကြိမ်တော့ ဝေ့သီလာတဲ့မျက်ရည်တွေကို မခ ထိန်းမထားနိုင်တော့။ ပါးပြင်ပေါ် စီးကျတဲ့မျက်ရည်တွေကို မခ က လက်ဖနောင့်နှင့် ပွတ်ဆွဲသုတ်သည်။

"ဟိတ်...မင်း"

"ကို"

အနားသို့ရောက်လာတဲ့ မိန့်က မခ ပါးပြင်ပေါ်က မျက် ရည်တွေကို လက်မနဲ့ ဖွဖွပွတ်ဆွဲ သုတ်ပေးသည်။

"အဲဒါကြောင့် ကိုက မလိုက်နဲ့ပြောတာ၊ ခရီးကဝေးတော့ ပင်ပန်းတယ်၊ စိတ်မကောင်းစရာတွေ တွေ့တော့ ငိုမိမယ်လေ"

"မခ...ဘီဘီ့ကိုသနားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းနဲ့ နှုတ်ခမ်းလေး မဲ့ကွေးကာ အငိုခနဲ ရှိုက်သည့် မခကြောင့် အနားမှာရာစ်ရှိနေတာကိုလည်း မိန့်ဂရုမစိုက်နိုင်တော့။ မခ မျက်နှာကို ရင်ဘတ်နှင့် ဆွဲအပ်သည်။

"တော်ပြီ…အဲဒီမျက်ရည်တွေ မမြင်ချင်ဘူးလို့ပြောထားတာကို မငိုနဲ့တော့၊ ဘီဘီက ဆေးမှန်မှန်သောက်ပြီး သူ့စိတ်ငြိမ်လာတဲ့အခါကျရင် စိတ်လေ့ကျင့်ခန်းတွေ မှန်မှန်လုပ်ပေးရမယ်တဲ့"

မိန့်က ချစ်ရသူလေးရဲ့ ဆံပင်တွေကို ခပ်ဖွဖွဆွဲဖွ၏။

"အင်း…သူ့အတိတ်ကို မှတ်မိစေမယ့်အကြောင်းမျိုးတွေပေါ့၊ အချိန်တော့ ယူရမယ်၊ ဒါပေမဲ့ ကောင်းလာဖို့ မျှော်လင့်ချက်တွေ အများကြီးရှိတယ်တဲ့၊ အဲဒါကြောင့် စိတ်မပူနဲ့တော့"

ကိုက ရှင်းပြရင်းကပင် မခ ကို ပခုံးနှစ်ဖက်မှ ဖေးကူဖက်ရင်း ဆေးရုံပြင်ပသို ဆွဲခေါ်ခဲ့သည်။

"ကိုယ် ဆရာဝန်ကြီးနဲ့ ဝင်တွေ့ပြီးပြီ၊ လိုအပ်တာတွေလည်း စီစဉ်ပေးခဲ့ပါတယ်၊ ဘာအကြောင်းပဲရှိရှိ ကိုယ်တို့ဆီဖုန်းခေါ်ဖို့ပြောထားတယ်၊ ဒါပေမဲ့ မခက ကိုယ့်ကို ကတိတစ်ခုပေး





မယ်"

"ဘာ ကတိလဲ"

"ကိုယ်နဲ့ပဲ ဒီကိုလာရမယ်"

မခ အပေါ် အရာရာ ပူပင်ကြောင့်ကြလွန်းတဲ့ကိုယ်ကို ခေါင်းညိတ်ပြီး ကတိပေးသည်။ ထို့နောက် ကို ဖွင့်ပေးသည့် ကားထဲ ဝင်မထိုင်ခင် မခက ဆေးရုံဝင်းထဲ ဟိုဟိုဒီဒီ ခေါင်းငဲ့ရှာသည်။

"ဘာလဲ…မခ ဘာဖြစ်လို့လဲ"

"ဟင့်အင်း…မခ စိတ်ထဲ တစ်မျိုးကြီးမို့လို့၊ ဘာမှမဖြစ်ပါဘူး ကိုရဲ့၊ စိုးရိမ်မနေပါနဲ့"

မခကို ကားထဲထည့်ပေးပြီးမှ မိန့်က ကားခေါင်းမှတစ်ဖက် မောင်းသူဘက် ဝင်ထိုင်သည်။ ငွေမှင်ရောင် ဒယ်ဘယ်လ်ကားကြီးက ဆေးရုံဝင်းအတွင်းမှ တအိအိထွက်ခွာသွားချိန်မှာ သစ်ပင်စည်ကြီး အကွယ်မှ ထွက်လာက ထိုကားကြီးကို မျက်စေ့တစ်ဆုံး ဆွေးဆွေးမြေ့မြေ့ကြည့်သည်။

အချစ်ကို အရင်ဆုံး ပိုင်ဆိုင်ခွင့်ရခဲ့သည်။ သူမကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး ချစ်ခွင့်ရရဲ့သားနဲ့ အချစ်ဆုံးဖြစ်ခွင့်မရတဲ့ဘဝမှာ သူမိုးယံက တစ်ယောက်တည်း ကျန်ရစ်လျက်…။

ဖူးစာဆိုတာ တကယ်တမ်းတော့ ချစ်တတ်ပုံချင်း ကွာခြားသဖြင့် ဦးထုလှ မဖြစ်တာတွေလည်း ရှိတတ်သည်။

BURMESE CLASSIC .com

နှလုံးခိုက်ဝမ်း ငြိမ်းချမ်းပါစေ

ရွှေအာဂုလီ

နိုးနိုးစာပေ

www.burmeseclassic.com